# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာစွာနေရ၏**

အနိုင်ရသူသည် ရန်ကိုပွားစေ၏။
ရှုံးသောသူသည် ဆင်းရဲစွာနေရ၏။
(ကိလေသာ) ငြိမ်းပြီးသောသူသည် အနိုင်
အရှုံးကို စွန့်၍ ချမ်းသာစွာနေရ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၁၁၆)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၃၀ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၃၈)


# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

## ကျောင်းအပ်နှံရေးစီမံချက်အပြင် ပညာရေးဝန်ကြီးဌာနမှ မူဝါဒ (၈)ခုကို ရက် ၁၀၀ စီမံချက်အဖြစ် ဆောင်ရွက်မည်




တွေ့ဆုံမေးမြန်း-မေဦးမိုး၊ ဇူလိုင်မိုး စာ-၁၆၊ ၁၇




ပြင်ဦးလွင်ရှိ ပိတ်ချင်းမြောင်လိုဏ်ဂူကို လာရောက်လည်ပတ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်

# ပြင်ဦးလွင် ပိတ်ချင်းမြောင်လိုဏ်ဂူ လေဝင်ပေါက် ဖောက်လုပ်နေပြီ

**သက်နိုင်(ပြင်ဦးလွင်)**

**ပြင်ဦးလွင် မေ ၂၉**

ပြင်ဦးလွင်မြို့ ပိတ်ချင်းမြောင်မဟာနန္ဒမူလိုဏ်ဂူတော်တွင် ယခင်က ဖောက်လုပ်ထားခဲ့သော လေဝင်ပေါက် အကျယ် သုံးလက်မအစား ထပ်မံချဲ့ထွင်သည့်အနေဖြင့် ရှစ်လက်မအထိ တိုးချဲ့ဖောက်လုပ်မည်ဖြစ်ရာ မေ ၂၉ ရက်တွင် ခြောက်လက်မအထိ ဖောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း ဘုရားဂေါပကအတွင်းရေးမှူး ဦးဟန်ငြိမ်း၏ ပြောပြချက်အရ သိရသည်။

ထပ်မံချဲ့ထွင်ဖောက်လုပ်သည့်လုပ်ငန်းကို ဧပြီ ၂၂ ရက်တွင် စတင်ခဲ့ပြီး ဖောက်လုပ်ခ လုပ်အားခနှုန်းတစ်ပေလျှင် ငွေကျပ် ခုနစ်သောင်းရှိကြောင်းနှင့် ဂူ၏မျက်နှာကြက်မှ အပေါ်ဂူဆုံးအထိ ၁၂၅ ပေကျော်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြင်ဦးလွင်ရှိ ပိတ်ချင်းမြောင်ဂူသည် ဂူအဝင်ဝမှ လက်ရှိဂူအဆုံးအထိ ၁၆၀၈ ပေရှည်လျားပြီး အခါကြီးရက်ကြီး လူစည်ကားသည့်ရက်များတွင် လာရောက်သူများပြားသောကြောင့် မွန်းကျပ်ခြင်း၊ မသက်ရှုမဝခြင်းတို့ ဖြစ်ပေါ်နေသောကြောင့် ယခုကဲ့သို့ လေဝင်ပေါက်ကို တိုးချဲ့ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

လေဝင်ပေါက်ကို ရှစ်လက်မအထိ အောင်မြင်စွာဖောက်လုပ်ပြီးစီးသွားပါက ယခုလက်ရှိ ၁၆၀၈ ပေထက်ပို၍ သွားရောက်နိုင်သော ဂူအတွင်းနေရာများကို လာရောက်ကြည့်သူများအနေဖြင့် ရှိခြင်း၊


*စာမျက်နှာ ၉ ကော်လံ ၂* ◆


# အိန္ဒိယ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်မှု ကန်ဒေါ်လာ ၁၂၁ ဒသမ ၈ သန်း ကုန်ကျမည်



**ဘားအံ မေ ၂၉**

ကရင်ပြည်နယ်အတွင်း မဟာမဲခေါင်ဒေသခွဲ၏ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းအဖြစ် ၄၁ ဒသမ ၂၅ မိုင်ခန့် (၆၆ ဒသမ ၄ ကီလိုမီတာ)ရှိသော အိန္ဒိယ-ကော့ကရိတ်လမ်းပိုင်းကို အာဆီယံ စံချိန် စံနှုန်းအဆင့်(၂)နှင့်အညီ ယာဉ်အမျိုးမျိုးအတွက်သင့်လျော်သော လမ်းအကျယ် ၅ ဒသမ ၅ မီတာရှိ နှစ်လမ်းသွားလမ်းမကြီးကို ယခုနှစ် စက်တင်ဘာလမှစတင်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းပြီးစီးအောင် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လျာထားရာ အကြိုလုပ်ငန်းများ ယခုလအတွင်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အကြိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ် မေ ၂၃ ရက်မှ စတင်၍ NGO/CSO အဖွဲ့များနှင့် အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သတင်းအဖွဲ့များ၊ မီဒီယာအဖွဲ့များ၊ မြို့နယ်ဖွံ့ဖြိုးရေးအဖွဲ့များနှင့်တွေ့ဆုံခြင်း၊ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင် ဒေသခံပြည်သူများနှင့်တွေ့ဆုံခြင်းများ ဆောင်ရွက်လျက်ရှိပြီး လမ်းနယ်နှင့်မလွတ်ကင်းသည့်


*စာမျက်နှာ ၉ ကော်လံ ၂* ✻



KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အလုပ်လုပ်နိုင်သော လုပ်အားရှင်များအား ကျွမ်းကျင်အလုပ်သမားအဖြစ် ပျိုးထောင်

မြန်မာနိုင်ငံ လူဦးရေ၏ ၆၇ ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သော အရွယ်များဖြစ်ရာ လူသားအရင်းအမြစ် အခြေအနေကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော် ရှိသည့်အနက် အလုပ်လုပ်နိုင်သူ ၃၂ သန်းကျော် ရှိသည်။ သို့ရာတွင် အလုပ်လုပ် နိုင်သူများ၏ ၈၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး သက်ဆိုင်ရာ လယ်ယာကုန်ထုတ် လုပ်ငန်းများတွင်ပင် ကျွမ်းကျင်မှုအဆင့်မရှိကြကြောင်း သတင်းများက ဆိုထားကြသည်။


ကျွမ်းကျင်အလုပ်သမားဆိုသည်မှာ လုပ်ငန်းတစ်ခုကို အထူးကျွမ်းကျင်စွာလုပ်ကိုင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးထားသည့် အလုပ်သမားများဖြစ်ကြသည်။ ကျွမ်းကျင်အလုပ်သမားဟုဆိုရာတွင် ဆေးဝန်ထမ်းများ၊ ဆရာဝန်များ၊ စာရင်းကိုင်များ၊ ရှေ့နေများ၊ ဆော့ဖ်ဝဲ ဒီဇယ်လေ့ပါများ အစရှိသည့် ကော်လာဖြူအလုပ်သမား (White collar Workers) များရော စက်ပြင်၊ စက်မောင်း၊ ယန္တရားမောင်း၊ ပိုက်ပြင်၊ ပိုက်ဆက်၊ သံချည်သံကွေး၊ သံဂဟေ၊ ဆောက်လုပ်ရေး အစရှိသည့် ကော်လာပြာအလုပ်သမား (Blue collar Workers) များပါ ပါဝင်သည်။ မိမိတို့နိုင်ငံ၏ လူသားအရင်းအမြစ်ကို ကျွမ်းကျင်အလုပ်သမားများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကို ပိုင်ဆိုင်လာနိုင်မည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက ဂျပန်နိုင်ငံမှ ပြည်ပအလုပ်အကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သော ဂျက်ထရို၏ သုတေသနပြုမှုတစ်ခုတွင် အာရှ-ပစိဖိတ်နိုင်ငံ ၁၉ ခုအနက် မြန်မာနိုင်ငံရှိ အလုပ်ရုံ အလုပ်သမားတစ်ဦး၏ နှစ်ပတ်လည် ပျမ်းမျှလုပ်ခမှာ အနိမ့်ဆုံးဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် ထိုင်းထက် ခြောက်ဆကျော်ခန့် လျော့နည်းနေပြီး ကမ္ဘောဒီးယားထက် ရာခိုင်နှုန်း ၃၀ ခန့် လျော့နည်းကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် လုပ်ခအနည်းဆုံးဖြစ်နေသည့် အခြေအနေက နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ကောင်းဆွဲဆောင်နိုင်မည်ဖြစ်သော်လည်း မိမိနိုင်ငံအတွင်းမှ ကျွမ်းကျင် အလုပ်သမားများကို ပြည်ပသို့ ထွက်ခွာသွားစေမည့် တွန်းအားလည်း ဖြစ်နိုင်ကြောင်း သတိပြုရမည်ဖြစ်သည်။

ထို့အပြင် ကျွမ်းကျင်မှုမရှိသော အလုပ်သမားများနှင့် တစ်စိတ်တစ်ပိုင်း ကျွမ်းကျင်သော အလုပ်သမားများကလည်း ရေရှည်တွင် လုပ်ငန်းတိုးချဲ့နိုင်စွမ်းကင်းမဲ့ခြင်းကြောင့် ပြည်ပမှ ကျွမ်းကျင်အလုပ်သမားများ ပြည်တွင်းသို့ စီးဝင်လာစေမည့် အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်သည်။ ထိုအခါ ပြည်တွင်းမှ ကျွမ်းကျင်မှုနည်းပါးသော အလုပ်သမားများမှာ တန်ဖိုးနိမ့် အလုပ်သမားများအဖြစ်နှင့် သူတစ်ပါး၏ ကြီးကြပ်ကွပ်ကဲ ခိုင်းစေမှုကိုသာ ခံကြရတော့မည်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ရာ မိမိတို့၏ ပြည်တွင်းလူသားအရင်းအမြစ်များကို ကျွမ်းကျင်အလုပ်သမားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း။

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ




## ကျောင်းအပ်နှံရေးနေ့ကျင်းပ

**သီပေါ မေ ၂၉**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက်က အမှတ်(၁) အထက မြည်သီလာခန်းမ ဆောင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်က ကျောင်းနေအရွယ်ကလေး ကျောင်းနေရေး လုပ်ငန်းများနှင့် ပတ်သက်၍ နယ်မြေအေး ချမ်းခြင်းမရှိသေးသည့် ဒေသမှ ကျောင်းသားလေးများအား မိမိတို့နှင့် နီးစပ်ရာကျောင်းများ၌ ကျောင်းတက်၍ အေးချမ်းမှ မိမိတို့ဌာနေကျောင်းများသို့ ပြန်ကြစေလိုကြောင်း၊ ယခုပညာသင်နှစ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က ထောက်ပံ့ပေးအပ်ခြင်း အခြေအနေများကိုရှင်းလင်းတင်ပြသည်။
**စိုင်း(သီပေါ)**

## ပေါင်းလောင်းဒိုင်း ဘောလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၉**
နေပြည်တော် ပျဉ်းမနားမြို့ စိုးလျှပ်စစ်ဖောင်ဒေးရှင်းမှ ကြီးမှူးဦးဆောင်၍ လာမည့် ဇွန် ၄ ရက်မှ ၂၁ ရက်အထိ ပေါင်းလောင်းဒိုင်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကြီးအား ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းကြီး၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပေါင်းလောင်းဒိုင်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကြီးတွင် မန္တလေး၊ မိတ္ထီလာ၊ ပလိပ်၊ မကွေး၊ တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ တောင်ငူ၊ ရေတာရှည်နှင့် ပြည်ထောင်စုနယ်မြေ(၈) မြို့နယ်မှ ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ ပြင်ပမှ ဘောလုံးအားကစားအသင်းများအား ထောက်ပံ့ငွေကျပ် တစ်သိန်းခွဲ၊ ပြည်ထောင်စု နယ်မြေအတွင်းမှ ဘောလုံးအားကစားအသင်းများအား ထောက်ပံ့ငွေကျပ် ငါးသောင်းပေးအပ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဆုများအဖြစ် ပေါင်းလောင်း ဒိုင်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကြီးတွင် ပထမဆု ငွေကျပ်သိန်း ၅၀ ၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀ နှင့် တစ်ပွဲချင်း အကောင်းဆုံး ဘောလုံးအားကစား သမားဆုငွေကျပ် တစ်သိန်းအား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။
**ကိုကြီးကျော်(ပျဉ်းမနား)**

# ဆင်သေချောင်းရေကျော်တံတား တည်ဆောက်ပြီးစီး၍ ဒေသခံများအဆင်ပြေ

**တပ်ကုန်း မေ ၂၉**
နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာပြည်သူများ မြို့ပေါ်နှင့် အခြားကျေးရွာများသို့ သွားလာရာတွင် လွယ်ကူချောမွေ့စေရန် လူထုဗဟိုပြု စီမံကိန်းထောက်ပံ့ငွေဖြင့် ဆင်သေချောင်းကူးရေကျော်တံတား အလျားပေ ၁၁၀၊ အနံ ၁၄ ပေရှိ ၄ပေ၊၂ပေခွဲ ရေထွက်ပေါက်လေးခုပါရှိသော ရေကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဧပြီ ၅ရက်နံနက်ပိုင်းမှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး မေလစတုတ္ထပတ်တွင် တည်ဆောက်ရေးလုပ်ငန်းအားလုံး ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ချောင်းကူးရေကျော်တံတား ပြီးစီးသဖြင့် ရေကျော်တံတားအသုံးပြုမည့် ဒေသခံပြည်သူ ၄၂၀၀ ကျော် မြို့ကျောင်းနှင့် ဈေးသို့လည်း လွယ်လင့်တကူ သွားလာနိုင်မည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးများလည်း ယခင်ကထက် ပိုမိုဖွံ့ဖြိုး လာတော့မည်ဟု ရှားတောကျေးရွာမှ ဦးဇော်ဝင်းခိုင် ကပြောပြသည်။
**တင်စိုးလွင်(ပြန်/ဆက်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၃၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၀.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၉.၅၆ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ့ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့်အစိုးရ ပူးပေါင်းဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အခြေခံအဆင့်မြင့်ပညာရေးဦးစီးဌာနတွင် ယနေ့ နေ့လယ်ပိုင်းက ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအပါအဝင် တာဝန်ရှိသူတို့နှင့် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(န.က.သ) တို့ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ကျောင်းသားများတောင်းဆိုသည့်အချက်များ အဆင်ပြေမှုရရှိခဲ့သည့်အပြင် ၎င်းတို့အနေဖြင့် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း (န.က.သ) မှ အလုပ်အမှုဆောင်ကော်မတီဝင် ကိုဇေယျာလွင်က ပြောသည်။

"ဒီနေ့ဆွေးနွေးတဲ့ အကြောင်းကတော့ အချက်လေးချက်အပြင် တက္ကသိုလ်တွေထဲမှာရှိနေတဲ့ ဘုံ ကိစ္စတွေကိုဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးမှုအားလုံးနီးပါး အဆင်ပြေခဲ့ပါတယ်။တချို့ကိစ္စ တွေကတော့ အချိန်ပေးပြီး ဆောင်ရွက်သွားရမယ့် အပိုင်းတွေရှိသလို နောက်ထပ်ဆွေးနွေးမှုလုပ်သွားရမယ့်အပိုင်းတွေလည်းရှိပါတယ်။ ဝန်ကြီးနဲ့ ဆွေးနွေးမှုအနှစ်ချုပ်အနေနဲ့ကတော့ ပညာရေးနဲ့ပတ်သက်တဲ့ကိစ္စတွေအပြင် ကျောင်းသားအရေးနဲ့ပတ်သက်တာတွေအားလုံးကို ပူးပေါင်းဆာင်ရွက်သွားမယ်လို့ ကျွန်တော်တို့အားလုံးသဘောတူခဲ့ကြပါတယ်" ဟု ၎င်းက တွေ့ဆုံဆွေးနွေးမှုအပြီးတွင် မီဒီယာများအား ပြောကြားသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် (န.က.သ) အနေဖြင့် အဆင့်မြင့်ပညာဥပဒေတွင် ကျောင်းသားသမဂ္ဂများကို ဥပဒေအရ တရားဝင် မပါဝင်လာနိုင်သေးခင်အချိန်ကာလအတွင်း တက္ကသိုလ်များရှိ ကျောင်းသားသမဂ္ဂများ၏ ရပ်တည်လှုပ်ရှားခွင့်များ တရားဝင်ရရှိရေး၊ အဆင့်မြင့်ပညာရေးဥပဒေကို ကျောင်းသားသမဂ္ဂများ ပါဝင်ရေးဆွဲခွင့်ရရှိရေးနှင့် တက္ကသိုလ်တစ်ခုချင်းစီတွင်ရှိသည့် ပဋိညာဉ်များကိုရေးဆွဲသည့်အခါတွင် ကျောင်းသားသမဂ္ဂများကို ပါဝင်ရေးဆွဲခွင့်ပေးရေး၊ နည်းပညာကျောင်းသားများ၏ မြန်မာအင်ဂျင်နီယာကောင်စီဥပဒေကိစ္စများအပြင် ပညာရေးဝန်ကြီးဌာန၏ ဖိတ်ခေါ်ကမ်းလှမ်းချက်အရ ပညာရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်ကာလတွင် ပညာရေးအရည်အသွေးထိန်းညှိနိုင်ရန်ကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ဆွေးနွေးတဲ့အခါမှာ အဆင့်မြင့်ပညာ ဥပဒေထဲမှာ ကျောင်းသားသမဂ္ဂတွေ ပါဝင်ရေးဆွဲခွင့်ရဖို့နဲ့ တက္ကသိုလ်တစ်ခုချင်းစီက ပဋိညာဉ်တွေထဲမှာ ကျောင်းသားသမဂ္ဂတွေပါဝင်ရေးဆွဲခွင့်ရဖို့ ဝန်ကြီးဆီက အာမခံချက်ရခဲ့ပါတယ်။ နောက်တစ်ခုအနေနဲ့ အစိုးရရဲ့ ရက်ပေါင်း ၁၀၀ စီမံချက်မှာ ကျွန်တော်တို့အနေနဲ့ တက္ကသိုလ်ထဲမှာရှိတဲ့ ကျောင်းသူ ၊ကျောင်းသားတွေ အားလုံးရဲ့အသံကိုပြန်ယူရပါမယ်။ ဒ့ါအပြင် စာသင်တဲ့အခါမှာ တက္ကသိုလ် ဆရာ ဆရာမတွေက အချိန်မှန်ဝင်လေ့ရှိသလား၊ စာသင်တဲ့အခါမှာ သေချာသင်ပေးမှုရှိသလား၊ ပျက်ကွက်မှုတွေ ရှိသလားဆိုတာတွေကို လေ့လာသုံးသပ်မှုတွေ လုပ်ရမှာပါ။ အဲဒီလိုလုပ်ဆောင်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ ကျောင်းသားသမဂ္ဂက ပူးပေါင်းလုပ်ဆောင်မယ်လို့ပြောခဲ့ပါတယ်" ဟု ၎င်းက တွေ့ဆုံဆွေးနွေးမှုရလဒ်များကို ပြန်လည်ပြောပြသည်။

ဆက်လက်၍ ၎င်းက "နောက်တစ်ခုကတော့ ကျောင်းသားသမဂ္ဂတွေရဲ့ရပ်တည်လှုပ်ရှားမှုကို သူတို့အနေနဲ့ အသိအမှတ်ပြုတယ်။ ဆက်လက်ပြီးတော့ ကျောင်းထဲမှာ ရပ်တည်လှုပ်ရှားခွင့်နဲ့ ရုံးခန်းတွေပေးဖို့အတွက်ကိုလည်း ညှိနှိုင်းခဲ့တယ်၊ သိပ်မကြာခင်ကာလမှာ ရလာဖို့အခွင့်အလမ်းများပါတယ်။ နည်းပညာကျောင်းသားတွေကိစ္စကတော့ ဥပဒေကိစ္စဖြစ်တဲ့အတွက် ဥပဒေကိုဖြေလျှော့နိုင်ဖို့၊ နည်းပညာကျောင်းသားတွေရဲ့ ခံစားနေရတဲ့ခံယူချက်ကို ဖြေပျောက်သွားအောင်လုပ်ဖို့က ဥပဒေအရ လုပ်ဆောင်သွားရလိမ့်မယ်။ ဒီကိစ္စကိုတော့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်လို့ အချိန်တော့ပေးရပါလိမ့်မယ်။ နောက်ထပ်ဆက်ပြီး ညှိနှိုင်းဆောင်ရွက်ရမယ့်ဟာတွေရှိသလို ဥပဒေအရ ကန့်သတ်ဆောင်ရွက်သွားရမယ့်အပိုင်းတွေရှိနေတဲ့အတွက်တော့ လောလောဆယ် ဒီလောက်နဲ့ပြတ်ခဲ့ပါတယ်" ဟု ဆိုသည်။

အဆိုပါဆွေးနွေးမှုများအပြင် တက္ကသိုလ်တစ်ခုချင်းစီ၌ ဖြစ်ပေါ်နေသည့် ကျောင်းသား၊ ကျောင်းသူများ၏ သွားလာရေးအဆင်မပြေသည့်ကိစ္စ၊ လက်တွေ့ခန်းများတွင် အဆင်မပြေသည့်ကိစ္စ၊ ကျောင်းသန့်ရှင်းရေးကိစ္စ စသည်တို့အပါအဝင် အခြေခံအချက်အလက် ၁၅ ချက်ခန့်ကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့် ဆွေးနွေးခဲ့ကြပြီး ထိုအချက်များနှင့်ပတ်သက်၍ ပထမအဆင့်လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များနှင့် ရေရှည်လုပ်ဆောင်ရမည့်လုပ်ဆောင်ချက်များဟူ၍ခွဲခြားကာ ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးမှုကို ပြည်ထောင်စုဝန်ကြီး၏ဖိတ်ခေါ်မှုအရ ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့နှင့် အတူ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(န.က.သ) မှ အလုပ်အမှုဆောင်ကော်မတီဝင် ၂၇ ဦးတို့ တက်ရောက်ဆွေးနွေးကြရာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (န.က.သ) အနေဖြင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အဆင့်မြင့်ပညာရေးဥပဒေကိစ္စနှင့်ပတ်သက်၍ ပါဝင်ခွင့်ရမည်ဖြစ်ကြောင်း အာမခံချက်ရရှိခဲ့သည့်အပြင် ကျောင်းသားသမဂ္ဂများနှင့် ပတ်သက်သည့်ကိစ္စများတွင်လည်း ၈၀ ရာခိုင်နှုန်းခန့်အထိ ဆွေးနွေးမှုအပိုင်း အောင်မြင်မှုရရှိခဲ့ပြီး ပညာရေးဝန်ကြီးဌာန နှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ (တကသ)နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(မြေလတ်ဒေသ) တို့က ပူးပေါင်းအစည်းအဝေးတစ်ရပ်ပြုလုပ်၍ ပြုပြင်ပြောင်းလဲရေးအတွက် မေ ၂၅ ရက်တွင် နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(န.က.သ) ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီပညာရေးစနစ်ဖြစ်ပေါ်လာရေး၊ ကျောင်းသားထုအခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ ကျောင်းသားထုစွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းသားသမဂ္ဂများ လွတ်လပ်စွာ ရပ်တည်လှုပ်ရှားခွင့်ရရှိရေးတို့ကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# ပြည်တွင်းစက်သုံးဆီရောင်းဈေးနှုန်းများ အနည်းငယ်မြင့်တက်

**ရန်ကုန် မေ ၂၉**

၂၀၁၆ ခုနှစ် မေလလယ်နောက်ပိုင်းတွင် ပြည်ပမှ မှာယူတင်သွင်းသည့်စက်သုံးဆီများဖြစ်သော အောက်တိန်း ၉၂နှင့် ဒီဇယ်တစ်လီတာတို့၏ တစ်ပတ်အတွင်း ဆိပ်ကမ်းရောက် ပျမ်းမျှအရင်းဈေးနှုန်းများမှာ ငွေကျပ် ၅၀၀ အထက်သို့ ရောက်ရှိလာသည်။ ရန်ကုန်မြို့တွင်း စက်သုံးဆီရောင်းချသည့် ဆိုင်ကြီးများတွင်ရောင်းချသည့် ဈေးနှုန်းများမှာလည်း မြင့်တက်လာသည်ဟု စက်သုံးဆီဝယ်ယူနေရသူများက ဆိုသည်။

မေ ၂၈ ရက်တွင် ရန်ကုန်မြို့တွင်း ကမ်းနားလမ်းမသစ်၊ အလုံနှင့် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကမ်းနားလမ်းမ၊ ဘုရင့်နောင်လမ်းမကြီးတို့ တစ်လျှောက်ရှိ ပြည်ပမှ စက်သုံးဆီ မှာယူတင်သွင်းနေသောကုမ္ပဏီကြီးများ၏ စက်သုံးဆီဆိုင်များအနက် အများစုတွင် အောက်တိန်း ၉၂ တစ်လီတာ ငွေကျပ် ၅၇၀ ၊ ဒီဇယ်တစ်လီတာ ငွေကျပ် ၅၃၀ နှုန်းဖြင့် ရောင်းချနေကြောင်း ယင်းဆိုင်များရှေ့တွင်ရှိသော စက်သုံးဆီဈေးနှုန်းများ စာရင်းနှင့်ဝယ်ယူသုံးစွဲသူများ၏ ပြောကြားချက်အရ သိရသည်။

မေလ ၉ ရက်မှ ၁၃ ရက်အတွင်း တွင် အောက်တိန်း ၉၂ တစ်လီတာ အရင်းဈေး ၄၉၇ ကျပ်၊ ဒီဇယ်တစ်လီတာ အရင်းဈေး ၄၇၈ ကျပ်သာရှိ၍ တစ်ပတ်အတွင်း အောက်တိန်း ၉၂ တစ်လီတာ ၃၅ကျပ်၊ ဒီဇယ်တစ်လီတာ ၂၉ ကျပ်ဈေး မြင့်တက်လာသည်။

၂၀၁၆ နှစ်စပိုင်းတွင် ကမ္ဘာ့ရေနံဈေးသည် တစ်စည်လျှင် ၂၈ ဒေါ်လာဝန်းကျင်သာရှိရာ ၁၃ နှစ်အတွင်းအနိမ့်ဆုံးဈေးနှုန်းဖြစ်သည်။ သို့သော် ၂၀၁၆ မေ ၂၅ ရက်တွင် အရန်ရေနံစည်ဈေးနှုန်းမှာတစ်စည်လျှင်၅၀ ဒသမ ၂၂ဒေါ်လာသို့ မြင့်တက်လာရာ ၂၀၁၆ ခုနှစ်အတွင်း ရေနံတစ်စည် ဈေးနှုန်းဒေါ်လာ ၅၀ အထက် ရောက်ရှိလာခြင်းဖြစ်သည်ဟု ကမ္ဘာ့ရေနံဈေးသတင်းများတွင် ဖော်ပြမှုရှိလာသည်။

ကမ္ဘာ့ရေနံဈေးကျဆင်း၍ မြန်မာပြည်တွင်းတွင်လည်း ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း အောက်တိန်း ၉၂ တစ်လီတာ အရင်းဈေးနှုန်းသည် ၄၁၆ ကျပ်၊ ဇန်နဝါရီ တတိယပတ်အတွင်း ဒီဇယ်တစ်လီတာ အရင်းဈေးသည် ၃၄၁ ကျပ်အထိ ဈေးကျလာခဲ့သည်။

နိုင်ငံပိုင်သတင်းစာများတွင် စက်သုံးဆီအရင်းဈေး၊ ရန်ကုန်မြို့တွင်း စက်သုံးဆီရောင်းဈေးများ အသိပေးဖော်ပြလာမှုမှာ တစ်နှစ်နီးပါးရှိလာရာ ယင်းကာလတွင် အောက်တိန်း ၉၂ တစ်လီတာ အမြင့်ဆုံးအရင်းဈေးနှုန်းအဖြစ် ၂၀၁၅ ဇွန်လ ဒုတိယပတ်တွင် ငွေကျပ် ၇၇၀၊ ဒီဇယ် ၆၈၅ ကျပ်နှုန်း ရှိခဲ့သည်။

သို့သော် အရင်းဈေးနှုန်းများ သိသာစွာ ကျဆင်းချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့တွင်းရောင်းဈေးနှုန်းများ တစ်ပြေးညီသိသာစွာ ကျဆင်းမလာသဖြင့် အရင်းဈေးထက် ရန်ကုန်မြို့တွင်း ဈေးနှုန်းများသည် တစ်လီတာလျှင် ငွေကျပ် ၁၀၀ ဝန်းကျင်ထိ ဈေးပိုမိုကွာဟမြင့်နေသည်ကို အချို့သောလပိုင်းများတွင် မြင်တွေ့ရသည်။

ပြည်ပမှ မှာယူတင်သွင်းပြီးနောက် ရက်သတ္တတစ်ပတ်ကျော်မှ ပြည်တွင်းသို့ ရောက်ရှိနိုင်မှုရှိသည်။ ၂၀၁၅ ဇွန်လမှ ယနေ့ကာလအတွင်း အောက်တိန်း ၉၂ တစ်လီတာ ရန်ကုန်မြို့တွင်း ဈေးနှုန်းသည် အရင်းဈေးထက် ငွေကျပ် ၁၃၀၊ ဒီဇယ် ငွေကျပ် ၁၇၀ ဝန်းကျင် ဈေးမြင့်ကွာဟသည့် ရက်သတ္တပတ်များလည်း ရှိခဲ့သည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများအပေါ် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း အမှန်တကယ်ဖြစ်သင့်သည့် ဈေးနှုန်းအရှင်ဖြင့်သာ ဖြန့်ဖြူးရောင်းချရန်လိုသည်ဟု မေ ၂ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပသည့် စက်သုံးဆီဈေးနှုန်းထိန်းသိမ်းရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိ ဝယ်ယူသုံးစွဲနေရဆဲဖြစ်သော ပြည်တွင်းစက်သုံးဆီရောင်းချသည့် အနေအထားများ ပြုပြင်ပြောင်းလဲလာမှုရှိရန် အလားအလာများရှိနေသဖြင့် အရည်အသွေး၊ အခြင်အတွယ်၊ ဈေးနှုန်း စသည်တို့တွင် ဝန်ဆောင်မှုကောင်းများဖြင့် ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ပြည်ပဈေးနှုန်းများ အတက်အကျနှင့် တစ်ပြေးညီပြောင်းလဲသော ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းများထက် ကွာခြားမှုနည်းသော ငွေကြေးပမာဏ ရယူရောင်းချသည့် ဈေးကွက်စက်သုံးဆီ ဖြန့်ဖြူးခြင်းမျိုး ပေါ်ပေါက်လာစေလိုသည်ဟု သဃ်န်းကျွန်းမြို့နယ်နေ မီနီဘတ်စ်လိုင်းကားနှင့် အိမ်စီးယာဉ်များအတွက် စက်သုံးဆီဝယ်ယူနေရသည့် ကိုတင့်ဝေက ပြောသည်။

**ခင်ဆိုင်**

# အစားအသောက်နှင့်ဆေးဝါး အလွန်အကျူးကြော်ငြာမှု ကြပ်မတ်သွားမည်

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံတွင် စာပေစိစစ်ရေး ဖျက်သိမ်းလိုက်ပြီးနောက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယင်းတို့၏ စီးပွားရေးကြော်ငြာများဖြစ်သည့် အစားအသောက်၊ ဆေးဝါးအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို အလွန်အကျူးပြောဆိုကြော်ငြာနေခြင်းကြောင့် ပြည်သူများအကြား ကျန်းမာရေးဆိုင်ရာဆိုးကျိုးပြဿနာများ ပေါ်ပေါက်လျက်ရှိသည်။ ယင်းအတွက် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ကဦးစီး၍ စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁)၌ ကျင်းပစဉ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ဒီကနေ့ကြော်ငြာတွေ ပလူပျံနေပါတယ်။ ဆေးကြော်ငြာတွေ၊ အစားအသောက်ကြော်ငြာတွေ၊ အလှကုန်ကြော်ငြာတွေ၊ တိုင်းရင်းဆေးကြော်ငြာတွေ စုံနေတာပါ။ ဒါတွေဟာ ဘယ်က မြစ်ဖျားခံလာသလဲဆိုတော့ လောဘက မြစ်ဖျားခံတာပါ။ မိမိရဲ့ကုန်ပစ္စည်းရောင်းချမှုတစ်ခုတည်းကို ကြည့်ပြီး လုပ်နေကြတာပါ။ တကယ်ကောင်းလို့ ပုံမှန်ကြော်ငြာတာ မပြောလိုပါဘူး။ ပုံမှန်တော့ ကြော်ငြာရမှာပေ့ါ။ ကိုယ့်ကုန်ပစ္စည်းတကယ်ကောင်းလို့ ကြော်ငြာတာ၊ ကြော်ငြာခွင့်ရှိပါတယ်။ ဒါပေမယ့် ဘာအာမခံချက်မှမရှိဘဲ လွန်လွန်ကဲကဲ လုပ်နေကြတယ်။ အာမခံတယ်လို့ ဆေးမစားမီပုံက ဘယ်လို၊ ဆေးစားပြီးပုံက ဘယ်လိုသာမန်ပြည်သူတွေကို Miss-leading ပေ့ါ။ နားလည်မှုလွဲပြီး သူ့ပစ္စည်းကို သုံးစွဲအောင်ပေ့ါ။ တည့်တည့်ပြောရရင် လိမ်ညာတဲ့ဟာတွေပေ့ါ။ ရှိတာတွေထက် ပိုတဲ့ဟာတွေပေ့ါ။ ဒါတွေမလုပ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဥပဒေအရ ဘယ်လိုအရေးယူဆောင်ရွက်နိုင်မလဲဆိုတာတွေ ဒီနေ့ ဆွေးနွေးကြတာပါ။

"အဖြေကတော့ ထွက်လာပါပြီ။ တည်ဆဲဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ဒါတွေရှိပြီးသား ဖြစ်ပါတယ်။ သို့သော် ဘယ်ဟာမှ ပြီးပြည့်စုံတယ်ဆိုတာမရှိပါဘူး။ တည်ဆဲဥပဒေတွေဆိုတာလည်း မပြည့်စုံသေးပါဘူး။ ခေတ်နဲ့အညီ ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနဆိုရင် အစားအသောက်ဥပဒေကို အသစ်ရေးဆွဲနေပါတယ်။ ဆေးနဲ့ဆေးဝါးဆိုင်ရာ ဥပဒေ၊ ဆေးဝါးဆိုင်ရာဥပဒေကိုလည်း အသစ်ရေးဆွဲဖို့ စဉ်းစားနေပါတယ်။ ဥပဒေအရ ဒါတွေကို ပြုပြင်ရမှာဖြစ်ပါတယ်။

အလားတူပဲ ဒီလိုကိစ္စတွေမှာ ပူးပေါင်းလုပ်ဆောင်ရမှာပါ။ ဥပဒေတစ်ခုတည်းနဲ့လည်း မပြီးပါဘူး။ ကြော်ငြာတဲ့သူတွေကလည်း စည်းနဲ့ကမ်းနဲ့ တည်ဆဲဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ကြော်ငြာရမှာ ဖြစ်ပါတယ်။ ပြည်သူတွေဘက်ကလည်း နားမယောင်ဖို့ လိုပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ပြောတာတွေ၊ ဟောပြောတာတွေ နားထောင်ရမှာပါ။ ကျန်းမာရေးဌာနအပါအဝင် တာဝန်ရှိသူတွေကလည်း များများ ဟောပြောတာတွေ လုပ်ပေးရမှာဖြစ်ပါတယ်။ အားလုံးပေါင်းလုပ်ရမှာပါ။ ဒီနေ့ပဲ အဖြေထွက်လာပါပြီ။ နောက်တစ်ခါဥပဒေအရ ဖောက်ဖျက်ရင် ဘယ်လိုအရေးယူမလဲဆိုတာလည်း ဆွေးနွေးခဲ့ပါတယ်။ အရေးယူမှ ပြင်တယ်ဆိုတာ အဆင့်နိမ့်ပါတယ်။ အရေးမယူဘဲ အသိတရားနဲ့ ယှဉ်သော ဥပဒေလိုက်နာခြင်းက အကောင်းဆုံးပါ။ သို့သော် လူ့ယဉ်ကျေးမှုနဲ့အညီ လိုက်နာခြင်းမရှိဘူးဆိုရင်တော့ ဥပဒေအရ အရေးယူလုပ်ဆောင်တာတွေ ဖြစ်လာနိုင်ပါတယ်။ သတင်းစာတွေ၊ ဂျာနယ်တွေ၊ ရုပ်သံလွှင့်မီဒီယာတွေ၊ လူမှုကွန်ရက်အွန်လိုင်းမီဒီယာတွေအားလုံးမှာ တာဝန်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

**သတင်း-မြင့်မောင်စိုး**

# အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ ပြခန်းပေါင်း ၆၃ ခန်း ခင်းကျင်းပြသ

**နေပြည်တော် မေ ၂၉**

မြန်မာ့အသေးစား စက်မှုလက်မှုထုတ်ကုန်များကို ပြည်သူများ ပိုမိုသိရှိလာစေရန် ပြပွဲမှတစ်ဆင့် လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မိပြီး ပြည်ပဈေးကွက်အထိ ထိုးဖောက်နေရာယူနိုင်မည့် စံချိန်စံညွှန်းမီ အရည်အသွေးမြင့်တန်ဖိုးမြင့် ကုန်ချောထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ရည်ရွယ်ချက်များဖြင့် အသေးစား စက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၈ နာရီက မြောက်ဥက္ကလာပမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံးဝင်း အတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီး ဝန်ကြီး ဦးဟန်ထွန်းနှင့် ဧည့်သည်တော်များသည် အသေးစား စက်မှုလက်မှုလုပ်ငန်း ပြခန်းများ၊ အင်ဂျင်နီယာ ကုန်ထုတ်သမဝါယမ အသင်း အရောင်းပြခန်းများ၊ လူသုံးကုန် စားသောက်ကုန်များနှင့် သွင်းကုန်အစားထိုး စက်ပစ္စည်း အရောင်းပြခန်းများ၊ ပြည်ပသို့တင်ပို့လျက်ရှိသော လက်မှုထည်များ၊ ယွန်းထည်နှင့် ရက်ကန်း ပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

အဆိုပါ အသေးစား စက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲကို မေ ၂၈ ရက်မှ ၂၉ ရက်အထိ ပြခန်းပေါင်း ၆၃ ခန်းဖြင့် ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိရာ စိတ်ပါဝင်စားသူများ လေ့လာဝယ်ယူနိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ဆည်ရေသိုလှောင်ထိန်းသိမ်းထားမှုနှင့် ဒေသသောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမင်းဆွေက ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီးက ရက် ၁၀၀ စီမံချက် သိသာထင်ရှားစွာ အကောင်အထည် ဖော်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့အနေဖြင့် ပြည်သူအား အမှန်တကယ် ကျေးဇူးပြုနိုင်မည့် လုပ်ငန်းများကို ထိရောက်သော အစီအမံများချမှတ်ပြီး မိမိတို့ကျရာ အခန်းကဏ္ဍမှ ကြိုးပမ်းအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ယင်းမှတစ်ဆင့် သုံးခွမြို့နယ် တကောကျေးရွာအနီး တကောရေတံခါးသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများက ဒေသအတွင်း ရေစီးရေလာ အဆင်ပြေချောမွေ့စေရေး လိုအပ်ချက်များကို တင်ပြကြရာ ဒေသ၏ လက်ရှိလိုအပ်ချက်နှင့် နောင်ရေရှည်တွင် ဖြစ်ပေါ်လာနိုင်မည့် အကျိုးအပစ် ဖြစ်နိုင်ခြေများကို ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းတွက်ချက်ပြီး ဒေသနေပြည်သူများအတွက် အကျိုးအရှိဆုံးဖြစ်မည့် အစီအမံများကို အမြန်ဆုံးဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ဗဟိုအဆင့် သင်္ချာအိုလံပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ သင်္ချာအသင်းက ကြီးမှူးကျင်းပသော ဗဟိုအဆင့် သင်္ချာအိုလံပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ဒဂုံ)၌ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သင်္ချာအိုလံပစ်ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲများတွင် စတင်ကျင်းပခဲ့ပြီး ထူးချွန်သူများက ဗဟိုအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဗဟိုအဆင့် ၂၀ ရွေးချယ်ခဲ့ပြီး ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဒသမတန်းအဆင့် ထူးချွန်သူများမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးကိုရွေးချယ်ကာ ၂၀၁၆ ခုနှစ် ဇူလိုင် ၆ ရက်မှ ၁၆ ရက်အထိ ဟောင်ကောင်တွင် ကျင်းပမည့် (၅၇) ကြိမ်မြောက် နိုင်ငံတကာ သင်္ချာအိုလံပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာ သင်္ချာအိုလံပစ်ပြိုင်ပွဲကို ၁၉၅၇ ခုနှစ်တွင် ရိုမေနီးယားနိုင်ငံတွင် နိုင်ငံ ခုနစ်နိုင်ငံဖြင့်စတင်၍ နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သင်္ချာထူးချွန်သည့် ကျောင်းသား ကျောင်းသူများကို နိုင်ငံတကာ သင်္ချာပြိုင်ပွဲသို့ ယခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြင့် မြန်မာနိုင်ငံ၏ သင်္ချာနှင့် ပတ်သက်သည့် အဆင့်အတန်းကို နိုင်ငံတကာတွင် မှတ်ကျောက်တင်ခံရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသားကျောင်းသူများကို အနီးကပ်သင်တန်းများဖြင့် ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ဆရာ၊ ဆရာမများနှင့် ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း၊ သင်္ချာအိုလံပစ်ပြိုင်ပွဲသည် နိုင်ငံတကာအဆင့် မှတ်တမ်းတင်ခံရမည်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ခြင်းဖြင့် ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သင်္ချာအသင်း ဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ သင်္ချာအသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ခဲ့သည်။

**သင်္ချာအိုလံပစ်ပြိုင်ပွဲသည် နိုင်ငံတကာအဆင့် မှတ်တမ်းတင်ခံရမည်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ခြင်းဖြင့် ယှဉ်ပြိုင်ကြ**

ဆက်လက်၍ ဒသမတန်းအဆင့်၊ နဝမတန်းအဆင့်၊ အဋ္ဌမတန်းအဆင့် သင်္ချာထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ သင်္ချာအသင်းအတွင်းရေးမှူး ဒေါက်တာညွန့်ဆွေက သင်္ချာအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ သင်္ချာအသင်းကြီး၏ သင်္ချာပညာရှင်များ မွေးထုတ်ပေးရန် အရည်အချင်းရှိ သင်္ချာထူးချွန်သူများကို နှစ်စဉ်ရွေးချယ်ပြီး နိုင်ငံတကာ သင်္ချာအိုလံပစ်ပြိုင်ပွဲသို့ စေလွှတ်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ သင်္ချာအသင်းနှင့် ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်သည်များကို ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံ သင်္ချာအသင်း ဥက္ကဋ္ဌ ဒေါက်တာသိန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။
**(မြန်မာ့အလင်း)**

# စစ်ဆေးရေးလုပ်ငန်းများကို စာရင်းစစ်ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်

**နေပြည်တော် မေ ၂၉**

ကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံ့စာရင်းမှန်ကန်မှ တိုင်းပြည်သည် မည်မျှဖွံ့ဖြိုးတိုးတက်သည်ကို အမှန်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၏ တွေ့ဆုံပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ မေ ၂၇ ရက်က ကျင်းပရာ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စစ်ဆေးရေးလုပ်ငန်းများကို ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေ စည်းမျဉ်း စည်းကမ်းနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းများဖြင့် နိုင်ငံ့ဘဏ္ဍာငွေများ အပြည့်အဝရရှိခြင်း ရှိ၊ မရှိ၊ ခြိုးခြံချွေတာသုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်မှု ရှိ၊ မရှိ၊ ရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ စသည့်ဖြင့် စစ်ဆေးဖော်ထုတ်ကြရန် လိုအပ်ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကိုလည်း လိုရင်းတိုရှင်း အနှစ်ချုပ်ပြီး ကျစ်လျစ်စွာရေးသားကြရန် လိုအပ်ကြောင်း၊ လုပ်ကိုင်ရမည့်အထဲက အရေးမပါသည့် ၈၀ ရာခိုင်နှုန်းလောက်ကို လျော့ကျသွားအောင်လုပ်နိုင်သည့် ၈၀ / ၂၀ စည်းမျဉ်းအရ အရေးပါတာနှင့် အရေးမပါတာကို ခွဲခြားသိမြင်လုပ်ကိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစိုးရစာရင်းထားနည်းကိုလည်း Cash Basis မှ ပိုင်ဆိုင်ပစ္စည်း၊ ရရန်ရှိအကြွေး၊ ပေးရန်ရှိအကြွေး စသည့်ဖြင့် စာရင်းအမှန်ရရှိစေရန် Accrual Basis ပြောင်းလဲရေးဆွဲရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကမကထပြုလုပ်ပြီး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများကို စာရင်းစစ်ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပြီး တစ်ဦးချင်းအရည်အသွေး၊ အရည်အချင်း ပိုမိုတိုးတက်လာရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

# ကန့်ဘလူ၌ အစေ့ထုတ်ပြောင်းမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ပြသ

**ကန့်ဘလူ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ပြောင်းစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်ပြသခြင်းကို မေ ၂၉ ရက် နံနက် ၉ နာရီက နတ်ပေးကျေးရွာ ကွင်းအမှတ် ၅၉၉(က)၊ ဦးပိုင်အမှတ် N55 တောင်သူဦးသောင်းငွေ အစေ့ထုတ်ပြောင်းစိုက်ခင်း၌ အီတလီနိုင်ငံ(နယူးဟော်လန်)ထုတ် အဆင့်မြင့်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကို ရှင်းလင်းပြသခဲ့သည်။ **(ယာပုံ)**

မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်သို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ အမှတ် ၆၀၀၆ တင့်ကား တပ်ရင်းမှူး၊ ဇီးကုန်းသကြားစက်ရုံမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းရွှေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကန့်ဘလူ၊ နတ်ပေး၊ ငါတို့၊ ဂါထာ၊ ဆည်ကြီးနှင့် သင်ပန်းတောကျေးရွာများမှ တောင်သူများ၊ စိတ်ပါဝင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့များကို ပင်ကြား တန်းကြား မိမိတို့ ကြိုက်သလို ချိန်ညှိစိုက်ပျိုးနိုင်ပြီး ယင်းမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၌ CP 888၊ 365၊ ရွှေပါဝါ 101၊ NK 621၊ VN 101 နှင့် TF 222 မျိုးများ ထည့်သွင်းစိုက်ပျိုး၍ သိပ္ပံနည်းကျစိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးမှု၊ ရောဂါပိုးများအတွက် ပိုးသတ်ဆေးသုံးစွဲနည်းများ၊ အပင်အားဆေး အသုံးပြုမှုများ၊ ရာသီဥတုပြောင်းလဲမှုအပေါ် မျိုးနှင့် နည်းပညာများရွေးချယ်ပြီး မြေအမျိုးအစားပေါ်မူတည်၍ ပြောင်းလဲစိုက်ပျိုးကြရန် လိုအပ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက ရှင်းလင်းပြောကြားသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# အောင်မြင်သာ ပင်မမြောင်းမကြီးအတွင်းရှိ သဲနုန်းမြေများ ပြန်လည်ဖော်ထုတ်ခြင်း ဆောင်ရွက်

**ကလေး မေ ၂၉**

ကလေးမြို့နယ် အောင်မြင်သာကျေးရွာ တောင်သူများ၏ မိုးစပါးဧက ၄၅၀ ရေပေးဝေနိုင်သော အောင်မြင်သာ ပင်မမြောင်းမကြီးအတွင်းရှိ သဲနုန်းမြေများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ အောင်မြင်သာ ပင်မမြောင်းမကြီးသည် ၂၀၁၅ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်၌ ရွာသွန်းခဲ့သောမိုးကြောင့် မြောင်းမကြီးအတွင်း သဲနုန်းမြေများ ဖုံးလွှမ်းသွားခဲ့ရာ ၂၀၁၆ ခုနှစ် မိုးစပါးအမီ စိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ခရိုင်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူကာ မေ ၁ ရက်မှစတင်ပြီး စက်ယန္တရားကြီးကို အသုံးပြုလျက် သဲနုန်းမြေများတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းမြောင်းမကြီးသည် အရှည် ပေ ၁၃၅၀၀ ရှိပြီး အနက် ပေ ၈၀၀၀ ကို ရေနုတ်မြောင်းအဖြစ်အသုံးပြုကာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့် တောင်သူများက ကုန်ကျစရိတ်အား ထက်ဝက်စီကျခံ၍ ဆောင်ရွက်လျက်ရှိရာ မြောင်းမကြီးအတွင်းရှိ သဲနုန်းမြေကျင်း ၇၅၀၀ တူးဖော်ခြင်းလုပ်ငန်းပြီးစီးပါက မိုးစပါးဧကအပြည့်ကို အချိန်မီစိုက်ပျိုးနိုင်မည့်အပြင် မိုးရာသီရေကြီးချိန်တွင် လယ်ယာမြေများရေဝပ်မှုမှ ကင်းဝေးသွားမည်ဖြစ်ကြောင်း ခရိုင်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ တင့်လွင်ဦးထံမှ သိရသည်။
**ချင်းတွင်းသား**

# နိုင်ငံရေးပွင့်လန်းမှုနဲ့ နိုင်ငံရေးစာပေရှင်သန်မှု

**အောင်ကျော်အေးချမ်း**

မေ ၂၈ ရက်က သိမ်ဖြူလမ်း ပုံနှိပ်ရေးနဲ့ ထုတ်ဝေရေးဦးစီးဌာနက နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနဲ့ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ကျင်းပရေး အကြိုဆွေးနွေးပွဲကျင်းပခဲ့တာ တွေ့ရပါတယ်။ ဒီအစည်းအဝေးမှာ ပြန်ကြားရေးဝန်ကြီးက နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲခေါင်းစဉ်အောက်မှာ ဆွေးနွေးစရာအကြောင်းအရာတွေများစွာရှိပါတယ်။ မည်သည့်စာတမ်းရှင်က မည်သည့်ခေါင်းစဉ်နဲ့ စာတမ်းဖတ်ကြမည်ကို ဆွေးနွေးကြစေလိုကြောင်း ပြောသွားတာဖြစ်တယ်။

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲဆိုတာကတော့ အရင်က မကျင်းပဖူး၊ မကြားဖူးခဲ့တဲ့ စာတမ်းဖတ်ပွဲမျိုးပဲ ဖြစ်ပါတယ်။ အရင်က ရသစာပေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ဆိုင်ရာစာတမ်းဖတ်ပွဲတွေသာ ရှိခဲ့တာပါ။ ဒါတောင် ရသစာပေဆိုင်ရာ လှုပ်ရှားမှုတွေဟာ နိုင်ငံတကာနဲ့ယှဉ်ရင် များများစားစားရှိခဲ့တယ်လို့ ဆိုနိုင်တာမဟုတ်ပါဘူး။ နိုင်ငံရေးဆိုတဲ့ ဘာသာရပ်ကိုက မစားကောင်းတဲ့အသီးလို ပုံသွင်းခံထားခဲ့ရတာ ရာစုနှစ်တစ်ဝက်လောက်ဆိုတော့ နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲတွေ မူးလို့မှ ရှူစရာမရှိခဲ့တာ ထူးဆန်းတယ်လို့တော့ မဆိုနိုင်ပါဘူး။

ဒါပေမယ့် နိုင်ငံရေးဆိုတာက လူတွေရဲ့ နေ့စဉ်နေထိုင်မှုဘဝနဲ့ တိုက်ရိုက်ပတ်သက်နေတာဖြစ်တဲ့အတွက် နိုင်ငံရေးဖြစ်စဉ်တွေရဲ့အဆိုးအကောင်း သက်ရောက်မှုတွေက အမြဲတမ်းရှိနေတာပဲ ဖြစ်တယ်။ မိမိကိုယ်တိုင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ နိုင်ငံရေးစနစ်တစ်ရပ်နဲ့ အဲဒီစနစ်ကိုကိုယ်စားပြုတဲ့ အစိုးရတစ်ရပ်ရပ်ရဲ့သက်ရောက်မှုကတော့ ရှိနေတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံရေးစာပေဆိုတာကလည်း ခေတ်တိုင်းမှာ အနည်းအများ၊ ပွင့်ပွင့်လင်းလင်းရှိတာနဲ့ မရှိတာမျိုးသာ ကွာပါမယ်၊ ရှိနေခဲ့တာပါပဲ။ နိုင်ငံရေးစာပေဆိုရာမှာလည်း ပုံသဏ္ဍာန်အလွန်စုံလင်များပြားစွာရှိနေတာပဲဖြစ်ပါတယ်။ နိုင်ငံရေးစကားလုံး အသုံးအနှုန်းတွေကအစ ခေတ်အလိုက် တချို့စကားလုံးတွေကို ဖောဖောသီသီတွေ့ရတာဖြစ်ပြီး တချို့စကားလုံးတွေကိုတော့ ခေတ်တစ်ခုမှာ တွေ့ရများပြီးနောက်တစ်ခေတ်မှာ နည်းပါးသွားတာမျိုးပါ။

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင်တော့ လွတ်လပ်ရေးတိုက်ပွဲကို ဦးဆောင်ခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနုအပါအဝင် လူငယ်အများစုဟာ ဆိုရှယ်လစ်ဝါဒဘက်ကို တိမ်းညွတ်ခဲ့ကြတာ တွေ့ရတာပါ။ ဒါက အဲဒီခေတ်အခါက ကမ္ဘာ့ရေစီးကြောင်းမှာ ရုရှားရဲ့ အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးဂယက်တွေနဲ့ ပထမကမ္ဘာစစ်ပြီး အရင်းရှင်ကမ္ဘာရဲ့ အကျပ်အတည်းတွေအောက်မှာ ဒီရေစီးကြောင်းဟာ သဘာဝကျစွာ ဖြစ်ပေါ်လာတာလို့ ဆိုရမှာပါ။

၁၉၅၀ ပြည့် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့မှာပြောခဲ့တဲ့ ဝန်ကြီးချုပ် ဦးနုရဲ့ မိန့်ခွန်းမှာ "ကျွန်တော်တို့ရဲ့နိုင်ငံရေးလမ်းစဉ်ကို အတိုချုပ်အားဖြင့် ကျွန်တော်ဖော်ပြပါမယ်ဆိုပြီး အချက်သုံးချက် ပြောခဲ့ပါတယ်။ (၁) ကျွန်တော်တို့ရဲ့ ပန်းတိုင်ဟာ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေး ဖြစ်တယ်၊ (၂) ဒီနိုင်ငံရေးပန်းတိုင်ရောက်အောင် လက်နက်ကိုင်လွှမ်းမိုးသော တစ်ပါတီအာဏာရှင်စနစ်ကို မယုံကြည်၊ ဒီမိုကရေစီစနစ်ကိုသာ ယုံကြည်တယ်၊ (၃) နိုင်ငံခြားဆက်သွယ်ရေးမှာ ဘယ်အုပ်စုမှမပါဘဲ၊ ပြည်ထောင်စုကြီးနဲ့ နှစ်ဦးနှစ်ဖက်အကျိုးကျေးဇူးတွေကို ဖန်တီးပေးနိုင်တဲ့ နိုင်ငံတိုင်းနဲ့ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံတာကိုသာ ကျွန်တော်တို့ယုံကြည်တယ်" စသဖြင့် ပြောခဲ့တာဖြစ်တယ်။

> ◆ **နိုင်ငံရေးစာပေဆိုရာမှာ နိုင်ငံရေးဖြစ်စဉ်တွေနဲ့ ပတ်သက်တာ၊ နိုင်ငံရေးကို ကိုယ်တိုင်ဖြတ်သန်းခဲ့သူတွေအကြောင်း၊ အတ္ထုပ္ပတ္တိတွေ၊ အယူဝါဒရေးရာ ကိုယ်စားပြုစာပေတွေ စသဖြင့် များပြားစွာရှိလာမှာဖြစ်**
>
> ❏ **လက်ရှိ အစိုးရမူဝါဒတွေမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ဒီမိုကရေစီ ရှင်သန်အမြစ်တွယ်ရေးအတွက် အထောက်အကူဖြစ်စေမယ့် လစ်ဘရယ်ဒီမိုကရေစီဆိုင်ရာ သမိုင်းကြောင်းဇာစ်မြစ်တွေ၊ ဖြစ်စဉ်တွေနဲ့ ရှေ့အလားအလာများဆိုင်ရာ လေ့လာချက်တွေလည်း ပါဝင်လာမှာဖြစ်**

ဒီအချိန်မှာ အနောက်ဘက်က နိုင်ငံကြီးဖြစ်တဲ့ အိန္ဒိယနိုင်ငံက နေရူးတို့ကိုယ်တိုင်လည်း ဆိုရှယ်လစ်စနစ်ဘက်ကိုပဲ ယိမ်းခဲ့တာပါ။ အရှေ့ဘက်က တရုတ်ပြည်ကတော့ အားလုံးသိတဲ့အတိုင်း လက်နက်ကိုင်တိုက်ပွဲနဲ့ ကွန်မြူနစ်စနစ်ကို အပီအပြင်အကောင်အထည်ဖော်နေတဲ့အချိန် ဖြစ်ခဲ့တာပါ။ ဒါပေမယ့် ၆၀ ပြည့်နှစ်လွန်ကာလတွေမှာတော့ အာရှနိုင်ငံအတော်များများမှာ အာဏာရှင်စနစ်တွေလက်အောက်ရောက်သွားခဲ့ရတာဖြစ်တယ်။ ဒီကာလဟာ အတော်ပဲကြာမြင့်ခဲ့တာဖြစ်ပြီး ၁၉၉၀ စစ်အေးအလွန်ကာလရောက်မှသာ နိုင်ငံအများအပြားဟာ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးတွေရခါစက မျှော်မှန်းခဲ့ကြတဲ့ နိုင်ငံရေးအခြေအနေမျိုးတွေကို တစ်ကျော့ပြန် ရောက်လာကြတာလို့ ဆိုရမှာပါ။

ဒီကာလတွေအတွင်း ထွက်ပေါ်ခဲ့ကြတဲ့ နိုင်ငံရေးစာပေတွေဟာ အဲဒီအချိန်က နိုင်ငံရေးအခြေအနေတွေကို ထင်ဟပ်ခဲ့တာပဲဖြစ်တယ်။ ကျွန်တော်တို့ဟာ လက်ဝဲလက်ယာ၊ မြေပေါ် မြေအောက် အဖျက်သမားစတဲ့ စကားလုံးတွေနဲ့ အတော်ယဉ်ပါးခဲ့တာဖြစ်တယ်။ နောက်ပိုင်းမှာတော့ ဘယ်သူခွဲခွဲ ဒို့မကွဲ၊ သွေးခွဲလာသူ ဒို့ရန်သူဆိုတာမျိုးတွေလည်း ကြားခဲ့ရတာဖြစ်တယ်။ အမျိုးသားနိုင်ငံရေးက မွန်မြတ်ပြီး ပါတီနိုင်ငံရေးက ပါတီအစုအဖွဲ့အကျိုးဖြစ်လို့ မသန့်စင်ဘူးဆိုတဲ့ အယူအဆမျိုးတွေလည်း ကြားခဲ့ကြရတာ ဖြစ်ပါတယ်။

ဒီလိုခေတ်ကာလတွေကို စာအုပ်စာပေတွေမှာ ဘယ်လိုထင်ဟပ်ခဲ့ကြသလဲ၊ နိုင်ငံရေးကို ရှင်သန်အောင် ဘယ်လိုရုန်းကန်ခဲ့ကြရသလဲ ... စတာတွေကို အခုနိုင်ငံရေးပွင့်လန်းလာချိန်မှာ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆွေးနွေးဖို့ လိုလာတာ ဖြစ်ပါတယ်။ နိုင်ငံရေးစာပေဆိုရာမှာ နိုင်ငံရေးဖြစ်စဉ်တွေနဲ့ ပတ်သက်တာ၊ နိုင်ငံရေးကိုကိုယ်တိုင် ဖြတ်သန်းခဲ့သူတွေအကြောင်း၊ အတ္ထုပ္ပတ္တိတွေ၊ အယူဝါဒရေးရာကိုယ်စားပြုစာပေတွေ စသဖြင့် များပြားစွာရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိအစိုးရမူဝါဒတွေမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ ဒီမိုကရေစီ ရှင်သန်အမြစ်တွယ်ရေးအတွက် အထောက်အကူဖြစ်စေမယ့် လစ်ဘရယ်ဒီမိုကရေစီဆိုင်ရာ သမိုင်းကြောင်းဇာစ်မြစ်တွေ၊ ဖြစ်စဉ်တွေနဲ့ ရှေ့အလားအလာများဆိုင်ရာ လေ့လာချက်တွေလည်း ပါဝင်လာမှာဖြစ်ပါတယ်။ တရုတ်ပြည်လိုနိုင်ငံမှာ ၁၉၀၀ ပြည့်နှစ် မတိုင်ခင်ကတည်းက ဂျွန်လော့ခ်၊ ဂျွန်စတူးဝပ်မေးလ်၊ မွန်တက်စ်ကျူး၊ အလက်ဇီတော့ချီဗီးလ်စတဲ့ ပုဂ္ဂိုလ်တွေရဲ့ရေးသားချက်တွေကို ဘာသာပြန်ဆိုမှုတွေ ရှိနေခဲ့ပြီဖြစ်တယ်။ အခု ဒီလိုကွက်လပ်တွေကအစ ဖြည့်ဖို့ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ခြုံလိုက်ရင်တော့ အခုကျင်းပမယ့် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲဟာ ပွင့်လန်းလာတဲ့ နိုင်ငံရေးအခြေအနေနဲ့ အစိုးရသစ်ရဲ့ မှန်ကန်တဲ့ မူဝါဒတွေအောက်မှာ ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒီပွဲမှာ လူကြီးတွေသာမက နိုင်ငံရေးသိပ္ပံဘာသာရပ်ကို စိတ်ဝင်စားတဲ့ လူငယ်၊ လူလတ်တွေပါ ပါဝင်လာဖို့လိုတာ ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးစာပေရဲ့ လစ်ဟာနေတဲ့ အပိုင်းတွေကို ဖြည့်စွက်ရမယ့် တာဝန်ဟာ နိုင်ငံခြားဘာသာတွေကို ပိုမိုကျွမ်းကျင်လာမယ့် လူငယ်၊ လူလတ်တွေအပေါ်ကျရောက်လာမှာ ဖြစ်ပါတယ်။ ဒါကို ပြန်ကြားရေးဝန်ကြီးက အမြော်အမြင်ရှိရှိ စီစဉ်ပေးတာလို့ မြင်ပါတယ်။ ဒီအကြိမ်ဟာ ပထမဆုံးအကြိမ်ဖြစ်သော်လည်း သမားရိုးကျအစဉ်အလာတွေက လမ်းခွဲထွက်လာတဲ့ လက်တွေ့အကျိုးသက်ရောက်မှုတွေနဲ့ အသုံးဝင်မှုတွေကို ထင်ဟပ်ဖြစ်ပေါ်စေမယ့် စာပေလှုပ်ရှားမှုတစ်ခုဖြစ်မယ်လို့ မျှော်လင့်ကြောင်း တင်ပြရပါတယ်။

## ကလေးများအတွက် အဓိကထား၍ စာဖတ်ရှိန်မြှင့်တင်ရေး ပျော်ပွဲရွှင်ပွဲဆောင်ရွက်

**ရန်ကုန် မေ ၂၉**

ကလေးလူငယ်များအတွက် အဓိကထားသော စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုတစ်ခုကို ရန်ကုန်တိုင်းဒေသကြီး မြို့တော်ခန်းမရှေ့မဟာဗန္ဓုလပန်းခြံအတွင်း မေ ၂၈ ရက် ညနေ ၃ နာရီကစတင်ပြီး မြန်မာနိုင်ငံစာကြည့်တိုက်များကွန်ရက်အဖွဲ့ဝင်များဖြစ်သည့် သပြေကလေးလူငယ်စာကြည့်တိုက်၊ ဗဂျီအိမ်ရွှေလျားစာကြည့်တိုက်နှင့် ညောင်ပင်သာ ကလေးစာကြည့်တိုက်တို့ ပူးပေါင်း၍ ပြုလုပ်ခဲ့ကြောင်း သိရ သည်။



အဆိုပါပွဲတွင် ပန်းခြံအတွင်း လာရောက်ကြသော ကလေးသူငယ်များ၊ ရဟန်းသံဃာများ၊ လူကြီးလူငယ်မရွေး စာအုပ်များကို ဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊ သပြေကလေး လူငယ်စာကြည့်တိုက်နှင့် ပူးပေါင်းပါဝင်သောအဖွဲ့များက ထုတ်ဝေသော စာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကလေးများအတွက် ဆေးရောင်စုံပန်းချီဆွဲနိုင်ရန် စီစဉ်ပေးကြသည်။

ထို့အပြင် သုခမခရီးသည်အဖွဲ့က ပညာပေးဇာတ်လမ်းတိုများကို သရုပ်ဖော်ပြသခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေး တေးသီချင်းများကို သရုပ်ပြဖျော်ဖြေခြင်း၊ ပညာပေး လက်ကိုင်စာတန်းများဖြစ်သည့် "စာဖတ်ကြပါစို့"၊ "ဖေဖေစာအုပ်ဝယ်ပေးပါ"၊ "မေမေရေစာဖတ်ပြပါ"၊ 'စာကြည့်တိုက်ကိုသွားကြစို့"စာတန်းများကိုင်ဆောင် ၍ တက်ရောက်လာသော ပြည်သူများက ပါဝင်ဆင်နွှဲကြသည်။

သပြေကလေးလူငယ် စာကြည့်တိုက်တာဝန်ခံတစ်ဦးဖြစ်သူ ဦးမောင်ဇော်က ယခုလို စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို ယခင်က ရန်ကင်းစင်တာ၊ ကျောက်မြောင်း၊ တာမွေ အစရှိသည့် နေရာများတွင် ကျင်းပခဲ့ကြောင်း၊ ဗန္ဓုလပန်းခြံအတွင်း ပြုလုပ်သည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း ပြောသည်။ အဆိုပါလှုပ်ရှားမှုတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်များနှင့် မြို့နယ်များမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှလှ**



## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် မေ ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မွန်နှင့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

(မိုး/ဇလ)

# အံ့မခန်းဖွယ်ကို မျှော်မှန်းခြင်း

အောင်ထူး

**အစိုးရသစ်တက်လာချိန်မှာတော့ မြန်မာပြည်သူတွေဟာ အံ့မခန်းဖွယ်တိုးတက်မှုတွေကို ရရှိကြမယ်လို့ မျှော်မှန်းကြပါတယ်။ အစိုးရသစ်တက်လာတာ မကြာသေးပေမယ့် မိမိတို့လိုလားချက်များ ပြည့်မီခြင်းမရှိသေးရာမှ စိတ်ရှုပ်ထွေးမှု(frustration) တွေဖြစ်လာကြတာကိုလည်းတွေ့ရတယ်။**

မြန်မာစကားပုံမှာတော့ ယနေ့ရေတွင်းတူးပြီး ယနေ့ရေကြည်မသောက်နိုင်ဘူး လို့ဆိုပါတယ်။ ဒါပေမယ့် မျှော်မှန်းချက်၊ လိုလားချက်တွေနဲ့ လက်တွေ့ဖြစ်ရပ်တွေ ကွာခြားလာချိန်မှာ စိတ်ရှုပ်ထွေးမှုတွေကိုဖြစ်စေတတ်တာဟာ ဓမ္မတာပဲဖြစ်ပါ တယ်။ ဒါကြောင့်လည်း အစိုးရသစ်ဟာ ပြည်သူတွေရဲ့လိုလားချက်ကို ဖြည့်ဆည်း ပေးမယ့် ရက် ၁၀၀ စီမံချက်တွေကို ချမှတ်လုပ်ဆောင်တာဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူတွေရဲ့ လိုလားချက်တွေကိုပြည့်မီအောင် ဖြည့်ဆည်းဖို့ကတော့ ရက် ၁၀၀ နဲ့မလောက်ဘူးဆိုတာကိုလည်း အားလုံးက လက်ခံထားပြီးသားဖြစ်ပါတယ်။ ရက် ၁၀၀ ထက်ပိုကြာတဲ့ မဟာဗျူဟာတွေကို ချမှတ်လုပ်ဆောင်သွားကြမှာပဲဖြစ်ပါ တယ်။

ဒီလိုဆိုခဲ့လို့ မြန်မာနိုင်ငံအတွက် အံ့မခန်းဖွယ်(Miracle) မဖြစ်နိုင်ဘူးလား ဆိုတော့မဟုတ်ပါဘူး။ အံ့မခန်းဖွယ်တစ်ရပ်ဖြစ်လာနိုင်ပါတယ်။ ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။ အာရှဒေသမှာ ၁၉၅၀ ပြည့်နှစ်များကစလို့ စီးပွားရေးအံ့မခန်းဖွယ် (Miracle) တစ်ရပ်ဖြစ်ပေါ်ခဲ့ပြီးဖြစ်ပါတယ်။ သူတို့တစ်တွေရဲ့အတွေ့အကြုံတွေ ကို သင်ခန်းစာယူတတ်မယ်ဆိုရင် မြန်မာနိုင်ငံအတွက်လည်း စီးပွားရေးအံ့မခန်း ဖွယ်ရာဟာ မလွဲမသွေရောက်ရှိလာမှာဖြစ်ပါတယ်။ ဒီလိုအံ့မခန်းဖွယ်ဖြစ်ဖို့မှာ ခေါင်းဆောင်မှုကအရေးကြီးသလို ပြည်သူများရဲ့ ပါဝင်ဆောင်ရွက်မှုကလည်း အရေးပါ ပါတယ်။ နာမည်ကြီးနိုင်ငံခေါင်းဆောင်တစ်ဦးရဲ့စကားလိုပေါ့။ အစိုးရက ဘာလုပ်ပေးနိုင်သလဲလို့ မမေးပါနဲ့ မိမိကတိုင်းပြည်အတွက် ဘာလုပ်ပေးနိုင်သလဲ ဆိုတာ အရင်မေးပါဆိုတဲ့စကားကို သတိရကြမယ်ထင်ပါတယ်။

ကျွန်တော်တစ်ခါက Michael Schuman ရေးတဲ့ အံ့မခန်းဖွယ်-အာရှ၏ ဓနရှာပုံတော်ဂန္ထဝင်ပုံပြင်(The MIRACLE: the Epic Story of Asia's Quest for Wealth) ဆိုတဲ့ စာအုပ်ကိုဖတ်ခဲ့ဖူးတယ်။ ဒီစာအုပ်ဟာအံ့မခန်းဖွယ်ကို မျှော်လင့်နေကြတဲ့ ပြည်သူတွေအတွက် နားလည်သဘောပေါက်မှုနဲ့ စိတ်ဓာတ် ခွန်အားကိုဖြစ်ပေါ်စေမယ်လို့ ထင်ပါတယ်။ ဒီစာအုပ်ရဲ့ အစိတ်အပိုင်းအချို့ကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါတယ်။

အာရှနိုင်ငံများအနေဖြင့် ရာစုနှစ်ပေါင်းများစွာဖွံ့ဖြိုးမှုနှောင့်နှေးနေခဲ့ရာမှ လွန်ခဲ့သော မျိုးဆက်သစ်တစ်ခုအတွင်း လျင်မြန်သောဖွံ့ဖြိုးတိုးတက်မှုကိုရရှိခဲ့ ကြပြီး ကမ္ဘာ့စီးပွားရေး၏ အဓိကတွန်းအားရှိသည့် ဒေသတစ်ခုဖြစ်လာသည်။ ယင်းသို့လျင်မြန်သည့် ဖွံ့ဖြိုးတိုးတက်မှုများကြောင့် အာရှနိုင်ငံများတွင် အံ့မခန်း ဖွယ်တစ်ခုကို ဖန်တီးနိုင်ခဲ့သည်ဟုဆိုကြသည်။ ယင်းသို့အံ့မခန်းဖွယ်ကို ဖန်တီးမှု တွင် အာရှနိုင်ငံများ၏ နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင် ခေါင်းဆောင်များ၏ပြတ်သား၍ သတ္တိရှိသောဆုံးဖြတ်ချက်များ၊ စွန့်ထွင်ဆောင်ရွက် မှုများ၊ စွန့်လွှတ်အနစ်နာခံမှုများကြောင့်ဖြစ်သည်ကိုတွေ့ရသည်။

ယင်းအံ့မခန်းဖွယ်ကိုဖန်တီးသူများထဲတွင် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး သမား တိန့်ရှောက်ဖိန်၊ ကျောက်ကျီရန်၊ ဆိုနီကုမ္ပဏီထူထောင်သူ အာကီရိုမိုရီတာ၊ ကိုရီးယားနိုင်ငံ၏ နိုင်ငံထူထောင်ရေးသမားပတ်ချုံဟီး၊ ဒီမိုကရေစီမြှင့်တင်ရေး သမားကင်ဒေးဂျွန်၊ လျူနိုဗိုကွန်ပြူတာထုတ်လုပ်သူလျူချန်ဇီး၊ အိန္ဒိယနိုင်ငံ၏ သတင်းအချက်အလက်နှင့် နည်းပညာကုမ္ပဏီ ဝီပရိုထူထောင်သူအာဇင်းပရမ်ဂျီ၊ စင်ကာပူနိုင်ငံကို ထူထောင်ခဲ့သူ လီကွမ်းယူ၊ ဟောင်ကောင်ကျွန်း၏ ပလတ်စတစ် လုပ်ငန်းရှင် လီကာရှင်း၊ ထိုင်ဝမ်မှ အေဆာ ကွန်ပြူတာလုပ်ငန်းရှင် စတန်ရှီ၊ အင်ဒိုနီး ရှားနိုင်ငံ၏ဖွံ့ဖြိုးမှုကိုဆောင်ကြဉ်းခဲ့သူဆူဟာတို၊ မော်တော်ကားလုပ်ငန်းတွင် ဆန်းသစ်တီထွင်သူဆိုအိချီရိုဟွန်ဒါ၊ အိန္ဒိယနိုင်ငံကို နိုးထစေသူ မန်မိုဟန်ဆင်း၊ မလေးရှားနိုင်ငံ၏စွမ်းအားရှင် ဒေါက်တာမဟာသီမိုဟာမက်စသည်တို့ ပါဝင်ကြသည်။

၁၉၅၀ ပြည့်နှစ်များမှ စတင်ဖြစ်ပေါ်ခဲ့သည့် အာရှ၏အံ့မခန်းဖွယ် စီးပွားရေး တိုးတက်မှုများကို စီးပွားရေးသီအိုရီနောက်ခံဖြင့် ရှင်းပြရန်ပင်ခက်ခဲသည်ဟုဆိုကြ သည်။ ခေတ်သစ်သမိုင်းတွင် အာရှနိုင်ငံများသည် ရေရှည်စီးပွားရေးစန်းပွင့်မှုကို ရရှိခဲ့ကြပြီး သန်းပေါင်း ၃၀၀၀ ကျော်မျှရှိသည့် အာရှပြည်သူများအတွက် တစ်ဦးကျ ဝင်ငွေများကိုကြီးမားစွာ တိုးတက်စေခဲ့ပြီး ဓနဥစ္စာနှင့် စီးပွားရေးအခွင့်အလမ်း များကို ဖန်တီးနိုင်ခဲ့ကြသည်။ ၁၉၆၅ခုနှစ်မှ ၂၀၀၇ခုနှစ် အတွင်း ကိုရီးယားသမ္မတနိုင်ငံ တွင် တစ်ဦးကျဝင်ငွေအဆ ၁၅၀ ၊ ထိုင်ဝမ်တွင် ၇၃ ဆ၊ စင်ကာပူတွင် အဆ ၆၀ ၊ ဟောင်ကောင်တွင် ၄၃ ဆ၊ ဂျပန်တွင် ၄၁ ဆ၊ ထိုင်းနိုင်ငံတွင် ၂၅ ဆ၊ တရုတ်နိုင်ငံတွင် ၂၂ ဆ၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂၂ ဆ၊ မလေးရှားနိုင်ငံတွင် ၁၈ ဆ နှင့် အိန္ဒိယနိုင်ငံတွင် ရှစ်ဆ တိုးတက်ခဲ့ကြသည်။

ယင်းသို့ တစ်ဦးကျဝင်ငွေသိသာစွာတိုးတက်မှုကို စီးပွားရေးပညာရှင်များက "အာရှစီးပွားရေးအံ့မခန်းမှု" (Asian Economic Miracle)ဟုကင်ပွန်းတပ်ခဲ့ကြ သည်။ ၁၉၈၁ခုနှစ်ကို ပြန်ကြည့်လျှင်အာရှသည် ကမ္ဘာပေါ်တွင် ဆင်းရဲနွမ်းပါးမှုအများဆုံး ဒေသဖြစ်ခဲ့သည်။ အာရှလူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် တစ်နေ့လျှင် တစ်ဦးကျဝင်ငွေ ၁ ဒသမ ၂၅ ဒေါ်လာသာ ရရှိခဲ့ကြသည်။ ယင်းဆင်းရဲနွမ်းပါးမှုသည် ၂၀၀၅ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်။ တစ်ချိန်က ဒူးအထိမြုပ်သည့် ရွှံ့လယ်ကွင်း များတွင် အလုပ်လုပ်ခဲ့ကြပြီး သက်ငယ်အိမ်များဖြင့် နေထိုင်ခဲ့ကြလျက် အသက်ရှင်ရုံ စားသောက်နေထိုင်ခဲ့ကြသည့် အာရှပြည်သူအများစုသည် ယခုအခါတွင် ကွန်ကရစ်၊ မှန်တို့ဖြင့် တည်ဆောက်သည့် မိုးမျှော်တိုက်များတွင် အလုပ်လုပ်ကိုင်ကြပြီး ယင်း မိုးမျှော်တိုက်များတွင်ပင်နေထိုင်ကြလျက် နာမည်ကျော် စတားဘတ်ကော်ဖီ (Starbuck Coffee)ကို ဇိမ်ခံသောက်နိုင်ကြပြီ ဖြစ်ပါသည်။

လွန်ခဲ့သောအနှစ် ၄၀ က အာရှပြည်သူများသည် မူလတန်းကျောင်းနေရလျှင်ပင် ကံကောင်းလှပြီဟု ဆိုနိုင်သော်လည်း ယခုအခါ မိမိတို့ သားသမီးများကို နာမည်ကျော် အမေရိကန်တက္ကသိုလ်များသို့ပင် ပို့လွှတ်ကျောင်းထားနိုင်သည့် အခြေအနေရောက်လာ ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်များက အာရှနိုင်ငံများအနေဖြင့် မိမိပြည်သူများကို ဝမ်းဝအောင် ကျွေးမွေးရန် ခက်ခဲခဲ့သော်လည်း ယခုအခါတွင် ဝဝလင်လင် စားသောက်နိုင်ရုံမျှမက

**ခေတ်သစ်သမိုင်းတွင် အာရှနိုင်ငံများသည် ရေရှည်စီးပွားရေးစန်းပွင့်မှုကို ရရှိခဲ့ကြပြီး သန်းပေါင်း ၃၀၀၀ ကျော်မျှရှိသည့် အာရှပြည်သူများအတွက် တစ်ဦးကျ ဝင်ငွေများကိုကြီးမားစွာ တိုးတက်စေခဲ့ပြီး ဓနဥစ္စာနှင့် စီးပွားရေးအခွင့်အလမ်း များကို ဖန်တီးနိုင်ခဲ့ကြ**

အာရှဒေသသည် ကမ္ဘာမည်သည့် ဒေသထက်မဆို ကွန်ပြူတာမှတ်ဉာဏ်အပြားများ (memory chips)၊ အယ်လ်စီဒီရုပ်ရှင် မှန်သားပြင်များ(LCD, LED Display) နှင့် လက်ကိုင်ကွန်ပျူတာ (Laptop)နှင့် စမတ်ဖုန်းများကို အများဆုံးထုတ်လုပ် သည့် ဒေသဖြစ်လာခဲ့သည်။

အာရှ၏ဥစ္စာဓနများကိုအလျင်အမြန် ဖန်တီးနိုင်မှု၏ အကျိုးဆက်သည် အာရှ ဒေသ၏ ပြင်ပသို့ပါ အကျိုးသက်ရောက်မှုရှိသည်ကိုတွေ့ရသည်။ ယင်းအံ့မခန်းမှုကြောင့် အာရှဒေသ၏ ကမ္ဘာပေါ်တွင် ဩဇာလွှမ်းမိုးမှုသည် လွန်ခဲ့သော ၁၄ ရာစုနှစ်က အာရှသားတို့၏ အခြေအနေထက်ပင် ကောင်းမွန်ခဲ့သည်ဟု ဆိုနိုင်သည်။

တစ်ချိန်ကလည်းအာရှသားတို့သည့် ကမ္ဘာကို လွှမ်းမိုးနိုင်ခဲ့ကြသည်။လွန်ခဲ့သော ၁၄ ရာစုနှစ်က အာရှဘုရင်ဖြစ်သည့် မွန်ဂိုခန်သည် မော်စကို-ဘဂ္ဂဒက်မှ ကွန်ဂျိုးဒေသ အထိ လွှမ်းမိုးအုပ်ချုပ်နိုင်ခဲ့ဖူးသည်။ ယခုအချိန်တွင်ဟောင်ကောင်နှင့် ရှန်ဟိုင်းတို့မှ စတော့ဈေးကွက်အတက်အကျသည် နယူးယောက်ဝေါလ်စထရိ(Wall Street)ရှိ ကမ္ဘာ့စတော့ဈေးကွက်များကို အကျိုးသက်ရောက်မှုရှိလာသည်ကိုတွေ့ရသည်။

အာရှနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသည် စာချုပ်စာတမ်းဈေးကွက်၊ ငွေကြေး ဈေးကွက်နှင့် အိုးအိမ်မြေယာဈေးကွက်များတွင် အရေးပါသည့်ဇာတ်ကောင်များဖြစ်လာ ကြသည်။ စီးပွားရေးအားဖြင့် အင်အားတောင့်တင်းလာသည်နှင့်အမျှ နိုင်ငံရေး အင်အားလည်းရှိလာသည်ဖြစ်ရာ ၎င်းတို့၏ မဟာဗျူဟာအကျိုးစီးပွားကိုလည်း ယခင်ကထက် ပိုမိုတက်တက်ကြွကြွဆောင်ကြဉ်းလာသည်ကိုတွေ့ရသည်။

အာရှနိုင်ငံများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်စသည်တို့တွင် တက်ကြွစွာပါဝင်လာသည် နှင့်အမျှ အာဖရိကနိုင်ငံမြို့တော်များသို့ပါ သံတမန်ထိုးစစ်ကိုဆင်နွှဲလာခဲ့ကြသည်။ အထူးသဖြင့် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ငွေရေးကြေးရေးနှင့် သံတမန်ရေးရာ အင်အား ကို ရာသီဥတုပြောင်းလဲမှုကိစ္စ၊ ကုန်သွယ်မှုလွတ်လပ်ခွင့်ပေးမှုကိစ္စ၊ အဏုမြူလက်နက် မပြန့်ပွားရေးကိစ္စနှင့် လူ့အခွင့်အရေးကိစ္စများတွင် ဖြန့်ကြက်လာသည်ကို တွေ့ရ သည်။

အာရှ၏ အံ့မခန်းဖွယ်တိုးတက်လာမှုကြောင့် ဗြိတိသျှသမိုင်းပညာရှင် နီးလ်ဖာဂူဆင်က အာရှ၏ခေတ်မီတိုးတက်လာသည်နှင့်အမျှ အနောက်၏ (နှိုင်းယှဉ်) ကျဆင်းလာမှုသည် ရပ်တန့်၍မရနိုင်ကြောင်း၊ ရလဒ်မှာကမ္ဘာကြီးအပေါ် မဟာဗျူဟာအရ သမားရိုးကျ ရှုမြင်မှုကိုပြန်လည်ညှိနှိုင်းပြောင်းလဲပစ်ရန် လိုအပ် နေပြီဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။

အာရှ၏စီးပွားရေးအင်အားမြင့်တက်လာမှုကြောင့် ကမ္ဘာ့စီးပွားရေးတွင် ကြီးစိုးလွှမ်းမိုးသည့် နိုင်ငံသည် တစ်ခုထက်မကပိုမိုလာခဲ့သည်။ စီးပွားရေးပညာရှင် ဂျက်ဖရီဆက်စ်က ကမ္ဘာ့စီးပွားရေး၏ဗဟိုချက်မသည် အာရှဒေသသို့ ပြောင်းလဲ ရောက်ရှိလာသည့်အခါ အမေရိကန်၏ ကြီးစိုးလွှမ်းမိုးမှုသည်လည်း မလွဲမသွေ လျော့နည်း ကျဆင်းသွားမည်ဟု ၂၀၀၄ခုနှစ်ကပင်ဆိုခဲ့သည်။

ရင်းနှီးမြှုပ်နှံမှု ဘဏ်တစ်ခုဖြစ်သည့် ဂိုးလ်မင်းဆက်စ်က လက်ရှိကမ္ဘာ့ ဒုတိယအကြီးဆုံး စီးပွားရေး အဆောက်အအုံဖြစ်လာသည့် တရုတ်နိုင်ငံအနေဖြင့် ၂၀၄၁ ခုနှစ်တွင် လက်ရှိ ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးစနစ်ဖြစ်နေသည့် အမေရိကန်ပြည်ထောင်စုကို ကျော်ဖြတ်သွားမည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့ ပြီး အိန္ဒိယနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံကိုကျော်လွန်လျက် ၂၀၃၂ ခုနှစ်တွင် တတိယ အကြီးမားဆုံး စီးပွားရေးစနစ်ဖြစ်လာလိမ့်မည်ဟုဆိုပါသည်။

၁၉၉၀ ပြည့်နှစ်များ၏ ငွေရေးကြေးရေးအကျပ်အတည်းများ၊ ၂၀၀၈ခုနှစ် ကမ္ဘာ့ ငွေရေးကြေးရေးအကျပ်တည်းများအနေဖြင့် ကြုံတွေ့ခဲ့ရသော်ငြားလည်း အာရှနိုင်ငံများ၏ အံ့မခန်းမှုသည် မိမိအရှိန်နှင့်မိမိဆက်လက်ရွေ့လျားတိုးတက် လျက်ရှိ သည်ကိုတွေ့ရသည်။ အာရှ၏ဥစ္စာဓနတိုးတက်မှုနှင့်အတူ ဒီမိုကရေစီဆန် သည့် အလေ့အထများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကိုတွေ့ရသည်။ အာရှ ၏ အံ့မခန်းမှုသည် ဆုံးခန်းတိုင်သို့ မရောက်သေးပါ။ ဆက်လက်၍လည်း တိုးတက် အောင် ဆောင်ရွက်နေကြဦးမည်ဖြစ်သည်။

တစ်ဖက်တွင် အာရှ၏ဥစ္စာဓနတိုးတက်မှုကို အာရှပြည်သူအားလုံးခံစားနိုင် ကြရန်လိုသည်။ နိုင်ငံရေးခေါင်းဆောင် နေရူး၏ စကားဖြင့်ညွှန်းရလျှင် "လူများစွာ တို့၏ မျက်လုံးအိမ်တွင် မျက်ရည်စများဖြင့် ဝေနေဆဲဖြစ်ကြောင်း၊ မိမိတို့၏ တာဝန်မှာယင်းမျက်ရည်စများကို ကုန်စင်အောင်သုတ်ပစ်နိုင်ပါမှသာပြီးဆုံးမည်" ဟု ဆိုရမည်ဖြစ်လေသည်။

အမှန်တွင် အာရှ၏ အံ့မခန်းမှုကိုတန်ခိုးတော်ရှင်နှင့် ဖန်တီးရှင်တို့က ဖန်တီးခြင်းမဟုတ်ခဲ့ချေ။ အာရှနိုင်ငံသားတို့၏ စုဆောင်းနိုင်စွမ်းရှိမှု၊ ရိုးသားမှု၊ ကြိုးစားမှု၊ အာရှဒေသ၏ အစဉ်အလာအရယဉ်ကျေးမှုတန်ဖိုးထားမှုများ(Asian Values)ကို ဆက်လက်ထိန်းသိမ်းထားနိုင်မှု၊ အမြင်ကျယ်မှု၊ အမြော်အမြင်ရှိမှုနှင့် အာရှနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ ခေါင်းဆောင်နိုင်စွမ်းရှိမှုနှင့် နိုင်ငံရေး ခေါင်းဆောင်များက ပြုပြင်ပြောင်းလဲမှုများကို သတ္တိရှိရှိစိတ်အားထက်သန် စွာ ပြည်သူများအကျိုးအတွက် ဆောင်ရွက်လိုမှုများကြောင့် ဖြစ်ချေသည်။

အထက်ပါ Michael Schuman ၏ရေးသားချက်သည် စာရေးသူကို ဖမ်းစားခဲ့သည်။ မိမိတို့၏တာဝန်သည် ပြည်သူတို့၏မျက်ရည်စများကိုကုန်စင်အောင် သုတ်ပေးနိုင်ပါမှ ပြီးဆုံးမည်ဖြစ်လေသည်။ ယင်းသို့ ကုန်စင်အောင်သုတ်နိုင်ရန် နိုင်ငံရေးအရ ပြတ်သားသည့်ခေါင်းဆောင်မှုလည်းလိုသည်။ စီးပွားရေးလုပ်ငန်းရှင် များ၏ ထူးချွန်အောင် ဆောင်ရွက်နိုင်ရန်လည်းလိုသည်။ ပညာရှင်များ၏ဖေးမ လမ်းညွှန်မှုလည်းလိုသည်။ လယ်သမားများ၊ အလုပ်သမားများ၏ ထုတ်လုပ်မှု စွမ်းအားတိုးတက်အောင်ဆောင်ရွက်ရန်လည်းလိုသည်။

အမျိုးသမီးထု၏ အင်အားကိုလည်းလိုသည်။ လူငယ်များ၏ အင်အားလည်း လိုသည်။ ဘာသာရေးခေါင်းဆောင်များ၏ စိတ်ခွန်အားလည်းလိုသည်။ လူမှုရေး အသင်းအဖွဲ့များ၏ ပါဝင်ဆောင်ရွက်မှုလည်းလိုပါသည်။ မြန်မာပြည်သူပြည်သား အသီးသီး ၏ ပါဝင်ဆောင်ရွက်မှုလည်းလိုသည်။ စည်းလုံးညီညွတ်ကြဖို့လည်း လိုသည်။ မြန်မာနိုင်ငံအတွက် အံ့မခန်းဖွယ်တစ်ရပ် ဖြစ်ပေါ်ရန်အလှမ်းဝေးသည် မဟုတ်ပါ။ မိမိအနီးဝန်းကျင်တွင်လည်း အံ့မခန်းဖွယ်တွေရှိခဲ့ပြီးပြီ။ အံ့မခန်းဖွယ် တစ်ရပ်ဖြစ်ဖို့အတွက် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြမည်ထင်ပါ သည်။

# ပဲခူးဥပဒေချုပ်ရုံးတွင် ဥပဒေအရာရှိများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ မေ ၂၈ ရက် နံနက် ၈ နာရီက ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသ ကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကျင်းပခဲ့ရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးတင်ဦး၊ ခရိုင်/မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားဝန်ကြီးချုပ်ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး ဥပဒေချုပ် ဦးအုန်းမြင့်က ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

# ဖလမ်းမြို့၌ မိုးရွာသွန်း၍ မြေများအက်ကွဲမှုကြောင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသို့ ပြည်သူများ စနစ်တကျပြောင်းရွှေ့နိုင်ရေးဆွေးနွေးမည်

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း၌ မဲစာရင်းများမှားယွင်းနေမှုအပေါ် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့် ရွေးကောက်ပွဲကာလ၌ မဲစာရင်းမှန်ကန်နိုင်စေရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း၊ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၏ ကချင်ပြည်နယ် မံစီမြို့နယ်တွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွင်း ကျရောက်လျက်ရှိသော ကျေးရွာများ၊ ကျေးရွာမြေများအား သစ်တောရေိယာမှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ လူနေအိမ်များ တိုးချဲ့လုပ်ဆောင်နိုင်ရန်နှင့် စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တော ဧရိယာများ လျှော့ချပေး ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၏ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာ သတ်မှတ်နှုန်းထားအတိုင်း သက်သာသော စရိတ်နှုန်းထားဖြင့် နိုင်ငံသားတိုင်းအပေါ် တစ်ပြေးညီ ဆောင်ရွက်ပေးရန်နှင့် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို မေ ၃၀ နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄) မှ ဦးဇုန်လှယ်ထန်း၏ ဖလမ်းမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပတ်သက်၍ မိုးရွာသွန်းမှုကြောင့် ရွာများအက်ကွဲမှုကြောင့် မြို့ပြစီမံကိန်းသို့ ပြောင်းရွှေ့လိုသူများသည် လူမှုအဆောက်အအုံများဇုန် (Proposed Location for Sport Complex) နှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့်နေရာတွင် ကျူးကျော်ပြောင်းရွှေ့ခွင့်မပြုဘဲ လူနေဇုန် လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့ခွင့်ပြုရန်အစီအစဉ် ရှိ၊ မရှိနှင့် အစိုးရသက်တမ်းကုန်ဆုံးမည့် အချိန်တွင် မြို့ပြစီမံကိန်း မည့်သည့်အဆင့်ရောက်နေသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းသုံးခုနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လက်ပံလှကျေးရွာ၌ မြေငှားဂရန် ဆက်လက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်

**ခင်ဦး မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ အများပြည်သူတို့၏ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေရေးအတွက် ရက် ၁၀၀ အတွင်း မြို့နယ်ဌာနများက လုပ်ငန်းစဉ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ခင်ဦးမြို့နယ် လက်ပံလှကျေးရွာတွင် မြေငှားဂရန်ကို မူလကျေးရွာမြေဧရိယာ ၃၂ ဒသမ ၁၁၄ ဧက အတွင်းရှိ ပြည်သူ ၂၂၅ ဦးထံသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ထုတ်ပေးခဲ့သည်။ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် လျှောက်ထားသော လယ်မြေ ၇ ဒသမ ၆၁ ဧကနှင့် ယာမြေ ၇ ဒသမ ၄၆ ဧကတွင် လ/ယ (၃၀) ခွင့်ပြုမိန့်ရရှိပြီးဖြစ်သော ယာမြေဧရိယာအတွင်းနေထိုင်သော ပြည်သူ ၄၁ ဦးထံသို့ ကျေးရွာမြေငှားဂရန် ဆက်လက်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ရက် ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အလားတူ ၂၀၁၆ ခုနှစ်တွင် မြကန်ကျေးရွာကိုလည်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ရက် ၁၀၀ အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ GPS စနစ်ဖြင့် မြေပြင်ကွက်စိပ်၊ ကွက်ကျဲတိုင်းတာပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# မတ္တရာမြို့နယ်၌ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မတ္တရာ မေ ၂၉**



ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ရက်ပေါင်း ၁၀၀ စီမံချက်ဖြင့် လမိုင်းကျေးရွာအုပ်စု မကြီးကုန်းကျေးရွာကို ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေလ စတုတ္ထပတ်က အဆိုပါကျေးရွာအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် မကြီးကုန်းကျေးရွာနေ ပြည်သူများအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အဆိုပါကျေးရွာ အတွင်းရှိ လမ်းများအား သတ်မှတ်အဝန်းအဝိုင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကျေးရွာနယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း၊ ရွာအဝန်းအဝိုင်းနှင့် အသေးစိတ်မြေပုံတိုင်းတာခြင်း၊ ကွက်စိပ်မြေပုံတိုင်းတာခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ရေရှားပါးသောဒေသများသို့ ရေဘောက်ဆာကားများ လှူဒါန်း

**နေပြည်တော် မေ ၂၉**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် မတ် ၂၆ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ ပြည်သူများအား သောက်သုံးရေများဖြန့်ဝေလှူဒါန်းနိုင်ရန်အတွက် မြို့မိမြို့ဖ ဦးရှုန်မန်းထံ ကမ္ဘောဇဘဏ်လီမိတက်မှ ဦးဝေလင်းအောင်က ရေဂါလန် ၃၀၀၀ ဆံ့ ရေဘောက်ဆာကားသစ်တစ်စီးကိုလည်းကောင်း၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ပြည်သူများအတွက် မြို့မိမြို့ဖ ဦးစာမောင်ထံ ဖလမ်းဘဏ်ခွဲတာဝန်ခံ ဒေါ်စောအိအိထွေးက ရေဂါလန် ၃၀၀၀ ဆံ့ ရေဘောက်ဆာကားသစ်တစ်စီးကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ မတ် ၂၂ ရက်တွင် ကမ္ဘောဇဘဏ်လီမိတက် ကျောက်ဆည်ဘဏ်ခွဲတာဝန်ခံ ဦးဇော်လင်းအောင်က မြို့မိမြို့ဖ ဦးစောလင်းထံသို့လည်းကောင်း၊ ကူမဲမြို့နယ်အတွင်းရှိ ပြည်သူများအတွက် ကျောက်ဆည် ဘဏ်ခွဲတာဝန်ခံ ဦးဇော်လင်းအောင်က မြို့မိမြို့ဖ ဦးတင်ထွေးထံသို့လည်းကောင်း ရေဂါလန် ၃၀၀၀ ဆံ့ ရေဘောက်ဆာကားသစ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါ ဖောင်ဒေးရှင်းသည် ရေရှားပါးသောဒေသများ၌ ၂၀၁၄ ခုနှစ်မှစတင်ကာ စက်ရေတွင်းများတူးဖော်လှူဒါန်းခြင်း၊ ရေလှောင်ကန်များ တူးဖော်လှူဒါန်းပေးခြင်း၊ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်းနှင့် ရေသယ်ယာဉ်များပေးအပ်လှူဒါန်းခြင်းတို့ကို ယနေ့အထိ ဆောင်ရွက်ပေးလျက်ရှိရာ စက်ရေတွင်းပေါင်း ၇၆ တွင်းကို အောင်မြင်စွာတူးဖော်လှူဒါန်းနိုင်ခဲ့ပြီး၊ ရေတိုင်ပေါင်း ၂၃၆ တိုင်နှင့် ရေဘောက်ဆာကားများ လှူဒါန်းမှုအပါအဝင် စုစုပေါင်းငွေကျပ် ၆ ဒသမ ၅ ဘီလီယံကျော် အကုန်အကျခံ သုံးစွဲခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**





မေ ၂၇ ရက်တွင် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက (၂၀) ကျောင်းဝင်းအတွင်းရှိ ရေနုတ်မြောင်းများ၊ ချုံ၊ နွယ်များ ရှင်းလင်းခြင်းတို့ကို မြို့နယ်ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သက်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ထွန်းနှင့် အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ် ကိုကိုရှုပ(နေပြည်တော်)

# ရေယာဉ်များစနစ်တကျပြေးဆွဲရေး ကော်မတီနှစ်ပတ်လည်စည်းဝေး

**ပုသိမ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ရေယာဉ်များစနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီကကျင်းပသော ပထမအကြိမ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး (ကရလဖ/ရော) တို့က အမှာစကားပြောကြားပြီး တစ်နှစ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအားနည်းချက်၊ အားသာချက်များ၊ ငွေစာရင်းပိုင်းဆိုင်ရာများ၊ ရေယာဉ်ပြဿနာများ ဖြေရှင်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တစ်နှစ်ပတ်လုံးတွင် လုပ်ငန်းစွမ်းဆောင်မှုအကောင်းဆုံးသော မြို့နယ်ရစကထူးချွန်ဆုများ၊ တက်ကြွ၍ လုပ်ငန်းစွမ်းဆောင်မှုအကောင်းဆုံးသော ပုဂ္ဂိုလ်ထူးချွန်ဆုများ၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရေယာဉ်ပိုင်ရှင်သား/သမီးများ၏ပညာရည်ထူးချွန်ဆုများ၊ သက်ဆိုင်ရာမြို့နယ်အလိုက်ရုံးအဖွဲ့ထူးချွန်ဆုများ ချီးမြှင့်ခြင်းနှင့် မီးဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ရေယာဉ်ပိုင်ရှင်များအား ထောက်ပံ့ငွေကြေးပေးအပ်ခြင်းများဆောင်ရွက်ခဲ့ပြီး ကရလဖ (ရော) အတွင်းရေးမှူး ဦးရန်နောင်ကျော်နှင့် တိုင်း/မြို့နယ်ရစကအဖွဲ့ဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးနှင့် ကရလဖ (ရော) အမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းနှင့် မြို့နယ် ၂၆ မြို့နယ်မှ ရစကဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရေယာဉ်ပိုင်ရှင်များ၊ စုစုပေါင်း ၁၅၆ ဦး တက်ရောက်ကြသည်။

**တင်လှိုင်(ဟိုတယ်/ခရီး)**

# ပြန်လည်ပြုပြင်သုံးစွဲရန် မသင့်လျော်တော့သည့် ရေယာဉ်/တွဲယာဉ်ဟောင်း ၃၅ စင်းကို လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ လာရောက်လျှောက်ထားသူ သုံးဦးသာရှိ

**ရန်ကုန် မေ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကာလကြာရှည်စွာ ရပ်နားထားပြီး ပြန်လည်ပြုပြင်သုံးစွဲရန် မသင့်လျော်တော့သည့် ရေယာဉ်/တွဲယာဉ်ဟောင်း ၃၅ စင်းကို အိတ်ဖွင့်လေလံတင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ရာ ယနေ့ အထိ လာရောက်လျှောက်ထားသူ သုံးဦးသာရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လေလံတင်ထုခွဲရောင်းချရေး ကော်မတီမှသိရသည်။

"အသုံးပြုလို့ မရတော့တဲ့ ရေယာဉ်ဟောင်းတွေကို နှစ်စဉ် လေလံစနစ်နဲ့ရောင်းတယ်။ ရောင်းချတဲ့အခါမှာလည်း တစ်စင်းချင်း အစင်းလိုက် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်နဲ့ ရောင်းတာဖြစ်တဲ့အတွက် တစ်စင်းနဲ့တစ်စင်းဈေးနှုန်းလည်း မတူနိုင်ပါဘူး။ ဝယ်ယူလိုတဲ့သူတွေ အနေနဲ့ကတော့ ငွေကျပ်သိန်း ၃၀၀ ကို အာမခံစပေါ်ငွေအဖြစ် ပေးသွင်းထားဖို့လိုပါတယ်။ လတ်တလောမှာတော့ လာရောက်လျှောက်ထားသူ သုံးဦးပဲရှိပါသေးတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးသီလသိမ်းက မေ ၂၆ ရက်က ပြောသည်။

အဆိုပါ ရောင်းချမည့် ရေယာဉ်/တွဲယာဉ်ဟောင်းများတွင် သက်တမ်းအားဖြင့်နှစ်ပေါင်း ၇၀ ခန့်ကြာမြင့်သည့် ရေယာဉ်များပါဝင်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မြစ်ဝကျွန်းပေါ်ဌာနခွဲခြောက်ခုတို့တွင် ကာလကြာရှည်စွာ ရပ်နားထားကာ ပြန်လည်ပြုပြင်သုံးစွဲရန် မသင့်လျော်တော့သည့် ရေယာဉ်များဖြစ်ကြောင်း သိရသည်။ အိတ်ဖွင့်လေလံတင်စနစ်ဖြင့် ရောင်းချရာတွင် အမှန်တကယ် ဝယ်ယူလိုသည့်သူများအတွက် အဆင်ပြေစေရန် စီစဉ်ထားပြီး ရေကြောင်းလုပ်ငန်းရှင်အများစု လာရောက်ဝယ်ယူလေ့ရှိကြောင်း သိရသည်။

"လာရောက်ဝယ်ယူတဲ့သူတွေထဲမှာ ပြန်လည်ပြင်ဆင်ပြီး ပြေးဆွဲတဲ့သူတွေလည်း ရှိတယ်။ အများစုကတော့ ပြန်လည်ပြေးဆွဲလို့မရတော့လို့ လိုအပ်တဲ့ အစိတ်အပိုင်းလောက်သာယူပြီး ကျန်တဲ့အပိုင်းကို ပြန်လည်ဖြတ်တောက်ရောင်းချကြတာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုကဲ့သို့ ရောင်းချမှုမျိုးကို နှစ်စဉ်ပြုလုပ်လေ့ရှိပြီး ပြီးခဲ့သည့်နှစ်တွင် အစင်းရေ ၄၀ ခန့်ကိုလည်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါစနစ်ဖြင့် ရောင်းချသွားမှုကို ဇွန် ၇ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)ခန်းမ၌ ပြုလုပ်သွားမည်ဖြစ်ပြီး လျှောက်လွှာများကို မေ ၁၇ ရက်က စတင်လက်ခံခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**



အိတ်ဖွင့်လေလံတင်စနစ်ဖြင့် ရောင်းချသွားမည့် ရေယာဉ်တစ်စင်းကိုတွေ့ရစဉ်

# အနော်ရထာလမ်းပေါ်မှ ကွန်ကရစ်တုံးများ ဖယ်ရှားတော့မည်



**ရန်ကုန် မေ ၂၉**

ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ လိုက်နာနိုင်ရန်အတွက် ယခင်အစိုးရလက်ထက်က ရန်ကုန်မြို့ရှိ လမ်းအတော်များများ၌ ချထားသော ကွန်ကရစ်တုံးများအနက် အနော်ရထာလမ်းမကြီးပေါ်ရှိ ကွန်ကရစ်တုံးများကို ဖယ်ရှားပေးတော့မည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ သိရသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာသည်ကို တွေ့ရသည်။ ထို့ကြောင့် ယာဉ်ကြော ရှင်းလင်းရေးလုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် ယာဉ်မောင်းနေသူများ၏ အသံ၊ ခရီးသွားပြည်သူတို့၏ အသံကိုနားထောင်၍ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့တော်စည်ပင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်း၍ လိုက်လံစစ်ဆေးခဲ့ပြီးနောက် ယခုကဲ့သို့ ပယ်ဖျက်ရန်ဖြစ်လာခြင်းဖြစ်ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ သိရသည်။

အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့(ရန်ကုန်) မှ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက "တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မေ ၂၃ ရက်က သက်ဆိုင်ရာ ဌာနတွေကို ညွှန်ကြားချက်ထွက်ပြီးပါပြီ။ အနော်ရထာလမ်း တစ်လျှောက်ဆိုပေမယ့် ပန်းဆိုးတန်း မှတ်တိုင်လမ်း ၄၀ ကနေ ဆိပ်ကမ်းသာလမ်းကြားမှာရှိတဲ့ တုံးတွေ၊ ကုန်ဈေးတန်း မှတ်တိုင် ၂၈ လမ်းမှ ကုန်ဈေးတန်း လမ်းကြားမှာရှိတဲ့ တုံးတွေကိုတော့ ချန်ထားဦးမှာပါ" ဟုပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတွက် ကွန်ကရစ်တုံးများချထားပြီးနောက် ခရီးသည်တင်ယာဉ်လိုင်းများကို တုံးများနှင့် ပလက်ဖောင်းကြားမှ မောင်းနှင်စေပြီး ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်ငယ်များကို အပြင်လမ်းကြောမှ မောင်းနှင်ထိန်းကျောင်းခဲ့ခြင်းဖြစ်သည်။

အပြင်လမ်းကြောမှ မောင်းနှင်ကြသောယာဉ်များအတွက် အဆင်ပြေမှုများရှိခဲ့သော်လည်း လမ်းကြောတစ်ခုတည်းမှ မောင်းနှင်ရသော လိုင်းကားများနှင့် ခရီးသည်များအတွက် အချိန်ဆုံးရှုံးမှုများစွာ ပေးဆပ်နေကြရသည်။ ယာဉ်လိုင်းများ အခေါက်ရေလျော့လာသည်။ ယာဉ်လုပ်သားများ ဝင်ငွေကျဆင်းလာခဲ့သည်။ ခရီးသည်နှင့် ယာဉ်လုပ်သားများ၏ ညည်းညူသံများက ညံစီနေခဲ့သည်။

ဒုတိယရဲမှူးကြီး အောင်ကိုဦးက "ရှေ့အပတ်အတွင်းလောက်တော့ အကောင်အထည် ပေါ်လာနိုင်မယ်ထင်ပါတယ်။ လုပ်ငန်းနဲ့ ပတ်သက်လို့ စည်ပင်က တာဝန်ရှိသူတွေက ဆောင်ရွက်သွားမှာပါ။ အခုဖယ်လိုက်တဲ့ တုံးတွေကို အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ဂိတ်(၃)နဲ့ ဂိတ်(၄)မှာ ပြန်ချသွားမှာပါ။ နောက်သတင်းတစ်ခုပေးချင်ပါသေးတယ်။ အဲဒါက မဟာဗန္ဓုလလမ်းနဲ့ အနော်ရထာလမ်းကြားက ရွှေတိဂုံဘုရားလမ်းကို တစ်လမ်းမောင်းအဖြစ် မကြာခင် သတ်မှတ်သွားတော့မှာပါ"ဟု ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းကြည့်ရာ " မေ ၂၇ ရက်ကစပြီး တစ်ပတ်အတွင်း ဖယ်ရှားပေးသွားမှာပါ။ ယာဉ်သွားလာမှုရှင်းတဲ့ ည ၉ နာရီနောက်ပိုင်းမှာ ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ချထားသော ကွန်ကရစ်တုံးအားလုံးကို ဖယ်ရှားမည်မဟုတ်ဘဲ လိုအပ်သောနေရာများတွင် ဆက်လက်ထားရှိမည်ဖြစ်ပြီး ကွန်ကရစ်တုံး ဖယ်ရှားလိုက်သည့်နေရာများတွင် မျဉ်းဝါများ ပြန်လည်ရေးဆွဲပေးထားမည်ဖြစ်ပြီး ဖယ်ရှားသောတုံးများကိုလည်း လိုအပ်သော နေရာများတွင် ပြန်လည် ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

အနော်ရထာလမ်းတစ်လျှောက် ဗိုလ်တထောင်ဘုရားလမ်းမှ လမ်းမတော်ကျုံးကြီးလမ်းအထိ ကွန်ကရစ်တုံး ချထားမှုမှာ အတုံး ၄၀၀ ခန့်ရှိမည်ဖြစ်ပြီး ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်း ကွန်ကရစ်တုံး ၄၄၀၀၀ ကျော်ချထားခဲ့ရာ ယင်းကုန်ကျမှုစရိတ်မှာ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်ရှိကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)**
**ဓာတ်ပုံ- မြင့်အောင် (စက်မှု/ဆေးဝါး)**

## ကျောက်တံခါး-သမင်အင်းကုန်းသွားကျေးလက်တံတား စေတနာရှင်နှင့် ဒေသခံများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်

**ကျောက်တံခါး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ကျေးလက်တံတားတစ်စင်း ယိုယွင်းပျက်စီးနေသည်ကို အလှူရှင်တစ်ဦး၏ မတည်မှုဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နှင့် သမင်အင်းကုန်းကျေးရွာသို့ ဆက်သွယ်ထားသော သုံးမိုင်ခန့်ရှည်လျားသည့် ကျေးလက်ဂဝံလမ်းပိုင်းတွင် ခိုလိုကျေးရွာ အနီးကျားချောင်းတံတားမှာ ယိုယွင်းပျက်စီးနေ၍ ခိုလိုကျေးရွာနေအလှူရှင်တစ်ဦးက ငွေကျပ်သိန်းနှစ်ရာမတည်ကာ သမင်အင်းကုန်းကျေးရွာနှင့် ခိုလိုကျေးရွာမှ ဆရာတော်များ၊ ကျေးရွာနေပြည်သူများစုပေါင်းကာ လုပ်အားအလှူဒါနပြုလုပ်ပြီး အဆိုပါတံတားကို ယခုနှစ်မေလဆန်းတွင် စတင်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီတံတားက သစ်သားတံတားဖြစ်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ခန့်က တည်ဆောက်ထားတာဖြစ်ပါတယ်။ အခုတော့ လုံးဝသွားလို့မရတော့လို့ အလှူရှင်ဒေါ်ခွေးမက ငွေကျပ် သိန်းနှစ်ရာမတည်ပြီး တည်ဆောက်တာပါ။ ဒီလမ်းပိုင်းဟာ ကျောက်တံခါးမြို့နဲ့ ခိုလို-သမင်အင်းကုန်း-ကျောက်စရစ် စစ်တောင်းမြစ် ကူးတို့ဆိပ်အထိ ဆက်သွယ်ဖောက်လုပ်ထားတာကြောင့် ကျေးလက်နေပြည်သူတွေ ကုန်စည်ပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေးအရ သွားလာမှုလွယ်ကူတဲ့၊ အချက်အချာကျတဲ့ လမ်းပိုင်းတစ်ခုဖြစ်ပါတယ်။ အခုဒီတံတားကို အရှည်ပေ ၆၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၁၅ ပေ အောက်ခံအုတ်ခုံ သံပေါင်ရက်မကွန်ကရစ်ခင်း တံတားအမျိုးအစားအဖြစ် တည်ဆောက်သွားမှာပါ"ဟု ခိုလိုကျေးရွာနေ ဦးစာကူးက ပြောသည်။

**ခင်ကို(ကျောက်တံခါး)**



# လှိုင်သာယာစက်မှုဇုန်လုပ်ငန်းရှင်များ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ကျပ် ၂၂၅ သိန်းတန်ဖိုးရှိ သင်ထောက်ကူပစ္စည်းများထောက်ပံ့

**ရန်ကုန် မေ ၂၉**
လှိုင်သာယာမြို့နယ်အတွင်းရှိ ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ၂၂၅ သိန်းတန်ဖိုးရှိသော သင်ထောက်ကူပစ္စည်းများအား လှိုင်သာယာစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းရှင်များနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီက လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်သော စက်မှုဇုန်လုပ်ငန်းရှင်များကိုယ်စား စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး (ယာပုံ) လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးကိုက ကျေးဇူးတင်စကားပြောကြားသည်။

"မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တွေက ရပ်ကွက်၊ ကျေးရွာတွေမှာ ချို့တဲ့ကျောင်းသားတွေရဲ့စာရင်းကို ကောက်ထားတယ်။ စာရင်းရှိ ကျောင်းသားငါးသောင်းရဲ့ အိမ်တွေကိုသွားပြီး စာအုပ်၊ ကျောပိုးအိတ်၊ ခဲတံ၊ ပေတံနဲ့ ဘောပင်တို့ကို ဒီနေ့ကစပြီး မျှဝေထောက်ပံ့ပေးသွားမယ်လို့ သိရတယ်။ ဒီနှစ် ရွှေ့ပြောင်းမိသားစုများတဲ့အတွက် ကျောင်းသားဦးရေတိုးနိုင်ပါတယ်။ ရက် ၁၀၀ စီမံချက်အရ ကျောင်းအပ်နှံရေး၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနဲ့ ကျောင်းကျန်းမာရေး စီမံချက်ဆိုပြီးပါပါတယ်။ တစ်မြို့နယ်လုံးမှာရှိတဲ့ ကျောင်းတွေကို အကောင်အထည်ဖော်သွားမှာပါ။ ချို့တဲ့နေတဲ့ကလေးတွေကို ကျောင်းနေနိုင်ဖို့ မိဘတွေကိုစည်းရုံးပြီး ကလေးတွေ စာသင်ခန်းထဲရောက်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဦးတင်လှိုင်က ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**



# KG သူငယ်တန်းတက်ခွင့်ထုတ်ပြန်အပြီး ကျောင်းသားအမည်မပါသည့် မိဘများ အခက်ကြုံ

**မန္တလေး မေ ၂၉**
၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် KG သူငယ်တန်းတက်ရောက်ခွင့်ကို မေ ၂၈ ရက် နံနက်က မန္တလေးအောင်မြေသာစံမြို့နယ် (၈၆ × ၁၄) လမ်းထောင့်ရှိ အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း၌ ထုတ်ပြန်ခဲ့ပြီးနောက် ကျောင်းအပ်ခွင့်မရသော ကျောင်းသားမိဘများ အခက်အခဲနှင့် ကြုံတွေ့ကြရသည်ဟု ဆိုသည်။

"ကျွန်မတို့သားသမီးတွေ ကျောင်းအပ်နှံရေး သီတင်းပတ် အစနေ့ မေ ၂၅ ရက်မှာ လိုအပ်တဲ့ စာရွက်စာတမ်းအပြည့်စုံနဲ့ ကျောင်းအပ်ခဲ့တာပါ၊ ဒီနေ့မှ သူငယ်တန်း KG တက်ရောက်ခွင့်ရှိသူများ စာရင်းထုတ်ပြန်ခဲ့တော့ ကျွန်မတို့ သားသမီးတွေ မပါတာတွေ့ရတယ်။ အခုချိန်မှ ကျောင်းပြောင်းအပ်ရင် ကျောင်းတွေက လူပြည့်ကုန်လို့ ကျွန်မတို့မှာ အခက်အခဲဖြစ်ရတယ်။ ကျောင်းစတင်အပ်နှံစဉ်က စိစစ်ပြီးအပ်နှံမှုကို လက်သင့်ခံသင့်ပါတယ်။ တက်ရောက်ခွင့်လျှောက်လွှာကို အတိုင်းအစမရှိလက်ခံပြီး လူများနေလို့ ဖြတ်လိုက်ရတယ်ဆိုတာ ကျောင်းအပ်နှံစဉ်ကပဲ ဖြစ်သင့်ပါတယ်။ ကျွန်မတို့သားသမီးကို ဘယ်မှာအပ်နှံရမှာလဲ။ ကျောင်းတော်တော်များများက လူပြည့်ကုန်လို့ လျှောက်လွှာတွေပိတ်ကုန်ချိန်မှ ဒီလိုဖြစ်ရတာဟာ ပွင့်လင်းမြင်သာမှု မရှိတာပါ။ အဲဒီနေ့မှာပဲ လျှောက်လွှာတစ်ခါတည်း မပါတာသိရင် အခြားကျောင်းကို သွားအပ်မှာပါ"ဟု ကျောင်းတက်ရောက်ခွင့် မရရှိသော ကျောင်းသားမိဘများက ပြောကြားခဲ့သည်။

အဆိုပါကျောင်း၌ ကျောင်းသားကျောင်းသူ ၄၀၀ ကျော် ကျောင်းအပ်နှံသော လျှောက်လွှာများ လက်ခံခဲ့ပြီး ကျောင်းသား ကျောင်းသူ ၃၀၂ ဦးသာ တက်ရောက်ခွင့် ရရှိခြင်းကြောင့် ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ကျောင်းအပ်နှံပြီး ဖြုတ်ခံရခြင်းဖြစ်သည်။

"အခုလက်ခံထားတဲ့ ကျောင်းသားအရေအတွက် ၃၀၀ ကျော်ဟာ အလွန်များတဲ့ ကျောင်းသားဦးရေဖြစ်တယ်။ KG သူငယ်တန်းဟာ အရင်လို စာသင်ရုံသက်သက်မဟုတ်ဘဲ ကျောင်းသားများ ဗဟိုပြုပညာရေးစနစ်အဖြစ် ပြောင်းလဲခဲ့တာကြောင့် ဆရာကျောင်းသား စာသင်ခန်းနိုင်မှာ မဟုတ်ဘူး"ဟု ပညာရေးဌာနမှ အငြိမ်းစားတစ်ဦးက ပြောသည်။

အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာကြီး ဦးဝင်းမော်က "ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနရဲ့ မူအတိုင်း အပ်နှံခြင်းကို လက်ခံထားတာပါ။ ကျောင်းသားဟောင်း ညီအစ်ကိုအမျိုးရှိတဲ့လူကို ဦးစားပေးရွေးချယ်လိုက်တာပါ။ ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ပိုစတာတွေလည်း ကပ်ထားပါတယ်။ ကျောင်းသားမိဘတွေက သားသမီးဇောကပ်နေလို့ ဒေါသဖြစ်ကြတာပါ"ဟု ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်ထူး**



# အင်းစိန်ဗဟိုအကျဉ်းထောင်၌ နှစ်ထပ်ကျောင်းဆောင်ဖွင့်

**အင်းစိန် မေ ၂၉**
အကျဉ်းဦးစီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်၌ အမှတ်(၁၃) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းခွဲ၏ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၉ ရက်က ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဌေး၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် မြောက်ပိုင်းခရိုင် ပညာရေးမှူး ဒေါ်စန်းစန်းသီတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဌေး၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ အင်းစိန်ဗဟို အကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးနှင့်တာဝန်ရှိသူများ၊ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အရာထမ်း၊ အမှုထမ်းများ၊ ပညာသင်ကြားနေသော ပြစ်ဒဏ်ကျအကျဉ်းသားများ တက်ရောက်ခဲ့ကြသည်။

**(မြန်မာ့အလင်း)**



# နတ်တလင်း၌ ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

**နတ်တလင်း မေ ၂၉**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၈ ရက် နံနက်က ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့လှူဒါန်းသော စာအုပ်များ၊ ပညာရေး ဝန်ကြီးဌာနက လှူဒါန်းသော ပုံနှိပ်စာအုပ်များ၊ မူလတန်းအဆင့် ကျောင်းဝတ်စုံများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က အခြေခံပညာကျောင်းများကို အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**(၀၆၂)**

# ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**လယ်ဝေး မေ ၂၉**
နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၉ ရက် နံနက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကို သီဆိုဖွင့်လှစ်ပြီး **(အောက်ပုံ)** နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးအေးမောင်စိန်က အမှာစကားပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ်ပညာရေးမှူးက ပညာရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကြာညိုက အခမဲ့ဗလာစာအုပ်၊ ပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် KG Kit ပုံးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**




# တစ်ခါတစ်ရံ မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

**နေပြည်တော် မေ ၂၉**
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။

**(မိုး/ဇလ)**

✱ *ရှေ့ဖုံးမှ*

ဒေသခံများ၏ ဥယျာဉ်ခြံမြေလယ်ယာများအတွက် လျော်ကြေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းအပိုင်းအဆင့်မြှင့်တင်ခြင်းသည် အာရှဖွံ့ဖြိုးရေးရန်ပုံငွေ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀၊ အာဆီယံအခြေခံအဆောက်အအုံ ရန်ပုံငွေ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၂၀၊ နိုင်ငံတော်အစိုးရမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၁၂၁ ဒသမ ၈ သန်း လျာထားကုန်ကျမည်ဖြစ်သည်။

အိန္ဒိယ-ကော့ကရိတ် လမ်းအပိုင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းတွင် မြို့ရွာများအပြင်ဘက်၌ ၁ နာရီလျှင် ၈၀ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်နိုင်မည်ဖြစ်ပြီး ကျားကလေးနှင့် ဂျိုင်းကြား နှစ်စဉ်ရေနစ်မြုပ်ခြင်းမှ ရှောင်ရှားနိုင်ရန် ၁၈ ကီလိုမီတာ လမ်းအပိုင်းတာပေါင်မြှင့်တင်ခြင်း၊ အိန္ဒိယ၊ ကော့ကဒါ၊ သာယာကုန်း၊ ကျုံဒိုးတို့တွင် လမ်းဆုံများကို အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ လမ်းကိုအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန် တိုးချဲ့ခြင်း၊ ကုန်တင်ယာဉ်များနှင့် လူစီးကားများအပြင် မော်တော်ဆိုင်ကယ်များသွားရန် သီးသန့်တည်ဆောက်ခြင်း၊ ကျုံဒိုးဆိပ်ကမ်းပတ်လမ်း တည်ဆောက်ခြင်း၊ လမ်းသွားလမ်းလာများနှင့်အနေးယာဉ်များအတွက် လမ်းပခုံး တည်ဆောက်ခြင်း အဆိုပါလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်တံတား)အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ချေးငွေထောက်ပံ့မှုဖြင့် ဂျိုင်းတံတား တည်ဆောက်ခြင်းများ ပါဝင်မည်ဖြစ်သည်။

အဆိုပါလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းပြီးစီးပါက ထိုင်းနိုင်ငံနှင့် ဆက်သွယ်မှု တိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်း ခရီးသွားလာချိန်လျော့နည်းစေ၍ စရိတ်သက်သာလာခြင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမှ ကင်းဝေးခြင်း၊ လမ်းအန္တရာယ်ကင်းရှင်းခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ထို့အပြင် ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များအတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်ကာ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

◆ *ရှေ့ဖုံးမှ*

မရှိခြင်းအခြေအနေများကို စစ်ဆေးစမ်းသပ်ကြည့်ရှု၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ လာရောက်လေ့လာကြသူများအနေဖြင့် လိုဏ်ဂူအတွင်း၌သာမက အပြင်ရှိ သုံးထပ်ရေတံခွန်ကိုလည်း အန္တရာယ်ကင်းရှင်းအောင် ကျောက်စီကွန်ကရစ် လျှောက်လမ်းများ ပြုလုပ်ပေးထားပြီးဖြစ်၍ စိတ်ချလက်ချ သွားရောက်နိုင်ပြီဖြစ်သည်။ ပိတ်ချင်းမြောင်ဂူသို့ နေ့စဉ် ဧည့်သည်အများအပြား လာရောက်လည်ပတ်လျက်ရှိနေကြောင်း သိရသည်။

# ဗင်နီဇွဲလားအစိုးရ၊ အတိုက်အခံအုပ်စုများနှင့် စေ့စပ်ညှိနှိုင်းသူများ ဒိုမီနီကန် သမ္မတနိုင်ငံ၌ တွေ့ဆုံ




ဗင်နီဇွဲလားသမ္မတ မက်ဒူရို မေ ၂၇ ရက်က (၁၆) ကြိမ်မြောက် ဝန်ကြီးအဆင့်ကောင်စီအစည်းအဝေး၌ ဆွေးနွေးပြောကြားစဉ်

**ကရာကတ် မေ ၂၉**

ဗင်နီဇွဲလားအစိုးရ ထိပ်ပိုင်းခေါင်းဆောင်များနှင့် အတိုက်အခံအုပ်စုများက ၎င်းတို့သည် ဒိုမီနီကန်သမ္မတနိုင်ငံ၌ ကြားဝင်စေ့စပ်ပေးသော အုပ်စုများနှင့်အတူ ဗင်နီဇွဲလားနိုင်ငံအတွင်း လတ်တလော ပေါ်ပေါက်နေသော စီးပွားရေးအကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ပြောသည်။

ရေနံဈေးကျဆင်းမှုနှင့် ဆိုရှယ်လစ်ပုံစံ စီးပွားရေးပြိုလဲပြီးနောက် အိုပက်အဖွဲ့ဝင်နိုင်ငံသည် စီးပွားရေး ကျဆင်းမှုများနှင့် ရင်ဆိုင်နေရသည်။ လွန်ခဲ့သောနှစ်က အတိုက်အခံအုပ်စုများ သည် အဓိကနေရာများ၌ အောင်မြင်မှုများ ရရှိပြီးနောက် သမ္မတနီကိုးလပ် မက်ဒူရိုသည် နိုင်ငံတော်၏ ဥပဒေပြုအဖွဲ့ နှင့် ဝေးကွာလာကာ မလှုပ်သာမရှားသာ ဖြစ်လာသည်။

အဖွဲ့နှစ်ဖွဲ့စလုံးဘက်မှ ၎င်းတို့သည် ယခင် စပိန်ဝန်ကြီးချုပ်ဟောင်း လူးဝစ်ရိုဒရီ ဇက်ပတာရို၊ ပနားမားသမ္မတဟောင်း မာတင်တိုရီဂျို့စ်၊ ဒိုမီနီကန်သမ္မတနိုင်ငံမှလီယိုနယ် ဖာနန်ဒတ်စ်တို့နှင့် တွေ့ဆုံခဲ့သည်ဟု ပြောသည်။ သောကြာနေ့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် စပိန်ဝန်ကြီးချုပ်ဟောင်း ဇက်ပတာရိုနှင့် စကားပြောခဲ့ပြီး အမေရိကန် ပြည်ထောင်စုအနေဖြင့် ယခုပြုလုပ် လျက်ရှိသော စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းများကို ကြိုဆိုကြောင်း၊ စေ့စပ်ညှိနှိုင်းမှု ပြုလုပ်သူများကို လိုအပ်သည့် အကူအညီ များပေးရန် အသင့်ရှိကြောင်း ပြောခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အတိုက်အခံဘက်မှ ဒီမိုကရက်တစ်အင်အားစု မဟာမိတ်အဖွဲ့က အစည်းအဝေးသို့ တက်ရောက်လာသော ၎င်းတို့အဖွဲ့၏ ကိုယ်စားလှယ်များသည် သမ္မတမက်ဒူရိုနှင့်ပတ်သက်၍ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန်အစိုးရနှင့် ညှိနှိုင်းပြောဆိုခြင်းများ မရှိကြောင်းနှင့် ဖမ်းဆီးခံထားရသည့် အတိုက်အခံခေါင်းဆောင်များကို ပြန်လွှတ်ပေးရန်နှင့် ကာလရှည်ကြာစွာ ဖြစ်ပေါ်နေရသည့် အခြေခံစားသောက်ကုန်များ ပြတ်တောက်မှုကိုဖြေရှင်းရန် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ပတ်သက်၍ ကြားဝင်ညှိနှိုင်းစေ့စပ်သူများနှင့် ဆွေးနွေးခဲ့ကြောင်း ပြောသည်။

**(ရိုက်တာ)**

# တရုတ်နိုင်ငံ၌ ဒရုန်းတစ်စင်းကြောင့် လေယာဉ် ၅၅ စင်း ကြန့်ကြာမှုဖြစ်

**ပေကျင်း မေ ၂၉**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ လေဆိပ်တစ်ခု၌ ဒရုန်းတစ်စင်း ပျံသန်းနေမှုကြောင့် အခြားလေယာဉ် ၅၅ စင်း သောင်တင်နေခဲ့ရကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြသည်။

အဆိုပါ လူလိုက်ပါခြင်းမရှိသော လေယာဉ်သည် ယမန်နေ့ ညနေ ၆ နာရီ မိနစ် ၂၀ က စီချွမ်ပြည်နယ် ချန်ဒူးရှန်လု နိုင်ငံတကာလေဆိပ်အထက်၌ ပျံသန်းနေမှုကြောင့် အရှေ့ဘက်လေယာဉ်ပြေးလမ်းရှိ ထွက်ခွာမည့် လေယာဉ် ၅၅ စင်းပျံသန်းမှု နှောင့်နှေးခဲ့ရကြောင်း လေဆိပ်ဝန်ထမ်းတစ်ဦး၏ ပြောစကားကို နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ကိုးကားဖော်ပြထားသည်ကို တွေ့ရသည်။

ဒရုန်းတစ်စင်းကြောင့် အခြားလေယာဉ် ၅၅ စင်း လေဆိပ်၌ သောင်တင်နေရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ လေယာဉ်ပြေးလမ်းသည် ညနေ ၇ နာရီ မိနစ် ၄၀ တွင် ပုံမှန်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(ပီတီအိုင်)**

# တရုတ်နိုင်ငံ၌ ရေကြီးမှုကြောင့် ငါးဦးသေဆုံး၊ သုံးဦး ပျောက်ဆုံး

**ပေကျင်း မေ ၂၉**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံစီရင်စု၌ ရေကြီးမှုကြောင့် အနည်းဆုံး လူငါးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေကြောင်း သိရသည်။

ယမန်နေ့က ခရီးသွားဧည့်သည်များ အများအပြား လာရောက်လည်ပတ်ရာ ကျန်းမင်းမြို့ရှိ ဖန်ဟွာရှာ သဘာဝရှုခင်းနေရာများတွင် စတင်ရေကြီးခဲ့ကြောင်း ပြည်တွင်းအရေးပေါ်ဌာနက ပြောသည်။ ယင်းနေ့ည ၇ နာရီ ၁၀ မိနစ်တွင် လူခြောက်ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ကျန်းမင်းမြို့တွင် ယမန်နေ့ က မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

**(ပီတီအိုင်)**

# တောင်ကာရိုလိုင်းနားသို့ အပူပိုင်းမုန်တိုင်းဝင်ရောက်

**ဝါရှင်တန် မေ ၂၉**

ယခုနှစ်အစောပိုင်းကတည်းက အမေရိကန်ကို ခြိမ်းခြောက်နေသော အပူပိုင်းမုန်တိုင်း ဘွန်နီသည် စနေနေ့က အတ္တလန္တိတ်တွင် အနည်း ငယ်အားကောင်းလာပြီး တနင်္ဂနွေနေ့ညနှင့် တနင်္လာနေ့တို့တွင် တောင်ကာရိုလိုင်းနားကမ်းရိုးတန်းကို ဖြတ်လျက်ဗဟိုပြုဖြစ်ပေါ်နိုင်ကြောင်း အမျိုးသား ဟာရီ ကိန်းဌာနက ပြောသည်။

ဘွန်နီသည် အတ္တလန္တိတ် ဟာရီကိန်းမုန်တိုင်းရာသီမစမီ လေးရက် ကြို၍ ဖြစ်ပေါ်ခဲ့ပြီး တောင်ကာရိုလိုင်းနား ဆာဗနားမြစ်မှ အစပြု၍ အပူပိုင်းမုန်တိုင်းတစ်ခုအဖြစ် ရောက်ရှိနိုင်ကြောင်း သတိပေးထားသည်။ မုန်တိုင်းဝင်ရောက်လျှင် တစ်နာရီ အနည်းဆုံး ၄၅ မိုင်ခန့် တိုက်ခတ်နိုင် ကြောင်း အဆိုပါ ဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ စနေနေ့က ဖြစ်ပေါ်ခဲ့သော အပူပိုင်းလေဖိအားနည်းရပ်ဝန်းတစ်ခု ကြောင့် ဖြစ်နိုင်ကြောင်း အမျိုးသား ဟာရီကိန်းဌာနက ဖော်ပြခဲ့သည်။

အပူပိုင်းမုန်တိုင်းအခြေအနေသည် နောက်ထပ် ၁၂ နာရီအတွင်း တနင်္ဂနွေနေ့ နှောင်းပိုင်းအချိန်မှစ၍အား လျော့သွားနိုင်ကြောင်း ခန့်မှန်း ထားသည်ဟု ဟာရီကိန်းဌာနက ပြောသည်။ ဘွန်နီ၏ ဗဟိုပြုချက်သည် တနင်္ဂနွေနေ့ညနှင့် တနင်္လာနေ့တို့တွင် တောင်ကာရိုလိုင်းနားသို့ ဖြတ်ကျော် ဝင်ရောက်ပြီး မြောက်ဘက်မှ အရှေ့မြောက်ဘက်အရပ်သို့ ဆက်ရွေ့သွားဖွယ်ရှိကြောင်း သိရသည်။

မုန်တိုင်းကြောင့် အချို့ဒေသများတွင် မိုးရေချိန် ခြောက်လက်မခန့် ရွာသွန်းနိုင်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ကာ့ဒ်များတိုက်ပွဲဖြစ်ပွားရာ စစ်မြေပြင်၌ အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်များကိုတွေ့ရ

**ဘဂ္ဂဒက် မေ ၂၉**

အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့ဝင်များသည် မိုလ်ဆူးမြို့အနီး အိုင်အက်စ်တို့ သိမ်းပိုက်ထားသည့်ရွာများကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် ကာ့ဒ်ပက်ရှ်မီဂါတပ်ဖွဲ့များနှင့်အတူ တနင်္ဂနွေနေ့က တိုက်ပွဲများဆင်နွှဲလျက်ရှိကြောင်း ရိုက်တာ သတင်းတစ်ရပ်အရ သိရသည်။

တိုက်ပွဲဖြစ်ပွားရာနေရာ၏ အရှေ့ဘက်မိုင်အနည်းငယ်အကွာ ဟက်(စ်)ဆန်ရှာမီ၏ အပြင်ဘက်တွင် သံချပ်ကာကားများနှင့်အတူ တပ်ဖွဲ့ဝင်များကိုလည်း တွေ့ရှိခဲ့ရသည်။ ၎င်းတပ်ဖွဲ့ဝင်များသည် အင်္ဂလိပ် စကားပြောဆိုကြပြီး မည်သည့် နိုင်ငံသားဖြစ်သည်ကို မသိရပေ။ အစောပိုင်းသတင်းများအရ ၎င်းတို့မှာ အမေရိကန်များဟု သိရသော်လည်း တရားဝင်အတည်ပြုနိုင်ခြင်း မရှိပေ။

ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့ပြောရေးဆိုခွင့်ရှိသူ အမေရိကန်တပ်မှ ဗိုလ်မှူးကြီး စတိဗ့်ဝါရန်က အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်များသည် ကာ့ဒ်ပက်ရှ်မီဂါတပ်ဖွဲ့ဝင်များကို အကြံဉာဏ်များပေးကာ စစ်ဆင်ရေး၌လည်း အကူအညီပေးလျက်ရှိသည်ဟု ပြောသည်။

အီရတ်ရှိ ကာ့ဒ်ပက်ရှ်မီဂါတပ်ဖွဲ့သည် တနင်္ဂနွေနေ့အစောပိုင်းက ကာ့ဒ်မြို့ အီဘယ်လ်၏ လမ်းဘေးတစ်လျှောက်ရှိ မိုလ်ဆူးမြို့အရှေ့ဘက် ကီလိုမီတာ ၂၀ အကွာ ရွာများကိုသိမ်းပိုက်နိုင်ရေး တိုက်ပွဲများ ပြုလုပ်လျက်ရှိသည်။

**(ရိုက်တာ)**

# အီရတ်တပ်ဖွဲ့ဝင်များ ဖော်လူဂျာမြို့ကိုသိမ်းပိုက်နိုင်ရန်နီးစပ်

**ဘဂ္ဂဒက် မေ ၂၉**

အီရတ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်စစ်သွေးကြွများလက်ထဲမှ အီရတ်နိုင်ငံအလယ်ပိုင်း ဖော်လူဂျာမြို့ကို သိမ်းပိုက်နိုင်ရန် နီးစပ်လာကြောင်း သိရသည်။

အီရတ်တပ်ဖွဲ့ဝင်များနှင့်ဖော်လူဂျာမြို့ကို သိမ်းပိုက်ထားသော စစ်သွေးကြွများနှင့်လွန်ခဲ့ သော တနင်္လာနေ့မှစ၍ တိုက်ပွဲကြီးများဖြစ်ပွားလျက်ရှိသည်။ သောကြာနေ့၌ အီရတ်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့အနီး ဂါမာဒေသတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ဂါမာမြို့သည် အိုင်အက်စ်စစ်သွေးကြွများ အခိုင်အမာတပ်စွဲထားရာမြို့လည်းဖြစ်သည်။

ရှေ့တန်းစစ်မျက်နှာပြင်တွင် တိုက်ခိုက်နေသော အီရတ်တပ်မှူးတစ်ဦးက ယခုတိုက်ပွဲ၌ ရရှိသောအောင်မြင်မှုသည် ကြီးမားကြောင်း၊ အိုင်အက်စ်စစ်သွေးကြွများ၏စိတ်ဓာတ်ကို ချိုးနှိမ်နိုင်ကြောင်း၊ မျှော်လင့်ချက်ကင်းမဲ့အောင်လုပ်ဆောင်နိုင်ခဲ့ကြောင်း ပြောသည်။

အထူးတပ်ဖွဲ့ဝင်များနှင့် အခြားတပ်ဖွဲ့များမှာ ဖော်လူဂျာမြို့အပြင်ဘက်တွင်တပ်စွဲထားကြောင်း၊ ဖော်လူဂျာမြို့ကို သိမ်းပိုက်နိုင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အီရတ်တပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ ဖော်လူဂျာမြို့၌ ပုန်းအောင်းနေသော အိုင်အက်စ်တိုက်ခိုက်ရေးသမားရာပေါင်းများစွာတို့သည် ဒေသခံပြည်သူများကို လူသားဒိုင်းများအဖြစ် အသုံးပြုနိုင်သည်ဟုလည်း ယူဆရသည်။ အီရတ်တပ်ဖွဲ့ဝင်များ၏ အဓိကရည်ရွယ်ချက်မှာ မြို့အတွင်း ပိတ်မိနေသော ဒေသခံပြည်သူများ၏အသက်ကို ကာကွယ်ရန်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



# ဗြိတိန်ထံမှ ဥရောပသမဂ္ဂ (အီးယူ) လက်လွှတ်လိုက်ရမည့် အကြောင်းငါးချက်

ခြူးစန္ဒီနွေး



*ဇွန်လ ၂၃ ရက်နေ့က ဗြိတိန်၌ပြုလုပ်သည့် ဥရောပသမဂ္ဂ(အီးယူ)မှ ထွက်ခွာ သင့်/ မသင့် လူထုဆန္ဒခံယူပွဲသည် အီးယူ၏ သမိုင်းတွင် ကြီးမားသော အပြောင်းအလဲတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ အကယ်၍ ဗြိတိန်နိုင်ငံသာ အီးယူမှ ထွက်ခွာခဲ့ပါက အီးယူမှ ပထမဦးဆုံးခွဲထွက်သွားသည့် နိုင်ငံဖြစ်လာမည်ဖြစ်ပြီး ဗြိတိန်နိုင်ငံအနေဖြင့်လည်း ကောင်းကျိုးနှင့် ဆိုးကျိုးနှစ်မျိုးလုံးခံစားရမည်ဖြစ်ပြီး အီးယူအဖွဲ့ကြီးသည်လည်း ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်ရမည်ဖြစ်သည်ဟု လေ့လာသုံးသပ်သူများက ပြောသည်။ ဥရောပသမဂ္ဂ၌ ဗြိတိန်အဖွဲ့ဝင်အဖြစ်ရှိနေခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးငါးခုရှိသည်။*

## ၁။ စီးပွားရေး

ဗြိတိန်နိုင်ငံ၏ စီးပွားရေးသည် ဥရောပ၌ ဂျာမနီပြီးလျှင် ဒုတိယအကြီးဆုံး ဖြစ်သည်။ အဖွဲ့ကြီး၏ GDP ယူရို ၁၄ ဒသမ




၆ ထရီလီယံ၏ ၁၇ ဒသမ ၆ ရာခိုင်နှုန်းသည် ဗြိတိန်နိုင်ငံကို ကိုယ်စားပြုသည်။ ဗြိတိန်ထွက်ခွာသွားခြင်းဖြင့် ဥရောပကို အကျပ်မရိုက်စေနိုင်သော်လည်း အစိတ်အပိုင်းတစ်ခု ပဲ့ထွက်သွားသကဲ့သို့ တစ်စုံတစ်ခုသော အတိုင်းအတာထိ ရိုက်ခတ်နိုင်သည်ဟု ဥရောပသမဂ္ဂ ပြည်သူ့ရေးရာ မန်နေဂျာ ချားလ်ဒီမာဆီလီကပြောသည်။

ဗြိတိန်နိုင်ငံ ထွက်ကုန်ထက်ဝက်ကျော်မှာ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ တင်ပို့သည်။ ဗြိတိန်နိုင်ငံအတွင်းသို့ သွင်းယူသည့် သွင်းကုန်ထက်ဝက်ခန့်မှာလည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ဖြစ်သည်ဟု မာဆီလီက ပြောသည်။ ခြုံ၍ပြောရမည်ဆိုလျှင် ဗြိတိန်နိုင်ငံ၏ စီးပွားရေးသည် ဥရောပနိုင်ငံများနှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိသည်။ အီးယူ၏ လွတ်လပ်စွာ ကုန်သွယ်ခွင့်မှုလည်း ကုန်သွယ်ခွင့် အကျိုးအမြတ်များစွာ ရရှိသည်။ အကယ်၍ ဗြိတိန်သာ ထွက်ခွာသွားခဲ့ပါက ထိုအရာများကို ပြန်လည်ညှိနှိုင်း ဆောင်ရွက်ရတော့မည် ဖြစ်သည်။ ဗြိတိန်နိုင်ငံ၏ စီးပွားရေးကို ထိခိုက်စေ နိုင်မည်ဖြစ်သည်။

## ၂။ သံတမန်ရေးရာ

ဗြိတိန်နိုင်ငံသည် သံတမန်ရေးရာအရ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင် သည်။ ဗြိတိန်နိုင်ငံ၏ နျူကလီးယား လက်နက်စွမ်းရည်ပိုင်းဆိုင်မှုနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်မှုတို့သည် သံတမန်ရေးရာအရ တစ်မူထူးခြားသည့်အချက်များကို ပိုင်ဆိုင်ထားခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေး မူဝါဒသည် ကြီးမားသော အောင်မြင်မှုမျိုး မရသေးသော်လည်း ဥရောပသမဂ္ဂအဖွဲ့ကြီးက လုပ်ဆောင်လိုက်သောအရာများသည် အကျိုးရှိပြီး ထိရောက်မှုရှိသည်ဟု ကာနက်ဂီးယူရုပ်မှ ဂျန်တီချန်းက ပြောသည်။ ရုရှားက ယူကရိန်းအပေါ် ကျူးကျော်ခဲ့သည့်အတွက် ပိတ်ဆို့မှုများ ပြုလုပ်ခြင်းနှင့် အီရန်နှင့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းသည် အကောင်းဆုံး ဥပမာများပင် ဖြစ်သည်။ ထိုကိစ္စများ ဆောင်ရွက်ရာ၌ ဗြိတိန်သည် အရေးပါအရာရောက်သည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့အပြင်

ဗြိတိန်နိုင်ငံ ထွက်ခွာသွားခဲ့ပါက ကမ္ဘာပေါ်တွင် အရေးပါသော တိုင်းပြည်တစ်ခုကို ဆုံးရှုံးသည်သာမက ဥရောပသမဂ္ဂအတွင်း သံတမန်ရေးရာအရ ဩဇာအရှိန်အဝါကြီးမားသော နိုင်ငံကို ဆုံးရှုံးသည်ဟုလည်း ၎င်းကဆက်ပြောသည်။ လန်ဒန်သည် ကမ္ဘာ့နေရာအနှံ့အပြား၌ သံရုံးပေါင်း ၁၂၃ ခုကို ဖွင့်လှစ်ထားသည်။ သမိုင်းတွင် ကိုလိုနီစုပါအင်အားကြီးနိုင်ငံဖြစ်ခဲ့ပြီး ဓနသဟာယ နိုင်ငံပေါင်း ၅၂ နိုင်ငံနှင့်လည်း ပူးပေါင်းဆက်ဆံလျက်ရှိသည်။ ဗြိတိန်သာထွက်ခွာခဲ့ပါက အလုပ်နေရာပေါင်း ၈၂၀၀၀၀ ဆုံးရှုံးနိုင်သည်ဟုလည်း ဗြိတိန်အစိုးရ ပြောသည်။

## ၃။ စစ်ရေးအခြေအနေ

ဗြိတိန်နိုင်ငံ၏ တပ်ဖွဲ့သည် ဥရောပသမဂ္ဂအတွင်း တောင့်တင်းခိုင်မာပြီး စွမ်းဆောင်ရည်မြင့်မား၍ ထင်ရှားသည်။ ထို့ပြင် နိုင်ငံရပ်ခြားသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မှု၊ စစ်အင်အား အသုံးပြုမှုတို့တွင်လည်း ပါဝင်ဆောင်ရွက်သည်။ စီးပွားရေးနှင့်နိုင်ငံရေးအရ ဥရောပသမဂ္ဂအတွင်း ဂျာမနီနိုင်ငံသည် ရှေ့မှပြေးနေသော်လည်း နိုင်ငံခြားသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မှု၊ နိုင်ငံရပ်ခြား၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန်မူ နှုတ်ဆိတ်နေတတ်သည်။ ဗြိတိန်မပါဝင်တော့သည့် ဥရောပသမဂ္ဂသည် စွမ်းဆောင်ရည် လျော့နည်းလာနိုင်ပြီး အင်အားကြီးသည့်အနေအထားမှ လျော့ကျသွားနိုင်သည်ဟု တီချန်းက ပြောသည်။

## ၄။ အတွေးအခေါ်

ဗြိတိန်၌ လွတ်လပ်သောဈေးကွက်၊ အရင်းရှင်စနစ်၊ လွတ်လပ်စွာ ကုန်သွယ်မှုကို ကျင့်သုံးသည်။ ဥရောပသမဂ္ဂကို ပို၍ ကြီးမားကျယ်ပြန့် အောင်မြင်သော အဖွဲ့အစည်းကြီးအဖြစ် ဖြစ်လာစေသောအရာများသည် ဗြိတိန် ထွက်ခွာခဲ့လျှင် ပျက်စီးသွားနိုင်သည်ဟု တီချန်းက ပြောသည်။ ဥရောပသမဂ္ဂတစ်ဝန်း တန်းတူ စုစည်းညီညွတ်စွာ အခွန်ပေးဆောင်ခြင်းကို ထောက်ခံသော ဆိုရှယ်လစ်အုပ်စုများသည် အဖွဲ့ဝင်နိုင်ငံများအပေါ် အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ မည်သို့လုပ်သင့်သည်ဟူသော ဥရောပသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများကို နားပူနားဆာ တောင်းဆိုလျက်ရှိသည်။ ဥရောပပါလီမန်နှင့်ကောင်စီအတွင်း ဗြိတိန်နိုင်ငံသည် ကိုယ်စားလှယ်အဖြစ် နေရာရယူထားခြင်းကြောင့် ထိုသို့မဖြစ်နိုင်ပေ။ သို့သော် ဗြိတိန်သာ ထွက်ခွာသွားခဲ့ပါက ဗျူရိုကရေစီဆန်လွန်းသော ဗဟိုချုပ်ကိုင်မှုများသော အခွန်ပိုမိုကောက်ခံခြင်းကိုလိုလားသော အုပ်စုတို့က ၎င်းတို့လိုလားချက်များကို ပို၍တောင်းဆိုသွားမည်ဖြစ်သည်။

## ၅။ စည်းလုံးညီညွတ်မှု

ဥရောပသမဂ္ဂအတွင်း ဗြိတိန်နိုင်ငံတည်ရှိနေခြင်းက ပို၍စုစည်းညီညွတ်မှုကိုဖြစ်စေသည်။ အဖွဲ့အစည်းကြီးအတွင်း အဓိကအရေးပါသည့် နိုင်ငံတစ်ခု နှုတ်ထွက်သွားခြင်းသည် အဖွဲ့အစည်း၏စည်းလုံးမှုကို အားနည်းစေပြီး အခြားအဖွဲ့ဝင်နိုင်ငံများကလည်း အဖွဲ့အစည်းအပေါ် တန်ဖိုးထားမှုကို လျော့ကျစေသည်ဟု ဘရပ်ဆဲလ်မြို့အခြေစိုက် ဥရောပသဘောတူညီမှုမဲပေးခြင်းဆိုင်ရာ စောင့်ကြည့်ရေးအန်ဂျီအိုအဖွဲ့မှ ဒိုရူးဖရန့်တက်စ်ဆူက ပြောသည်။

**ဥရောပသမဂ္ဂအတွင်း ဗြိတိန်နိုင်ငံတည်ရှိနေခြင်းက ပို၍စုစည်းညီညွတ်မှုကိုဖြစ်စေသည်။ အဖွဲ့အစည်းကြီးအတွင်း အဓိကအရေးပါသည့် နိုင်ငံတစ်ခု နှုတ်ထွက်သွားခြင်းသည် အဖွဲ့အစည်း၏စည်းလုံးမှုကို အားနည်းစေပြီး အခြားအဖွဲ့ဝင်နိုင်ငံများကလည်း အဖွဲ့အစည်းအပေါ် တန်ဖိုးထားမှုကို လျော့ကျစေ**

ဗြိတိန်ကဲ့သို့ အရေးပါသည့် နိုင်ငံတစ်နိုင်ငံက အဖွဲ့ကြီးမှ ထွက်ခွာသွားရန်ဆုံးဖြတ်ခြင်းသည် ကောင်းမွန်သည့် ဆုံးဖြတ်ချက်မဟုတ်ဟု တီချန်းက ပြောသည်။

ဥရောပသမဂ္ဂ အဖွဲ့ကြီးသည် ခိုင်မာသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့်အတွက် ပြိုကွဲသွားစရာ မရှိဟူ၍လည်း ယူဆရသည်။ သို့သော် ဥရောပသမဂ္ဂ၏ ရွှေရောင်နေ့ရက်များမှာ ကုန်ဆုံးတော့မည်လားဟူ၍ မေးခွန်းထုတ်ဖွယ်ရာ ဖြစ်လာသည်။ ၂၀၀၈ ခုနှစ် ငွေကြေးပြိုလဲမှုနှင့် ဂရိကြွေးမြီပြဿနာကြောင့် အဖွဲ့ကြီး၏ ခိုင်မာမှုယိုင်နဲ့လာသည်။ ၂၀၁၄ ခုနှစ်၌ ယူကရိန်းအစိုးရနှင့် ဥရောပသမဂ္ဂတို့ သဘောတူစာချုပ်လက်မှတ်ရေးထိုးရေး ယူကရိန်းပြည်သူများက တောင်းဆိုခဲ့ရာ ယူကရိန်းသမ္မတက ရွှေ့ဆိုင်းခဲ့သဖြင့် ပြင်းထန်သည့် ဆန္ဒပြပွဲများ ဖြစ်လာသည်။ ထိုမှ တစ်ဆင့် ယူကရိန်းနိုင်ငံအတွင်း ပဋိပက္ခများပေါ်ပေါက်ခဲ့ပြီး ရုရှားတို့က ယူကရိန်းနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဤအချက်မှာလည်း ဥရောပသမဂ္ဂကို အခက်တွေ့စေသော အကြောင်းအရင်းတစ်ရပ်ပင် ဖြစ်သည်။

ထို့အပြင် ဂျာမနီဝန်ကြီးချုပ်၏ ဒုက္ခသည်များ လက်ခံရေးနယ်စပ်ဂိတ်များဖွင့်ပေးခြင်းနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ဒုက္ခသည်များကို အချိုးကျ လက်ခံရခြင်းတို့သည်လည်းအဖွဲ့ကြီးကို ခေါင်းခဲစေသည့် အကြောင်းတရား များပင် ဖြစ်သည်။ ထိုသို့ကိစ္စရပ်များ ဖြစ်ပေါ်နေစဉ် ဗြိတိန်နိုင်ငံသည်လည်း ဥရောပသမဂ္ဂမှထွက်ခွာသင့် မသင့် ဇွန်လအတွင်း လူထုဆန္ဒခံယူပွဲကျင်းပ မည်ဖြစ်ရာ ထိုပွဲမှရလာသောရလဒ်သည် ဥရောပသမဂ္ဂအဖွဲ့ကြီးကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိ မရှိကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား-စီအန်အန်**

---

# ကိယက်ဗ်အနီးရှိ ရွာ၌ အိမ်မီးလောင်မှုဖြစ်ပွား

**ကိယက်ဗ် မေ ၂၉**

ကိယက်ဗ်မြို့အနီးရှိ ရွာတစ်ရွာတွင် အသက်အရွယ်ကြီးသူများနေထိုင်ရာရိပ်သာ၌ မီးလောင်မှုဖြစ်ပွားကာ လူ ၁၆ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ယူကရိန်းအရေးပေါ်ကယ်ဆယ်ရေးဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တနင်္ဂနွေနေ့နံနက်အစောပိုင်းက ကိုယ်ပိုင်နှစ်ထပ်အိမ်ရာမှစ၍ မီးလောင်မှုကြောင့် လူ ၃၅ ဦးကို ကိယက်ဗ်အရှေ့မြောက်ဘက် ၃၇ ကီလိုမီတာအကွာရှိ Litochky ရွာသို့ ယာယီပြောင်းရွှေ့ပေးထားကြောင်း သိရသည်။

အရေးပေါ်ကယ်ဆယ်ရေးဌာနမှ လူ ၁၈ ဦးကို ကယ်နိုင်ခဲ့ပြီး ငါးဦးကို ဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။ ယင်းမီးလောင်မှုသည် နံနက် ၅ နာရီ ၂၅ မိနစ်က လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

**(ရိုက်တာ)**

---

# ပထမကမ္ဘာစစ်အတွင်းက ဗာဒန်စစ်ပွဲအတွက် နှစ် ၁၀၀ ပြည့်ကျင်းပ



**ပါရီ မေ ၂၉**

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့သည် ပထမကမ္ဘာစစ်အတွင်းက သွေးစွန်းခဲ့သည့် နှစ်ပေါင်း ၁၀၀ ကြာခဲ့ပြီဖြစ်သော ဗာဒန်စစ်ပွဲ၌ ကျဆုံးခဲ့ရသူများအတွက် အောက်မေ့ဖွယ်အထိမ်းအမှတ် ပြုလုပ်မည်ဖြစ်သည်။

နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ဟော်လန်းနှင့်မာကယ်တို့သည် ပြင်သစ်အရှေ့မြောက်ပိုင်းမြို့တော်ရှိ နှစ်ဖက်စလုံးမှ သေဆုံးခဲ့ရသူများ မြှုပ်နှံထားသော သင်္ချိုင်းမြေများ၌ လွမ်းသူ့ပန်းခွေချမည်ဖြစ်သည်။

၁၉၁၆ ခုနှစ်က ဖြစ်ပွားခဲ့သော အဆိုပါ စစ်ပွဲသည် ရက်ပေါင်း ၃၀၀ ကြာမြင့်ခဲ့ပြီး လူပေါင်းသုံးသိန်းကျော် သေဆုံးခဲ့ရသည်။

ဥရောပသမဂ္ဂအဖွဲ့သည် ဒုက္ခသည် ဝင်ရောက်မှုပြဿနာများအဖွဲ့မှ ဗြိတိန်ထွက်ခွာမည့်အလားအလာဖြစ်ရပ်များနှင့် ကြုံတွေ့နေရချိန် စုစည်းညီညွတ်မှုလိုအပ်နေချိန်လည်းဖြစ်၍ နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် အောက်မေ့ဖွယ်နေ့ကို ကျင်းပလိုခြင်း ဖြစ်သည်။

အထိမ်းအမှတ်အကြိုနေ့တွင် မာကယ်သည် အိမ်နီးချင်းနှစ်နိုင်ငံကြား ရင်းနှီးသော ပူးပေါင်းဆက်ဆံရေးကို အလေးပေးလျက်နှစ်နိုင်ငံကို ဥရောပ၏အမြွှာအဖြစ် ဖော်ပြခဲ့သည်။

“ဒီအခမ်းအနားကို တက်ရောက်ဖို့ ဖိတ်ကြားခံရတာဟာ ယနေ့ရှိနေတဲ့ ပြင်သစ်နဲ့ဂျာမနီကြားက ဆက်ဆံရေးတိုးတက်လာတာကို ပြသခြင်းပဲဖြစ်ပါတယ်” ဟု မာကယ်က ပြောသည်။

**(ပီတီအိုင်)**

# ကျပ် ၄၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ သန်းကျော်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့များမှ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ရက် ၁၀၀ စီမံချက် ချမှတ် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှတပ်ဖွဲ့ဝင်များ၊ ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကောင်းခါး-ကွတ်ခိုင်လမ်း၊ ယူကလစ်တောတွင် သတင်းအရ ယာဉ်မောင်း အောင်အောင်(ခ)ယေစောင့်တဲ့ မောင်းနှင်လာသည့် ၆ခ/----- နံပါတ်ပါ ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ရှိ ပီပါခွံများအောက်တွင် ဆာလာအိတ်များဖြင့် ထည့်သွင်း သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းစီပါ ဆာလာအိတ် ၁၀၀၊ ၂ ဒသမ ၁ သိန်းပါ ဆာလာအိတ် ငါးအိတ်၊ စုစုပေါင်း ဆာလာအိတ် ၁၀၅ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ပေါင်း ၂၁၀ ဒသမ ၅ သိန်း(၂၁ သန်းကျော်)၊ ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၄၂၁၀၀၀ (ကျပ် ၄၂ ဘီလီယံကျော်)အား သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ရာ လျှိုဇီ ရှောင်က အောင်ဆန်းအား အောင်အောင်(ခ) ယေစောင့်တဲ့ မောင်းသည့် (၁၂) ဘီးယာဉ်ဖြင့် ဟိုနမ့်ရွာအနီးမှ စိတ်ကြွဆေးပြားများ တင်ဆောင်၍ မန္တလေးပို့ရန် ခိုင်းစေခဲ့သဖြင့် သယ်ဆောင်ခဲ့ကြောင်း၊ အောင်ဆန်းမှာ မတ်တူး (အဖြူရောင်)ဖြင့် ရှေ့ပြေးကြိုတင် ထွက်ခွာသွားကြောင်း၊ လျှိုဇီရှောင်သည် မတ် ၅ ရက်က မန္တလေးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ဒသမ ၀၇၈ သိန်းပြား၊ အိုက် ၈၂ ကီလို၊ ဘိန်းဆီခဲ ၁၅ ဒသမ ၀၂ ကီလို၊ ဘိန်းဖြူ ၂၄ ဒသမ ၃၇ ကီလိုနှင့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိမှု၏ အဓိက တရားခံဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း၊ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အောင်အောင် (ခ) ယေစောင့်တဲ့၊ အောင်ဆန်း(ဖမ်းမမိသေး)၊ လျှိုဇီရှောင် (ခ) ကျော်ကျော်(ခ) အိုက်ပေါင် (ဖမ်းမမိသေး)တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**အောင်အောင် (ခ) ယေစောင့်တဲ့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်**



# စိတ်ကြွရူးသွပ်ဆေးပြား ၅ သိန်း ကျိုင်းတုံမြို့တွင် ဖမ်းဆီးရမိ



**နေပြည်တော် မေ ၂၉**

ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက်က ကျိုင်းတုံမြို့နယ် နောင်ဖာဂိတ်တွင် ယာဉ်မောင်း အိုက်ယီ မောင်းနှင်လာသည့် FF/---- နံပါတ်ပါ SUCCEED အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်ယီ လွယ်ထားသည့် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ထိုင်းငွေ ဘတ် ၄၂၀၀၊ မော်တော်ယာဉ်နောက်ဖုံးအတွင်းရှိ လက်ဆွဲအိတ်နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀၀၊ ၎င်းခြံသည့် ခြံစောင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀၀၊ စုစုပေါင်းစိတ်ကြွရူးသွပ် ဆေးပြား ၅ သိန်း (ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၁၂၅၀၀) သိမ်းဆည်းရမိသဖြင့် အိုက်ယီ (၃၆ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**အိုက်ယီအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်**

# ရန်ကုန်မြို့ ဒဂုံ(တောင်)မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ



**နေပြည်တော် မေ ၂၉**

မူးယစ်တပ်ဖွဲ့စု (၄၁) ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များသည် မေ ၂၈ ရက်က ဒဂုံ(တောင်)မြို့နယ် (၅၅)ရပ်ကွက် ငွေတောင်လမ်း၊ အမှတ်-၁၀၀၂(က)နေ မမြမြသင်း (ခ)မစု၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ သိမ်းဆည်းရမိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အငှားယာဉ်မောင်းအား လူငယ်သုံးဦး ဓားထောက်လု

**ရန်ကုန် မေ ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် သီရိခေမာ ရပ်ကွက် ခတ္တာလမ်းအတွင်း၌ အငှားယာဉ်မောင်းကို လူငယ်သုံးဦးက ဓားထောက်၍ လုယက်ထွက်ပြေးမှု မေ ၂၉ ရက် နံနက် ၁ နာရီခန့်က ဖြစ်ပွားခဲ့သည်။

အငှားယာဉ်မောင်း ရဲလင်းကိုသည် နံနက် ၁ နာရီခန့်တွင် အသက် ၂၀/ ၂၅နှစ်ခန့် လူငယ်သုံးဦးအား ၎င်းမောင်းသည့် DD/--- ကယ်ရီနာယာဉ်ဖြင့် ကြည့်မြင်တိုင်ညဈေးမှ စမ်းချောင်းမြို့နယ် ခတ္တာလမ်းသို့လိုက်ပို့စဉ် ယင်းလမ်းအလယ်အရောက်၌ ယာဉ်နောက်ခန်းတွင် ပါလာသူ တစ်ဦးက လည်ပင်းကို ဓားဖြင့်ထောက်၍ လည်းကောင်း၊ ယာဉ်ရှေ့ခန်းတွင် လိုက်ပါလာသူတစ်ဦးက ဝမ်းဗိုက်ကို ဓားဖြင့်ထောက်၍ လည်းကောင်း ငွေကျပ် ၁၃၀၀၀ ကျော်နှင့် လက်ကိုင်ဖုန်းတစ်လုံးကို လုယူထွက်ပြေးသွားကြောင်း သိရသည်။

ယင်းသို့ လုယက်ခံရသည်ကို ယာဉ်မောင်း ရဲလင်းကိုက လမ်းတွင်တွေ့ရသော လှည့်ကင်းအဖွဲ့အား အသိပေးတိုင်ကြားခဲ့သည်ဟုဆိုသည်။ လုယက်သူတို့၏ အကြမ်းဖက်မှုကြောင့် ယာဉ်မောင်းသူ၏ လည်ပင်းတွင် ဒဏ်ရာများရရှိခဲ့သည်။


**ကိုကြီးတင်**

# မူလတန်းကျောင်းဆောင် အမိုးအကာများပျက်စီး

**ပေါက် မေ ၂၉**

ပေါက်မြို့နယ်တွင် မေ ၂၈ ရက် ညနေ ၄ နာရီ ၂၀ မိနစ်ခန့်က လေပြင်းများ တိုက်ခတ်မှုကြောင့် သက္ကယ်ကျင်းကျေးရွာအုပ်စု သက္ကယ်ကျင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဝန်းအတွင်းရှိ မူလတန်းကျောင်းဆောင် သွပ်မိုးများလန်ပြီး သစ်သားဒိုင်းနှင့် မြားတန်းများ ပြုတ်ကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သည် အလျား ပေ ၈၀၊ အနံပေ ၃၀ ဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများမှာ သွပ် ၂၁၅ ချပ်၊ သစ်သားဒိုင်း (၃×၂) လက်မ ၁၅ ပေ ၉၁ ချောင်း၊ မြားတန်း (၅×၂)လက်မ ၁၈ ပေ သစ်သား ၂၆ ချောင်း ပြုတ်ကျပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအနန်း၊ မြို့နယ်ပညာရေးမှူး ဦးရီသန်းနှင့် အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်တို့က အမြန်ဆုံးပြုပြင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ညဏ်တိုး(ပေါက်)**

# နေအိမ်မှထွက်ပြေးလာသော ကျောင်းသူတစ်ဦးအား ရထားရဲတပ်ဖွဲ့က ဖခင်ဖြစ်သူထံ ပြန်လည်အပ်နှံ

**နေပြည်တော် မေ ၂၈**

နေပြည်တော် လယ်ဝေးမြို့နယ် အေလာကျေးရွာနေ ဆည်မြောင်းဦးစီးဌာန ကြီးကြပ်ရေးမှူး ဦးသန်းကျော်၏ သမီးဖြစ်သူ မထက်ထက်စိုး (၁၇နှစ်)၊ နဝမတန်းကျောင်းသူသည် မေ ၂၆ရက် နံနက် ၉ နာရီခန့်တွင် စာအုပ်ဝယ်ယူရန် နေအိမ်ကထွက်ခွာသွားပြီး ပြန်ရောက်လာခြင်းမရှိသဖြင့် လိုက်လံစုံစမ်းရှာဖွေခဲ့ရာ အမှတ်(၁၂)အစုန် မန္တလေး-ရန်ကုန် ရထားဖြင့် လိုက်ပါသွားကြောင်း သိရှိရသဖြင့် စုံစမ်းရှာဖွေပေးရန် လယ်ဝေးမြို့နယ် လောရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် စန်းယုက ရထားရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ခွဲ ရန်ကုန်ရထားရဲစခန်းသို့ ဖုန်းဖြင့်အကြောင်းကြားလာခဲ့သည်။

အကြောင်းကြားချက်အရ ရန်ကုန်ရထားရဲစခန်းမှူး ရဲအုပ်သန့်ဇော်နှင့်အဖွဲ့သည် ရန်ကုန်ဘူတာကြီးသို့ အမှတ်(၁၂)အစုန် ရထားဆိုက်ရောက်စဉ် ရထားပေါ်သို့ ရှာဖွေစစ်ဆေးခဲ့ရာ ရိုးရိုးတန်းတွဲ(၄)၊ ခုံအမှတ်(၆၂)တွင် စီးနင်းလိုက်ပါလာသော မထက်ထက်စိုးအား တွေ့ရှိသဖြင့် ရန်ကုန်ရထားရဲစခန်းသို့ ခေါ်ယူ၍ ထိန်းသိမ်းထားရှိပြီး ၎င်း၏ မိဘများထံသို့ ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည် အကြောင်းကြားခဲ့သည်။

မထက်ထက်စိုး၏ ဖခင်ဖြစ်သူ ဦးသန်းကျော်က မေ ၂၇ရက် နံနက်၅နာရီတွင် လာရောက်ခေါ်ဆောင်သဖြင့် စခန်းမှူး ရဲအုပ်သန့်ဇော်က သက်သေဦးကျော်လင်းအောင်နှင့် ဦးဇော်ဝင်းတို့ ရှေ့မှောက်တွင် စနစ်တကျ ပြန်လည်အပ်နှံပေးခဲ့သည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးများနှင့် လက်လုပ်ယမ်းထောင်းသေနတ် နှစ်လက်ဖမ်းဆီးရမိ




**ကော့သောင်း မေ ၂၉**

ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာအုပ်စု တာညံ့ပါဒကျေးရွာတွင် မူးယစ်ဆေးဝါးများနှင့်လက်လုပ်ယမ်းထောင်း သေနတ်နှစ်လက်ဖမ်းဆီးရမိသည့်ဖြစ်စဉ်တစ်ခု မေ ၂၇ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ညပိုင်းက ကော့သောင်းရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများနှင့် ဆယ်မိုင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ ပူးပေါင်းကာ ဆယ်မိုင်ကျေးရွာအုပ်စု တာညံ့ပါဒကျေးရွာအပိုင် ဆယ်မိုင်-ချန်းဖန်းလမ်းရှိ ဦးအပ္ပဒူရာဟင်ပိုင်ခြံအတွင်းရှိ နေအိမ်တွင် ငှားရမ်းနေထိုင်သူ ဇော်လွင်ဦး(ခ)အာမင်၏နေအိမ်တွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲနေကြောင်း၊ အဆိုပါအိမ်သို့တစ်နေ့လျှင် ဆိုင်ကယ် ၁၀ စီးမှ အစီး ၂၀ ခန့်ထိ ဝင်ရောက်နေကြောင်း သတင်းအရ စောင့်ကြည့်သတင်းရယူခဲ့ပြီး ဝင်ရောက်စစ်ဆေးခဲ့ရာ နေအိမ်တွင် ဇော်လွင်ဦး(ခ)အာမင်နှင့်အတူ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲရန်ရောက်ရှိနေသူ မျိုးသက်ဦးတို့နှစ်ဦးတို့အား တွေ့ရှိရပြီး နေအိမ်ကို စစ်ဆေးရှာဖွေခဲ့ရာ နေအိမ်အတွင်း နောက်ဘက်နံရံတွင် ပန်းရောင်စိတ်ကြွဆေးပြား ၃၉ ပြား၊ အစိမ်းရောင်တစ်ပြား၊ နေအိမ်အတွင်းမှ ဆေးရှူကိရိယာသုံးခု၊ လက်လုပ်ယမ်းထောင်း သေနတ်နှစ်လက်တို့အား သိမ်းဆည်းရမိသဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# စစ်ကိုင်းမြို့ သစ်အချောထည်စက်ရုံမန်နေဂျာကို အလုပ်ထုတ်နစ်နာကြေးနှင့်လျော်ကြေးငွေများ ကိုယ်ကျိုးအတွက်သုံးယူမှုဖြင့် အရေးယူ

**မုံရွာ မေ ၂၉**

စစ်ကိုင်းမြို့ ပတ္တမြားရပ် စက်မှုဇုန်ရှိ Myanmar Veneer & Plywood သစ်အချောထည်စက်ရုံမှ အလုပ်ထုတ်ခံရသော အလုပ်သမားများကို အလုပ်ထုတ် နစ်နာကြေးနှင့် လျော်ကြေးငွေပေးရန် စက်ရုံပိုင်ရှင်က မြန်မာ့စီးပွားရေးဘဏ်သို့ပေးသွင်းရန် စက်ရုံမန်နေဂျာအား ပေးခဲ့ရာ ကိုယ်ကျိုးအတွက် အလွဲသုံးခဲ့သောကြောင့် မေ ၂၈ ရက်တွင် စစ်ကိုင်းမြို့မရဲစခန်းတွင် ပိုင်ရှင်က တရားလိုပြုလုပ်၍အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက်က သစ်အချောထည်စက်ရုံပိုင်ရှင်ဖြစ်သူ Mr.Genesh Chandra Swami က စက်ရုံအလုပ်ထုတ် အလုပ်သမားများကို အလုပ်ထုတ်နစ်နာကြေးနှင့်လျော်ကြေးပေးရန် ငွေကျပ် ၉၅၆၈၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်သို့သွင်းရန် စက်ရုံမန်နေဂျာဖြစ်သူ ဦးသီဟစိုးထံ စက်ရုံစာရေးမှတစ်ဆင့်ပေးအပ်ခဲ့ရာ ဘဏ်သို့ပေးသွင်းခြင်းမရှိဘဲ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခဲ့ရာ စက်ရုံအထွေထွေမန်နေဂျာ Mr.Suresh Sharma က စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်နေသူ ဦးသီဟစိုးအား အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်ကြားခဲ့ကြောင်း သိရသည်။

ထိုသို့တိုင်ကြားခြင်းကို မေ ၂၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က တိုင်ကြားခဲ့ရာ စစ်ကိုင်းမြို့မရဲစခန်းမှ အမှုရေးဖွင့်ကာ အမှုစစ် ရဲအုပ်ဇော်ထွန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရထားနှင့်ထော်လာဂျီယာဉ်တိုက်မိ ယာဉ်မောင်းသေဆုံး

**သာစည် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ မေ ၂၈ ရက်က ရထားနှင့်ထော်လာဂျီယာဉ်တိုက်မိပြီး လူသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ညောင်ပင်သာရပ်ကွက်အနီး မီးရထားလမ်းပိုင်း မိုင်တိုင်အမှတ်(၃၁၈/၉)နှင့် (၃၁၈/၁၀)အကြားတွင် သာစည်မှ ကလောသို့သွားသည့် (စက်မှုအထူးရထား)စက်ခေါင်းအမှတ်( DF-၂၀၇၂)စက်ခေါင်းမောင်း ဦးမျိုးလွင်နှင့် ရထားထိန်း ဦးသန့်ဇော်လင်းတို့ မောင်းနှင်လာသည့် ရထားနှင့် ယင်းမာပင်ကျေးရွာမြို့မရပ်ကွက်မှ ယာဉ်မောင်း ဦးလှထွန်း (၆၀ နှစ်)မောင်းနှင်လာသည့် ၅ ၄/.... အပြာရောင် ထော်လာဂျီယာဉ်သည် ရထားလာနေစဉ် သံလမ်းကိုဖြတ်ကူးရာမှ ရထားစက်ခေါင်း၏ ယာဘက်ပိုင်းနှင့်ပွတ်တိုက်မိပြီး ယာဉ်မောင်း ဦးလှထွန်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အမှုကို ယင်းမာပင်နယ်မြေရဲစခန်းက ယာဉ်မောင်း ဦးလှထွန်းကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်ကို (သာစည်)**

# ရေတာရှည်မြို့ ရန်ကုန်-မန္တလေးလမ်းဟောင်း၌ ယာဉ်သုံးစီးမျက်နှာချင်းဆိုင်တိုက်မိ

**ရေတာရှည် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက် မြို့နယ်ဘောလုံးကွင်းအနီး ရန်ကုန်-မန္တလေး လမ်းဟောင်း၌ မေ ၂၇ ရက် ညနေ ၅ နာရီခန့်က အရှိန်မထိန်းနိုင်သည့် ကုန်တင်ယာဉ်သည် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ မောင်းနှင်လာသော ဆိုင်ကယ်နှင့် အိမ်စီးယာဉ်ငယ်တို့အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့မရဲစခန်းမှ တာဝန်မှူးရဲအုပ်ဇော်မင်းလတ်နှင့်အဖွဲ့ သတင်းအရသွားရောက် စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ အောင်ဆန်းညီညီစိုး(၂၈ နှစ်) မောင်းနှင်လာသော နီဆန်း 4B/.... ၁၂ ဘီးကုန်တင်ယာဉ်သည် အရှိန်လွန်ကာ မိုင်တိုင် ၁၉၁/၇ နှင့် (၁၉၁/၀)အကြား တစ်ဖက်ယာဉ်ကြောသို့ ငါးပေခန့်ရောက်ရှိပြီး ရှေ့မျက်နှာချင်းဆိုင်ဘက်မှ စိုးမင်းနိုင် (၄၀ နှစ်) မောင်းနှင်၍ နောက်တွင် မေသွင်စိုး (၃၀ နှစ်) လိုက်ပါလာသည့် ဂျင်းရှီ ၁၁၀ ၃၅ ယ/..... ဆိုင်ကယ်ကို မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။ ၁၂ ဘီးကုန်တင်ယာဉ်မှာ ချက်ချင်းရပ်တန့်ခြင်းမရှိဘဲ ရှေ့သို့ဆက်လက်မောင်းနှင်သွားရာ မျက်နှာချင်းဆိုင်ဘက်မှ ကိုစိုးလွင်(၃၂ နှစ်) မောင်းနှင်ပြီး မောင်ထူးလျှန်ထွန်း ရှစ်နှစ်လိုက်ပါလာသည့် ဆူဇူကီးယာဉ်အား မျက်နှာချင်းဆိုင်ထပ်မံတိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ စိုးမင်းနိုင်မှာ ရရှိသည့်ဒဏ်ရာများဖြင့် ရေတာရှည်ဆေးရုံအရောက်သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်မှလိုက်ပါလာသူ မေသွင်စိုးနှင့် ဆူဇူကီးယာဉ်ငယ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




## လျှော့ဈေးရောင်း

သံချည်၊ သံကွေးစက်များ

ဖုန်း-၀၉-၃၀၀၈၇၇၀၅

## ကျေးဇူးတင်ပါသည်

၂၆-၅-၂၀၁၆ ရက် (ကြာသပတေးနေ့) ညနေပိုင်းတွင် ပိတောက်ရွှေဝါကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်း၌ ပျောက်ဆုံးသွားခဲ့သော ပအိုဝ်းတိုင်းရင်းသားကလေးသုံးယောက်သည် ၂၈-၅-၂၀၁၆ ရက် ည ၁၁း၃၀ နာရီ၌ ရတနာဇေယျာကျောင်းတိုက်မှ ပြန်လည်တွေ့ရှိပါသည်။ သို့ပါသောကြောင့် ၎င်းကလေးများကို ထိန်းသိမ်းစောင့်ရှောက်ပေးထားသော အင်းစိန်မြို့နယ် (၁၀) မိုင်ကုန်းရပ်ကွက် ရတနာဇေယျာကျောင်းတိုက်မှ ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ပိတောက်ရွှေဝါကျောင်းတိုက်**
**အမှတ် (၅)ရပ်ကွက်၊ ဗဟိုလမ်း၊ မရမ်းကုန်း**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တီလောကရပ်ကွက်၊ အဝေရာ(၂)လမ်း၊ အမှတ် (၂၉) အလျား ၂၅ပေ × အနံပေ၄၀ ရှိ မြေကွက်နှင့်အဆောက်အအုံအား ပိုင်ဆိုင်သူ ဒေါ်နွယ်နီဝင်း ၁၂/မဂဒ(နိုင်)၀၂၇၃၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသင်းသည် ၂၈-၅-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်နှင့်အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသင်းကသာ တရားဝင်ပိုင်ဆိုင်သော ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း (အထက်တန်းရှေ့နေ) လိုင်စင်အမှတ်-၂၅၁၃၄**
**အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/2835 Kyaw Kyar MPV, M/B(4x2)® ယာဉ်လက်ဝယ်ရှိသူ ၁၂/သကတ(နိုင်)၀၅၈၃၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/2954 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၂၁၂၃၄ ယာဉ်အမည်ပေါက်သူ NCX Myanmar Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၇၈၂)၊ မြေကွက်တည်နေရာအမှတ်(၇၈၂)၊ ဆည်မြောင်း(၃)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ဦးခင်မောင်အေးအမည်ပေါက်၊ ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးခင်မောင်အေး(ခ)ဦးတိုး(၁၂/သဃက(နိုင်)၁၁၈၈၇၁)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာခြင်းအား ဌာနမှကွင်းဆင်းစိစစ်ရာ(၁)ထပ်ကျောက်ပြားကာသွပ်မိုးအဆောက်အဦရှိကြောင်းစိစစ်တွေ့ရှိရပါသည်။ သို့ပါ၍ဦးခင်မောင်အေး(ခ)ဦးတိုး၏ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၉၊ မြေကွက်အမှတ် ၁၀၃၃၊ မြေကွက်တည်နေရာအမှတ် ၁၀၃၃၊ (၁၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)(ပါမစ်မြေ)အမည်ပေါက် ဦးစံဝင်းမြေအား ပါမစ်မြေအမည်ပေါက် ဦးစံဝင်း(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်မြမြဝင်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်ရွှေရင်မြင့် ၉/မမန(နိုင်)၀၀၁၀၄၆ မှ ပါမစ်မူရင်း၊ အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ကျမ်းကျိန်လွှာ၊ ပါမစ်မြေအမည်ပေါက် ဦးစံဝင်း၏ သေစာရင်းမိတ္တူသာတင်ပြ၍ ဝင်စာအမှတ် ၁၉၇၃၆(၁၁-၁၂-၂၀၁၅)ဖြင့် မြေကွက်နှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိပြုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်ဖြင့် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်လှဲ့ယဉ်မိုး (ခ) ဒေါ်နီလာညွှန့် (အဘ-ဦးခင်မောင်ညွှန့်) သိသာရန် ကြေညာချက်

H.R မန်နေဂျာ ၊ 3.T ကုမ္ပဏီလီမိတက်၊ အမှတ်-၆၄၊ Center Point Tower ၊ အခန်းအမှတ်-၅၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့၏ လွှဲအပ်ချက်အရ ကြေညာပါသည်။

လူကြီးမင်းသည် 3.T ကုမ္ပဏီလီမိတက်၊ မန္တလေးဆိုင်ခွဲ (ဘာတာဘိန်းဆိုင်) ၏ ဧရိယာမန်နေဂျာအဖြစ် တာဝန်မှ စွန့်ခွာထွက်သွားသော်လည်း ဤကုမ္ပဏီ နှင့် စပ်လျဉ်း၍ ဖြေရှင်းပေးရန် ကျန်ရှိနေသော (က) အလုပ်တာဝန်လွှဲပြောင်းပေးမှု မပြုသေးခြင်း၊ (ခ) STAFF PARTY ငွေပေးသွင်းရန် ကျန်ခြင်းနှင့် (ဂ) အမှန်အလုပ် မဆင်းဘဲ လက်မှတ်များ ရေးထိုးပြီး ငွေအချို့ ထုတ်ယူထားခဲ့ခြင်း၊ စသည့် ကိစ္စရပ်များအား အမြန်လာရောက်ဖြေရှင်း ဆောင်ရွက်ပေးပါရန် အသိပေးအပ်ပါသည်။

(စာပို့တိုက်မှ လူကြီးမင်း လိပ်စာဖြင့် စာပေးပို့ခဲ့သော်လည်း ယင်းအကွက် အမှတ်-နန်းရှေ့မရှိကြောင်း ပြန်ကြားလာသဖြင့် ယခုကဲ့သို့ အသိပေးရခြင်း ဖြစ်ပါသည်။)

ညွှန်ကြားချက်အရ -

ဦးစံမြင့် (B.A, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၄၂)
အမှတ် (၅၈)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၅၆၅၂၉၂ ၊ ၀၉-၄၃၀ ၁၅၀၅၀

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/8293 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ ဦးပိုင်အမှတ် ၅၉၊ မြေကွက်အမှတ် ၁၀၇၊ ဧရိယာ ၀ ဒသမ ၄၅၈ ဧကရှိ အရှေ့ဘက်တွင် ကမ်းနားလမ်း၊ အနောက်ဘက်တွင် ဒေါ်သီရိဆွေ၏ အိမ်ခြံမြေ၊ တောင်ဘက်တွင် ဦးလှရွှေ၏အိမ်ခြံမြေ၊ မြောက်ဘက်တွင် ဦးမြအုန်း၏အိမ်ခြံမြေများ ထိစပ်လျက်ရှိသောမြေကွက်နှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးတင်အေး (ပါ-၁၁)ဦး ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အတွက် ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်အောင် LL.B** | **ဦးယဉ်ထွေး LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၆၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၇၁)** |
| **အမှတ် ၁၀၊ ၁လမ်း၊ တေဇရပ်ကွက်၊** | **အမှတ် ၉၊ ၁ လမ်း၊ တေဇရပ်ကွက်၊** |
| **ကျုံပျော်မြို့၊ ဖုန်း-၀၉-၇၉၈၃၁၃၄၅၂** | **ကျုံပျော်မြို့၊ ဖုန်း-၀၉-၇၇၈၉၈၁၄၈၄** |


သွေးသည် အသက်

✻ *ကျော်ဖုံးမှ*

Miss Sofy Eva ဆုရရှိသူနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ဆုချီးမြှင့်ပေးခဲ့သည်။

Miss Sofy နှင့် Miss Sofy Eva Contest Grand Final ပြိုင်ပွဲကြီးသို့ ယနေ့ နောက်ဆုံးဆန်ခါတင်ရွေးချယ်မှုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အလှမယ်များမှာ ခါးနံပါတ်(၁) နန်းစံ၊ ခါးနံပါတ်(၂) ဂျူလိုင်မို့မို့၊ ခါးနံပါတ် (၃) စုမြတ်စန္ဒီ၊ ခါးနံပါတ်(၄) ထက်ထက်အိမ့်၊ ခါးနံပါတ်(၅) မီမီဝင်းဇော်၊ ခါးနံပါတ်(၇) သိမ့်ရတနာလှိုင်၊ ခါးနံပါတ် (၈) ဝင့်ဝင့်မြတ်၊ ခါးနံပါတ်(၉) စုရီထွန်း၊ ခါးနံပါတ်(၁၀) မြတ်နိုး၊ ခါးနံပါတ်(၁၂) နွေသီရိနိုင်၊ ခါးနံပါတ်(၁၃) နွဲ့စိုးလှိုင်၊ ခါးနံပါတ်(၁၄) ခိုင်ရွှေဇင်ဦး၊ ခါးနံပါတ်(၁၆) ထက်ထက်ကျော်၊ ခါးနံပါတ် (၁၇) နေရီနွေးနွေး၊ ခါးနံပါတ် (၁၈) ယမုံ၊ ခါးနံပါတ်(၁၉) ဝင်းမော်လွင်နှင့် ခါးနံပါတ် (၂၀) လီလီအယ်လီနာ တို့ ဖြစ်ကြသည်။

ပြိုင်ပွဲဝင် ခါးနံပါတ် (၆)၊ (၁၁) နှင့် (၁၅) တို့မှာ အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိပေ။

အဆိုပါ Miss Sofy နှင့် Miss Sofy Eva Contest Grand Final ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအနေဖြင့် Photo Shooting၊ Mini Game၊ Performance တို့နှင့် Talk Show အနေဖြင့် Alice Ong နှင့် Teresa Khing ဖြင့် အဆင့်ဆင့်ယှဉ်ပြိုင် ရွေးချယ်ခံခဲ့သည်။

Miss Sofy နှင့် Miss Sofy Eva Contest Grand Final ပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးဖြစ်သော်လည်း မျက်နှာသစ် သရုပ်ဆောင်ကြယ်ပွင့်လေးများပေါ်ထွက်လာစေရန် ရည်ရွယ်စီစဉ်သော အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဟားလ်စီးတီးတို့ ရှက်ဖီးကိုအနိုင်ယူပြီး ပရီမီယာလိဂ်တန်းတက်ခွင့်ရ



အင်္ဂလန်နိုင်ငံမှ ပရီမီယာလိဂ်၏ အောက်တန်း လိဂ်ဖြစ်သော ချန်ပီယံရှစ်တွင် ဘန်လေနှင့် မစ်ဒယ်ဘရော့တို့သည် ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခဲ့ပြီး ကျန်တစ်သင်းနေရာအတွက် ဘရိုက်တန်၊ ဟားလ်စီးတီး၊ ဒါဘီ၊ ရှက်ဖီးဝမ်းနက်စ်ဒေးတို့ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့ရာ ဟားလ်စီးတီးတို့ အနိုင်ရရှိ၍ တက်ရောက် သွားသည်။

ခြေစစ်ပွဲလေးသင်းယှဉ်ပြိုင်ရာတွင် နှစ်သင်းစီ မဲနှိုက်ရွေးချယ်ခဲ့ပြီး ဘရိုက်တန်နှင့်ရှက်ဖီး၊ ဟားလ်စီးတီးနှင့် ဒါဘီ တို့ တွေ့ဆုံခဲ့သည်။

ဘရိုက်တန်သည် ရှက်ဖီးကို နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဟားလ်စီးတီးက ဒါဘီကို နှစ်ကျော့ ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပရီမီယာလိဂ်သို့ တန်းတက်ခြေစစ်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဝင်ဘလေကွင်း၌ မေ ၂၉ ရက် နံနက်ပိုင်းက ဟားလ်စီးတီးနှင့် ရှက်ဖီးတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ပွဲချိန် ၇၂ မိနစ်တွင် ကွင်းလယ်ကစားသမား မိုဟာမက်ဒိုင်ယာမီ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ဟားလ်စီးတီး အနိုင်ရရှိခဲ့သည်။

ယင်းပွဲ အနိုင်ရရှိသည့်အတွက် ဟားလ်စီးတီးအသင်းသည် ပရီမီယာလိဂ်သို့ တန်းတက်ခဲ့ပြီး ခြေစစ်ပွဲဖလားပါ ရရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်တွင် နယူးကာဆယ်၊ နော့ဝှစ်ချ်နှင့် အက်စ်တွန်ဗီလာတို့ တန်းဆင်းခဲ့ပြီး ဘန်လေ၊ မစ်ဒယ်ဘရော့နှင့် ဟားလ်စီးတီးတို့ တန်းတက်ခဲ့ပြီဖြစ်သည်။ ❍ **သီဟ**



ချန်ပီယံလိဂ်ဗိုလ်လုပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနေမှုကိုတွေ့ရစဉ်

● *ကျော်ဖုံးမှ*

အနီးကပ် ပိတ်သွင်းခဲ့ပြီး အက်သလက်တီကိုအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ အထိ တစ်ဖက်တစ်ဂိုး စီသရေကျနေ၍ အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့ရာ အနိုင်ရလဒ်မထွက်ပေါ်ခဲ့၍ ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ရီးရဲက ငါးလုံး စလုံးဂိုးဝင်ပြီး အက်သလက်တီကိုအသင်းမှ နောက်တန်းကစားသမား ဂျူအန်ဖရန်း ပယ်နယ်တီမဝင်ခဲ့၍ ၂၀၁၅-၂၀၁၆ ချန်ပီယံလိဂ်ဖလားကို အက်သလက်တီကိုတို့ လက်လွတ်ဆုံးရှုံးခဲ့ရပြန်သည်။

ရီးရဲမက်ဒရစ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲကို (၁၄) ကြိမ်မြောက် တက်ရောက်ခဲ့ပြီး(၁၁)ကြိမ်ဖလားရရှိခဲ့သည်။ နည်းပြဇီဒန်းသည် ကစားသမား ဘဝမှာ ဖလားရယူပေးနိုင်သလို ပထမဦးဆုံး နည်းပြဘဝတွင်လည်း ရီးရဲကို ဖလားရယူပေးခဲ့သည်။ အက်သလက်တီကိုသည် အသင်းလိုက်စုစည်းမှုအားကောင်းသည့် အသင်းဖြစ်ပြီး ချန်ပီယံလိဂ်ဗိုလ်လု ပွဲကို သုံးကြိမ်တက်ရောက်ခဲ့ရာ ပထမ ဦးဆုံး တက်ရောက်သည့် ၁၉၇၄ တွင် ဘိုင်ယန်မြူးနစ်နှင့် တွေ့ဆုံပြီးရှုံးနိမ့် ခဲ့သည်။ ၂၀၁၄ တွင် ရီးရဲမက်ဒရစ်နှင့် တွေ့ဆုံပြီး အချိန်ပို သွင်းဂိုးများဖြင့်ရှုံးနိမ့် ခဲ့သည်။ ယခုနှစ်တွင်လည်း ရီးရဲနှင့် ထပ်မံတွေ့ရှိခဲ့ပြီး ကံမကောင်းစွာ ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ရီးရဲမက်ဒရစ်၏ အောင်မြင်မှုသမိုင်းတွင် ချန်ပီယံလိဂ်ဖလားကို (၁၁) ကြိမ်ဖြင့် အများဆုံးရရှိထားပြီး စပိန်လာလီဂါ (၃၂) ကြိမ်၊ စပိန်ဘုရင့်ဖလား (၁၉)ကြိမ်နှင့် အခြားသော ဖလားပေါင်းများစွာလည်း ရရှိထားသည်။

**သီဟ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများအိမ်ရာ လမ်းနှင့်တံတားတည်ဆောက်ခြင်းလုပ်ငန်း

(ခ) ချင်းပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၏ လေကာမှန်ကာရံခြင်းလုပ်ငန်း

၂။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ၂၅-၅-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၄-၆-၂၀၁၆ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၇၀-၂၁၀၀၇၊ ၀၇၀-၂၂၃၆၈ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| အရောင်းဝန်ထမ်း | ကျား/မ | ၅ | ဦး |
| စာရင်းကိုင် | ကျား/မ | ၃ | ဦး |
| ရုံးစာရေး | ကျား/မ | ၃ | ဦး |
| ယာဉ်မောင်း | ကျား/မ | ၂ | ဦး |
| လုံခြုံရေး | ကျား | ၃ | ဦး |
| ပန်းထိမ်ဝန်ထမ်း | | | |
| စိန်ပန်းထိမ် | ကျား | ၅ | ဦး |
| ဖယောင်းပုံထွင်း(ဖယောင်းလှီး) | ကျား/မ | ၅ | ဦး |
| ပန်းထိမ်သင်တပည့် | ကျား/မ | ၂၀ | ဦး |

အထက်ပါ အလုပ်နေရာများအတွက် ဘွဲ့ရပြီးသူ(သို့)ကျောင်းဆက်မတက်သောသူ၊ ရန်ကုန်တွင်နေထိုင်သူများကို ဦးစားပေးမည်။ ဆက်သွယ်ရန်လိပ်စာ။ စိုက်ပျိုးရေး မှတ်တိုင်အနီး (Junction square)

**ဖုန်း-၀၁-၂၃၀၄၃၄၄၊ ၀၁-၂၃၀၄၃၄၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချစ်မိုးဇော် ၁၃/ရငန(နိုင်)၀၄၄၄၄၃ M-298898 ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၃၄၈၃၈၃**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
### တင်ဒါအမှတ်-၁(၂၀၁၆-၂၀၁၇)

ရခိုင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ သံတွဲခရိုင်အတွင်းရှိ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့များမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း/ ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လမ်းခင်းကျောက်မျိုးစုံ၊ ကျောက်စရစ်နှင့် ချောင်းသဲကျောက်၊ သဲ၊ သစ်၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံ၊ ဒီဇယ် စသည့် ပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

၁။ တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သံတွဲမြို့တွင် ၃-၆-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၁၇-၆-၂၀၁၆ရက် မွန်းလွဲ ၁၄း၀၀နာရီ

၃။ **တင်ဒါလျှောက်လွှာဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သံတွဲမြို့

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၆-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်(သို့မဟုတ်)ဖုန်း၀၄၃-၆၅၃၂၆သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊**
**လမ်းဦးစီးဌာန၊ သံတွဲခရိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်/ ကုမ္ပဏီများထဲမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ ပြည်နယ်မှူးနေအိမ်(၄၀× ၃၀× ၁၀)ပေ RC | | ၁ လုံး |
| ၂။ (၆)ခန်းတွဲ ဝန်ထမ်းနေအိမ်(၉၆×၁၆×၁၂)ပေ RC | | ၂ လုံး |
| ၃။ အရာထမ်းနေအိမ် (၃၂×၂၆×၁၂)ပေ RC | | ၂ လုံး |
| **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** | - | ၁-၆-၂၀၁၆ ရက် |
| **တင်ဒါပိတ်မည့်ရက်** | - | ၂၅-၆-၂၀၁၆ ရက် |
| **တင်ဒါတင်သွင်းမည့်နေရာ** | - | ပြည်နယ်ဦးစီးမှူးရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့ |

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၀-၂၁၀၂၆၊ ၀၉-၂၄၅၀၄၇၄တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ချင်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဟားခါးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/9889 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မြေညီထပ်တိုက်ခန်း အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ သုခလမ်း၊ စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်အနီး၊မြေညီထပ် ၁၂.၅'× ၅၀' အခန်းဖွဲ့ပြီး၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ **သိန်း(၅၃၀)**

**ဖုန်း-၀၉-၇၈၅၀၄၆၆၄၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပုသိမ်ခရိုင်တရားမရုံးတော်၌
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၃

| | | |
|---|---|---|
| ၁။ ဗိုလ်မှူးကြီးမြင့်ချို | နှင့် | ၁။ ဒေါ်စိုးစိုးကြည် |
| ၂။ ဦးအောင်ကျော်ညွှန့် (မိမိကိုယ်တိုင်နှင့်အမှတ်(၁) တရားလို၏ကိုယ်စားလှယ်စာရသူ) | | ၂။ ဦးမြင့်ကျော် (မိမိကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးဟန်ကြည်၏ တရားဝင်ကိုယ်စားလှယ်) |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီးစမ်းချောင်းမြို့နယ်၊ မင်းလမ်းနေ ဒေါ်စိုးစိုးကြည်(ဘ) ဦးဟန်ကြည် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလို ဗိုလ်မှူးကြီးမြင့်ချို(ပါ-၂)ဦးက သင့်အပေါ် ပုသိမ်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မေတ္တာဖြင့်မြေပိုင်မြေအား အပြီးအပိုင်စွန့်လွှတ်ခြင်း စာချုပ်အမှတ် ၁၁၄/၂၀၀၉သည် တရားမဝင်ပျက်ပြယ်သည့်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၁၇ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ခင်နှင်းရီ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

## မုံရွာမြို့၌ စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းဖွင့်

**မုံရွာ မေ ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၆)ကို မေလတတိယပတ်မှစတင်ပြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးခန်းမ၌ ရက် ၁၀၀ စီမံချက်ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိဌာနများမှ တိုင်းဒေသကြီးအဆင့် တာဝန်ခံများနှင့် မုံရွာစီးပွားရေးတက္ကသိုလ်မှ ဆရာမများက စီမံကိန်းဘာသာရပ်အဖြစ် စီမံကိန်းသဘောသဘာဝ၊ မြန်မာနိုင်ငံတွင် ရေးဆွဲခဲ့သော စီမံကိန်းများ၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ညွှန်းကိန်းများ၊ ကဏ္ဍ/ဒေသန္တရ စီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးအစီအစဉ်၊ ကျေးရွာ/ရပ်ကွက် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရေးဆွဲခြင်း၊ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် ထိန်းကျောင်းကြပ်မတ်ခြင်း၊ စစ်တမ်း ကောက်ယူခြင်းဆိုင်ရာ အခြေခံ အချက်အလက်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်း (SDG)ဘာသာရပ်များ၊ ငွေရေးကြေးရေးဆိုင်ရာ ဘာသာရပ်အဖြစ် ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘာသာရပ်အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိပြီး လက်တွေ့နယ်ပယ်နှင့် နှိုင်းယှဉ်စိစစ်သုံးသပ်ပို့ချပေးခြင်းနှင့် ဖွံ့ဖြိုးမှုဆိုင်ရာဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သင်တန်းကို မေ ၁၉ ရက်မှ ဇွန် ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဝန်ထမ်းသင်တန်းသား ၁၀ ဦးနှင့် ပြင်ပသင်တန်းသား ၃၈ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများဖော်ဆောင်

**နေပြည်တော် မေ ၂၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အဖြစ် ရေရရှိရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ကျေးလက်ဦးစီးဌာနကဦးစီး၍ မေ ၂၆ ရက်က လွိုင်ကော်မြို့နယ်မှ လွယ်တမူနှင့် ထီးသူကူးကျေးရွာများသို့ သောက်သုံးရေဂါလန် ၁၆၀၀ ကို လည်းကောင်း၊ ဖရူဆိုမြို့နယ်မှ လောပလျားလဲကျေးရွာသို့ သောက်သုံးရေ ဂါလန် ၆၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနက ဦးစီး၍ မေ ၂၄ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ် လက်ယက်ကျေးရွာ၌ လေးလက်မစက်ရေတွင်း ၃၇၅ ပေ စက်ရေတွင်း ပြုပြင်ခြင်းလုပ်ငန်း၊ ဆင်ပေါင်ဝဲ-ကြာအင်းလမ်းပေါ်တွင် (၁၀' x ၁၈' x ၉" ) ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနကဦးစီး၍ မေ ၂၅ ရက်တွင် ကျောက်ဆည်မြို့နယ်မှ ဟံမြင့်မိုရ်၊ ဇလဲ၊ အင်းရောင်းကျေးရွာတို့တွင် စက်ရေတွင်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်မှ တောင်ကြီးကျေးရွာတွင် မြေသားရေကန်ဆောက်လုပ်မည့် မြေနေရာအားလည်းကောင်း၊ ဝမ်းတွင်းမြို့နယ်မှ အိုမတွေ့ကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းအားလည်းကောင်း၊ မေ ၂၆ ရက်တွင် နွားထိုးကြီးမြို့နယ်မှ ထနောင်းပင်လဲကျေးရွာတွင် အိမ်အရောက် ရေမီတာသုံး ရေပေးဝေစနစ်ဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## ပေါင်မြို့နယ်တွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကွင်းဆင်းကုသ



**ပေါင် မေ ၂၉**

ပေါင်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ရက် ၁၀၀ လုပ်ငန်းစီမံချက်အရ မေ ၂၇ ရက်က ပေါင်မြို့ ကဒုံးစီးရပ်ကွက်တွင် ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးရန် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဆေးခန်းမှူး ဒေါ်ခင်မျိုးအေးနှင့်ဝန်ထမ်းများက ကဒုံးစီးရပ်ကွက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြည်သူလူထုအား ကျန်းမာရေးစစ်ဆေး၍ ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။ အဆိုပါကွင်းဆင်းကုသရာသို့ ပေါင်မြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရီနှင့် အသင်းအမှုဆောင်အဖွဲ့များက ကူညီထောက်ပံ့မှုများပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ်များရှင်းလင်း

**ကျောက်မဲ မေ ၂၉**

ပြည်သူ့အတွက် ရက် ၁၀၀ ဝန်ဆောင်မှုလုပ်ငန်းစဉ်များချပြရှင်းလင်းခြင်းအခမ်းအနားကို မေ ၂၇ ရက်က ကျောက်မဲမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အစိုးရသစ်လက်ထက်တွင် ခေတ်စနစ်အရ ပြောင်းလဲဆောင်ရွက်နေကြောင်း ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ပြောင်းလဲနေသည်ကို သိအောင်ကြိုးစားလက်ခံပြီး မိမိတို့ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို တာဝန်ကျေပွန်ရုံသာမက စိတ်အားတက်ကြွစွာဖြင့် စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စည်ပင်သာယာ၊ မွေးမြူရေးနှင့် ကုသရေး၊ ပညာရေးနှင့် ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ဌာနတစ်ခုချင်းအလိုက် ပုံမှန်ထက် ပိုမိုဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည် ။

**မလတ် (ကျောက်မဲ )**

## ဆောမြို့၌ မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ရှင်းလင်း

**ဆော မေ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၅ ရက်က ဂန့်ဂေါခရိုင် ဆောမြို့ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းသည်။

အဆိုပါရှင်းလင်းပွဲတွင် တက်ရောက်လာကြသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူးဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အများပြည်သူအားကိုးအားထားပြုရသည့် ဝန်ဆောင်မှုများပေးနိုင်ရေး ဆွေးနွေး

**မန္တလေး မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးအတွင်း အစိုးရ၏ ရက် ၁၀၀ အတွင်း ပြည်သူကိုမျက်နှာမူကာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆွေးနွေးပွဲကို တိုင်းဒေသကြီးရုံးအစည်းအဝေးခန်းမ၌ မေ ၂၇ ရက်က ကျင်းပခဲ့သည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ Community Library တစ်ခုနှင့် Community Center သုံးခု အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဖွင့်လှစ်ထားရှိသည့် ခရိုင်နှင့် မြို့နယ် ပြည်သူ့စာကြည့်တိုက်များအဆင့်မြှင့်တင်ရေး၊ ပြည်သူများ အသိပညာဗဟုသုတရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ပိုမိုသက်ဝင်လှုပ်ရှားမှု ဖြစ်ပေါ်လာစေရန် အများပြည်သူအားကိုးအားထားပြုရသည့် အများပြည်သူများအတွက် လိုအပ်သော ဝန်ဆောင်မှုများပေးနိုင်သည့် ဌာနတစ်ခုဖြစ်ပေါ်လာရေးတို့ကိုဆွေးနွေးကြသည်။

ထို့အပြင် အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များ ပြည်သူကိုအသိပေးရန်နှင့် ပြည်သူတို့၏ အခက်အခဲ၊ အစိုးရက ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ပြည်သူကိုမျက်နှာမူလျက် အခြေအနေမှန်များကို အစိုးရသိရှိစေရေး သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်မှုရှိရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော မြို့နယ်အဆင့် ဦးစီးမှူးများ၊ ဓာတ်ပုံကျွမ်းကျင်ဝန်ထမ်းများ၊ ခရိုင်ဦးစီးအရာရှိများနှင့် တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူးတို့က အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကျောင်းအပ်နှံရေးစီမံချက်အပြင် ပညာရေးဝန်ကြီးဌာနမှ မူဝါဒ (၈)ခုကို ရက် ၁၀၀ စီမံချက်အဖြစ် ဆောင်ရွက်မည်

[ ပညာရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံချက် ]



KG တန်း၌ ကျောင်းသား ကျောင်းသူများအတွက် ပြန်လည်သင်ကြားရန် ဆရာ ဆရာမများ လက်တွေ့လေ့ကျင့်စဉ် (ဓာတ်ပုံ-ပညာရေး)



ကျောင်းကျန်းမာရေးအဖွဲ့က ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးဆောင်ရွက်ပေးနေစဉ်



ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ ကျောင်းနေအရွယ်တိုင်း စာတတ်မြောက်ရမည့် စီမံချက်သည်လည်း မြန်မာ့ပညာရေး၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တက်လာပြီး ရက်ပေါင်း ၁၀၀ အတွင်း စီမံဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ကျောင်းသားလူငယ်များ၏ အကျိုးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးအား တွေ့ဆုံမေးမြန်းထားသည်။

**မေး။ ။ ရက်ပေါင်း ၁၀၀ အတွင်းမှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်သွားမယ့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေအကြောင်းကို ရှင်းပြပေးပါ။**

ဖြေ။ ။ အစိုးရသစ်လက်ထက်မှာ ပြည်သူလူထုကို တင်ပြခဲ့တဲ့ ပညာရေးမူဝါဒအပေါ် အခြေခံပြီးတော့ ရက်ပေါင်း ၁၀၀ ကာလအတွင်း ဆောင်ရွက်မယ့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ ရှိပါတယ်။ နိုင်ငံသူ နိုင်ငံသားအားလုံးနဲ့ ပညာရေးကဏ္ဍဟာ သက်ဆိုင်ပါတယ်။ အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်းမှာ ကျောင်းသား ကျောင်းသူတွေရှိတာကြောင့် အားလုံးသိရှိထားပြီး ညီညီညွတ်ညွတ် အင်တိုက်အားတိုက်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ဖို့အတွက် ကျွန်တော် ရှင်းပြပေးပါမယ်။ လုပ်ငန်းစဉ်အားလုံးပေါင်း (၈)ခုကို ရက် ၁၀၀ အတွင်းမှာ စတင်ဆောင်ရွက်သွားဖို့ရှိပါတယ်။

**မေး။ ။ ဝန်ကြီးပြောတဲ့ ရက်ပေါင်း ၁၀၀ အတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေထဲက ပထမဆုံးတစ်ခုကို သိချင်ပါတယ်။**

ဖြေ။ ။ လုပ်ငန်းစဉ် (၁)ကတော့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း ဆောင်ရွက်မယ့်အစီအစဉ်ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာသင်ယူမှု အခွင့်အလမ်းတွေ ပိုမိုရရှိလာစေရေးအတွက် ကျောင်းအဆင့်တိုးမြှင့်တာတွေနဲ့ ကျောင်းအသစ်ဖွင့်လှစ်တာတွေကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ မူလတန်းပညာသင်ယူပြီးမြောက်ဖို့အတွက် အလေးထားပြီး ကျောင်းနေမြဲနှုန်း မြင့်မားဖို့၊ ကျောင်းထွက်နှုန်းလျော့ကျဖို့ကိုလည်း အဆင့်ဆင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ရေး မူဝါဒတွေကိုဖြေလျှော့ပြီး အမက၊ မူလွန်၊ အလက(ခွဲ)၊ အလက၊ အထက (ခွဲ)၊ အထက စတဲ့ အခြေခံပညာကျောင်းပေါင်း ၃၃၁၂ ကျောင်းကို ကျောင်းဖွင့်အမီ တိုးမြှင့်ဖွင့်လှစ်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း-မေဦးမိုး၊ ဇူလိုင်မိုး၊
ဓာတ်ပုံ-မေဦးမိုး၊ တင်စိုး(မြန်မာ့အလင်း)

**မေး။ ။ ပညာရေးဝန်ကြီးဌာနရဲ့ရက်ပေါင်း ၁၀၀ စီမံချက်ကာလအတွင်းက ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ် နံပါတ် (၂)အကြောင်းကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ လုပ်ငန်းစဉ် (၂) အနေနဲ့ကတော့ ကျောင်းအပ်နှံရေး သီတင်းပတ်ဆောင်ရွက်မယ့် အစီအစဉ်ပဲဖြစ်ပါတယ်။ ကျောင်းအပ်နှံရေးသီတင်းပတ် လုပ်ငန်းစဉ်ကို မေလ ၂၅ ရက်နေ့ကနေ ၃၁ ရက်နေ့အထိ သတ်မှတ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျောင်းအပ်နှံရေး သီတင်းပတ်လုပ်ငန်းစဉ် ဆောင်ရွက်ရခြင်းကတော့ သတ်မှတ်ပြီးမြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်း ပညာရေးကို မူလတန်းအရွယ်တိုင်း သင်ယူခွင့်ရရှိနိုင်ဖို့နဲ့ မူလတန်းပညာသင်ယူပြီးမြောက်ဖို့ပဲဖြစ်ပါတယ်။ ဒီနှစ်ကစတင်ပြီး KG+12 အခြေခံပညာရေးစနစ်အတွက် KG သင်ရိုးသစ်အရ ဆရာ ကိုင် စာအုပ်အသစ်အသုံးပြုပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒီနှစ်မှာစတဲ့ အသက် ငါးနှစ်အရွယ် ကျောင်းစတက်ကြမယ့် ကလေးတိုင်း စနစ်သစ် KG တန်းမှာ ကျောင်းအပ်လက်ခံသွားမှာဖြစ်ပါတယ်။ မသင်မနေရ KG အဖြစ် သတ်မှတ်မထားပါဘူး။ ကျောင်းသား ကျောင်းသူတွေအတွက်ကိုလည်း တူညီဝတ်စုံ (School Uniform) တစ်စုံစီ ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ KG သင်ရိုးအသစ်နဲ့ ကာယ၊ ဉာဏဖွံ့ဖြိုးမှုနဲ့လိုက်လျောညီထွေဖြစ်တဲ့ ပြုစုပျိုးထောင်မှုနဲ့ သင်ကြားပို့ချသွားမှာဖြစ်ပါတယ်။ လက်ရေးကို သင်ကြားပို့ချမှာ မဟုတ်ပါဘူး။ Grade 2,3,4,5 အတန်းတက်ကြမယ့် အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောင်းဝင်ကြေးအပါအဝင် မည်သည့် ငွေကြေးကိုမှ လက်ခံသွားမှာမဟုတ်ပါဘူး။

ကျောင်းသုံးဖတ်စာအုပ်တွေနဲ့ ဗလာစာအုပ် ခြောက်အုပ်စီကို အခမဲ့ပေးဝေသွားမှာဖြစ်တဲ့အပြင် တူညီကျောင်းဝတ်စုံ တစ်စုံစီကိုလည်း အခမဲ့ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ အလယ်တန်းနဲ့ အထက်တန်း ကျောင်းသား ကျောင်းသူတွေအားလုံးအတွက်ကတော့ ကျောင်းသုံးဖတ်စာအုပ်တွေကို အခမဲ့ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနဲ့ စာကြည့်တိုက်ကြေးစတဲ့ မည်သည့် ငွေကြေးကိုမှ မပေးဆောင်စေရဘဲ လက်ဆောင်ပစ္စည်း လက်သင့်မခံတဲ့ ကျောင်းအပ်နှံရေးကို အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ ကျောင်းအပ်နှံလာတဲ့ အတန်းလိုက်ကျောင်းသား ကျောင်းသူထံကဖြစ်စေ၊ အားလုံးထံက ဖြစ်စေ၊ ကျောင်းသား ကျောင်းသူ မိဘပြည်သူများထံကဖြစ်စေ မည်သည့်အခကြေးငွေကိုမှ မကောက်ခံဖို့အတွက် တားမြစ်ထားပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့လည်း ကျောင်းအုပ်အပါအဝင် ဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေကို ငွေကြေးနဲ့ လက်ဆောင်ပစ္စည်းပေးပို့တာတွေ ရှောင်ကြဉ်ကြဖို့ မေတ္တာရပ်ခံပါတယ်။ ဒီပညာသင်နှစ်မှာ မိဘဆရာအသင်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကနေ ကျောင်းဆရာ ဆရာမတွေရဲ့ စာသင်ခန်းမှာ ကျောင်းသား ကျောင်းသူတွေအားလုံး စာတတ်အောင်သင်ပေးဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကလေးတွေရဲ့ ဘဝ၊ ဉာဏဖွံ့ဖြိုးမှုနဲ့ လိုက်လျောညီထွေဖြစ်တဲ့ သင်ကြားသင်ယူမှုတွေ ဖြစ်လာအောင် ကြိုးပမ်းနေပါတယ်။ ဘဝရဲ့ အခြေခံကောင်းပေးတဲ့ ပညာရေး၊ အချက်အလက် အထောက်အထားနဲ့ ကလေးရဲ့စဉ်းစားတွေးခေါ်နိုင်စွမ်းကိုအားပေးပြီး အမှားကို မှန်အောင်ပြင်ပေး၊ မှန်တာကို ပိုကောင်းအောင် ပြုစုပျိုးထောင်နိုင်တဲ့ အခြေခံအုတ်မြစ်ကောင်းတဲ့ မူလတန်း ပညာရေးဖြစ်အောင် အားနည်းချက်တွေကိုပြုပြင်ဖို့ ပညာရေးဝန်ကြီးဌာနက ကြိုးပမ်း အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒီလိုပြုပြင်ဆောင်ရွက်တဲ့နေရာမှာ နေ့ချင်းညချင်း ကောင်းအောင်ပြုပြင်ဖို့ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။ အဓိကကတော့ ကျောင်းသား ကျောင်းသူတွေကို စေတနာ၊ ဝါသနာ၊ အနစ်နာခံပြီး သင်မယ်လို့ ယုံကြည်ချက်အပြည့်ရှိတဲ့ ဆရာ ဆရာမတွေ၊ ကျောင်းအုပ်တွေနဲ့ တာဝန်ရှိသူတွေအားလုံးက ကျောင်းသား ကျောင်းသူတွေကို နားလည် စာနာစိတ်အပြည့်နဲ့ အကျင့်စာရိတ္တကောင်းအောင်၊ ကျောင်းတက်မှန်အောင်၊ ကျောင်းစာသင်ခန်းမှာ ကျောင်းသားအားလုံး စာတတ်အောင် သင်ကြားပေးမယ်ဆိုတဲ့ စိတ်ဓာတ်ကို အားပေးမြှင့်တင်ပေးနေတာဖြစ်ပါတယ်။ ဒီလိုကျောင်းစာသင်ခန်းထဲမှာ စာတတ်အောင် သင်ရင် ကျောင်းသား ကျောင်းသူတွေ စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် စာမေးပွဲဆိုတာ ဘာလုပ်ဖို့လဲ မေးစရာရှိပါတယ်။ ကျောင်းရဲ့ ကျောင်းအုပ်နဲ့ ဆရာ ဆရာမတွေက ကျောင်းသား ကျောင်းသူတွေကို ကျောင်းစာသင်ခန်းမှာ တကယ်စာတတ်အောင် ဘယ်လောက် သင်ပေးနိုင်သလဲ၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဘယ်လောက်လုပ်ပေးနိုင်သလဲ စိစစ်အကဲဖြတ်နိုင်ဖို့လိုအပ်ပါတယ်။

စာမျက်နှာ ၁၈ သို့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အထက(၆)မော်လမြိုင်၌ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် (ဓာတ်ပုံ-ပညာရေး)

- မူလတန်းပညာ သင်ယူပြီးမြောက်ဖို့အတွက် အလေးထားပြီး ကျောင်းနေမြဲနှုန်းမြင့်မားဖို့၊ ကျောင်းထွက်နှုန်းလျော့ကျဖို့ကိုလည်း အဆင့်ဆင့် ဆောင်ရွက်သွားမှာဖြစ်၊
- လာမယ့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ရေးမူဝါဒတွေကို ဖြေလျှော့ပြီး အမက၊ မူလွန်၊ အလက(ခွဲ)၊ အလက၊ အထက (ခွဲ)၊ အထက စတဲ့ အခြေခံပညာကျောင်းပေါင်း ၃၃၁၂ ကျောင်းကို ကျောင်းဖွင့်အမီ တိုးမြှင့်ဖွင့်လှစ်နိုင်ဖို့အတွက် စီစဉ်



KG သင်ရိုးသစ်နှင့် ကာယဉာဏဖွံ့ဖြိုးမှုအတွက် ကျောင်းသား ကျောင်းသူများအား သရုပ်ဖော်ပြသစဉ်



ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကျောင်းသား ကျောင်းသူများ စုပေါင်းဆောင်ရွက်နေစဉ်

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏ တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခုလည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ ပြည်သူက ကြည်ဖြူနေဆဲ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏ အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှစတင်သည့် ရက် ၁၀၀ ကာလအတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

ဆရာ ဆရာမရဲ့ စွမ်းဆောင်ရည်အရ ကျောင်းသား ဆရာအချိုး၊ ဒါမှမဟုတ် ဆရာ ဆရာမကို မွမ်းမံသင်တန်း ပေးရမလား၊ ဖြည့်ဆည်းနိုင်ဖို့ အစီအစဉ်တွေကို ဆောင်ရွက်နိုင်ပြီး မိဘပြည်သူတွေ အားလုံးမျှော်လင့်တဲ့၊ လိုချင်တောင့်တတဲ့၊ အရည်အသွေးရှိတဲ့ ပညာရေးကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

အဆင့်မြင့်ပညာရေးက တက္ကသိုလ်တွေနဲ့ TVET တို့ဟာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်လောက်အောင် အရေးကြီးသလို အရည်အသွေးရှိတဲ့ ပညာရေးမှာ မူလတန်းပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်တဲ့အတွက် ဒီမူလတန်းကလေးတွေကို သင်ကြားပို့ချနေတဲ့ ဆရာ ဆရာမတွေရဲ့ ရင့်ကျက်မှု၊ အတွေ့အကြုံ၊ အရည်အသွေးပြည့်ဝမှုတွေကို ထိန်းသိမ်းမြှင့်တင်ပေးဖို့ လိုအပ်သလို အလယ်တန်း၊ အထက်တန်းပြ ဆရာ ဆရာမတွေရဲ့ အရည်အသွေးမြင့်မားဖို့အတွက် လုပ်ငန်းခွင်အကြိုသင်တန်းတွေ၊ လုပ်ငန်းခွင် သင်တန်းတွေကို ဒီအပြောင်းအလဲမှာ ဦးစားပေးအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဆက်လက်ပြီး ကျောင်းကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ ပညာပေးလုပ်ငန်းစဉ်တွေရော လုပ်ဆောင်သွားဖို့ ရှိပါသလား။**

ဖြေ ။ ။ မိဘဆရာအသင်းနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ပူးပေါင်းပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေးနဲ့ဖွံ့ဖြိုးရေး ရက်သတ္တပတ်လုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အခြေခံပညာကျောင်းတွေမှာ ကျောင်းသန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းကျန်းမာရေးနဲ့ ကျောင်းသား ကျောင်းသူတွေ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇွန်လ ၂၀ ရက်နေ့ကနေ ဇူလိုင်လ ၉ ရက်အထိ ကျောင်းသန့်ရှင်းရေး၊ ကျန်းမာရေးနဲ့ ဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေ၊ မိဘပြည်သူတွေ၊ မိဘဆရာအသင်းတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေအားလုံး ပူးပေါင်းပါဝင်ပေးကြဖို့လည်း ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။

ကျောင်းကျန်းမာရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ လက်ဆေးခြင်း ပညာပေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲတွေ လုပ်ပေးမှာဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူ တစ်ဦးချင်းကို ကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်း၊ ကာယလေ့ကျင့်ခန်းတွေ စုဖွဲ့လေ့ကျင့်စေခြင်းကိုလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ရာမှာတော့ သစ်တောဦးစီးဌာန၊ မိဘပြည်သူများနဲ့ စေတနာ့ဝန်ထမ်းတွေရဲ့အကူအညီကိုရယူပြီး သစ်ပင်စိုက်တာ၊ ပြုစုတာတွေကို ပူးပေါင်းဆောင်ရွက်သွားပါမယ်။ အသိပညာ ဗဟုသုတဖွံ့ဖြိုးဖို့အတွက်တော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းတွေ ပညာပေးဆောင်ရွက်မှာဖြစ်ပါတယ်။

လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေးနဲ့ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက်လည်း အသိပညာပေး ဟောပြောပွဲတွေ ဆက်တိုက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အသက် (၁၀)နှစ်ပြည့် ကျောင်းသားကျောင်းသူတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ အလွယ်တကူ ထုတ်ယူနိုင်အောင်စီစဉ်ပေးသွားမှာဖြစ်ပါတယ်။

**မေး ။ ။ ဆရာ ဆရာမတွေအပါအဝင် ပညာရေးဝန်ထမ်းတွေအတွက် ဆောင်ရွက်ပေးမယ့် လုပ်ငန်းစဉ်တွေရော ရှိပါသလား။**

ဖြေ ။ ။ မြို့ပေါ်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) ပုဂ္ဂလိက ဘဏ်တွေနဲ့နီးတဲ့ ကျောင်းတွေအားလုံးက ဆရာ ဆရာမတွေ၊ စီမံအရာထမ်းအမှုထမ်းတွေရဲ့ လစာငွေကို ဘဏ်စာရင်းကနေ လွှဲပြောင်းထုတ်ယူနိုင်ရေးအတွက် စီစဉ်နေပါတယ်။ ဒီလုပ်ငန်းစဉ်ကတော့ အခြေခံပညာ ဆရာ ဆရာမတွေအတွက် လစာထုတ်ယူကြရာမှာ လမ်းစရိတ်မျှဝေကုန်ကျနေရတာ၊ သာရေးနာရေးကြေးတွေ ကောက်ခံနေခြင်းကနေ အငြိမ်းစား ဆရာ ဆရာမတွေအတွက် မျှဝေကျခံနေရတာတွေကြောင့် လစာငွေအပြည့်အဝမရကြတဲ့အတွက် လစာငွေ အပြည့်အဝရရှိအောင် လုပ်ပေးရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ပေါ်တွေမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) ပုဂ္ဂလိကဘဏ်တွေနဲ့နီးတဲ့ အခြေခံပညာကျောင်း ၁၇ ကျောင်းနဲ့ တက္ကသိုလ်လေးခုတို့မှာ လစာငွေကို ဘဏ်စာရင်းကနေလွှဲပြောင်းထုတ်ယူနိုင်ဖို့ တစ်ဦးချင်း အကောင့်တွေ ဖွင့်နိုင်အောင် စီစဉ်နေတာဖြစ်ပါတယ်။ လုပ်ငန်းစဉ်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကဘဏ်ဖြစ်တဲ့ ကမ္ဘောဇဘဏ်တို့နဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

**မေး ။ ။ လုပ်ငန်းစဉ် နောက်တစ်ခုက ပါရဂူဘွဲ့သင်တန်း တက်ရောက်နိုင်ရေးအတွက် အစီအစဉ်တွေရှိတယ်လို့ သိရပါတယ်။ ဘယ်လို ဆရာ ဆရာမတွေအတွက် ရည်ရွယ်ထားတာလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ဝါရင့်ကထိက ဆရာ ဆရာမတွေအတွက် ပါရဂူ သင်တန်းအစီအစဉ် ဖြစ်ပါတယ်။ လုပ်သက်ရင့်၊ ဝါရင့် တက္ကသိုလ်ကထိက ဆရာ ဆရာမတွေအနေနဲ့ အသက်အရွယ်နဲ့ တာဝန်ဝတ္တရားတွေကြောင့် ပုံမှန်ပါရဂူသင်တန်းတွေကို တက်ရောက်နိုင်ခြင်းမရှိတဲ့အတွက် ရာထူးတိုးရာမှာ ကြန့်ကြာမှုတွေ ဖြစ်ပေါ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် သူတို့တွေကို လုပ်သက်များအရ စွမ်းဆောင်ရည်ဆိုင်ရာ သုတေသနစာတမ်းပြုစုတင်သွင်း ဖတ်ကြားခြင်းအားဖြင့် ပါရဂူဘွဲ့သင်တန်းတွေကို တက်ရောက်နိုင်ဖို့ ၁၀ နှစ်ကနေ သုံးနှစ်ကို ဖြေလျှော့ပေးပြီး စီမံဆောင်ရွက်နေပါပြီ။

**မေး ။ ။ နည်းပညာနဲ့ သက်မွေးပညာလေ့ကျင့်ရေးဆိုင်ရာတွေအတွက် ဘယ်လိုစီမံကိန်းတွေ ပေါ်ထွက်လာနိုင်မလဲဆိုတာလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ နည်းပညာနဲ့ သက်မွေးပညာရေး၊ လေ့ကျင့်ရေးဆိုင်ရာ လေ့လာသုံးသပ်မှုတွေ ပြုလုပ်ပြီး စီမံကိန်းတွေ ချမှတ်သွားဖို့က ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ် (၆) ဖြစ်ပါတယ်။ အဓိကကတော့ ပညာရေးဆုံးခန်းမတိုင်သူတွေကို လျှော့ချရေးနဲ့ အလုပ်လက်မဲ့လျှော့ချရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ တိုင်းပြည်လုပ်အားစု တိုးမြှင့်ရေး၊ နိုင်ငံတော်အသားတင်ဝင်ငွေတိုးတက်ရေး စတာတွေမှာ နည်းပညာနဲ့ သက်မွေးပညာက အရေးပါတဲ့ကဏ္ဍ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသလိုအပ်ချက်အတွက် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေလုပ်ကိုင်ဖို့ ကျွမ်းကျင်လုပ်သားတွေ၊ နိုင်ငံတော်လိုအပ်ချက်အတွက် စက်မှုဇုန်တွေ၊ အထူးစီးပွားရေးဇုန်တွေမှာ ကျွမ်းကျင်လုပ်သားတွေ လိုအပ်ချက်စတာတွေကို လေ့လာသုံးသပ်ပြီး အကြံပြုတင်ပြခြင်းနဲ့ စီမံကိန်းချမှတ် အကောင်အထည်ဖော်ခြင်းတွေ လုပ်ဆောင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ရက်ပေါင်း ၁၀၀ အတွင်းမှာ ဆရာ ဆရာမတွေရဲ့ သင်ကြားပို့ချမှု စွမ်းဆောင်ရည်ကို အကဲဖြတ်သွားဖို့ ရှိပါသလား။**

ဖြေ ။ ။ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရေးနဲ့ သင်တန်းကဏ္ဍတွေအားလုံးမှာ ဆရာ ဆရာမတွေ အတန်းဝင်ရောက်ပို့ချမှုတွေကို စစ်ဆေးအကဲဖြတ်ခြင်း ပြုလုပ်မှာ ဖြစ်ပါတယ်။ အခြေခံပညာ ကျောင်းသား ကျောင်းသူတွေရဲ့သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားမှုအတွက် ဆရာ ဆရာမတွေ ကျောင်းတက်မှန်ကန်ရေး၊ အတန်းဝင်ချိန် မှန်ကန်ရေး၊ နောက်ကျမှုမရှိစေရေးကို မိဘပြည်သူတွေနဲ့ ကျောင်းအုပ်ကြီးတို့ရဲ့ အကဲဖြတ်မှုနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။

အဆင့်မြင့်ပညာမှာတော့ ကျောင်းသား ကျောင်းသူတွေရဲ့ Assessment ဆောင်ရွက်တာနဲ့ ပါမောက္ခချုပ်၊ ပါမောက္ခတွေအဖွဲ့နဲ့ စစ်ဆေးတာကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သင်ကြားသင်ယူမှုဆိုင်ရာနဲ့ သုတေသနလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုစတဲ့ အရည်အသွေးမြင့်မားရေး၊ အရည်အသွေးအာမခံမှုအတွက် တစ်စိတ်တစ်ပိုင်းအနေနဲ့ ညှိနှိုင်းဆွေးနွေးသတ်မှတ်အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။

**မေး ။ ။ မြန်မာ့ပညာရေးကို အဆင့်မြင့်မားလာဖို့အတွက် ရည်ရွယ်ထားတဲ့ Alternative ပညာရေးအကြောင်းကိုလည်း သိလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ အခြေခံပညာကျောင်းသား ကျောင်းသူတွေရဲ့ ကျောင်းထွက်နှုန်းကများနေပြီး အသားတင်ကျောင်းနေနှုန်းက နည်းပါးလျက်ရှိတာကို တွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ အသက် ငါးနှစ်ကနေ ၁၆ နှစ်အရွယ်ကလေး ၂ ဒသမ ၇ သန်းခန့်ဟာ ကျောင်းဝင်ရောက်မှုမရှိသူတွေနဲ့ ကျောင်းထွက်စောတဲ့ ကလေးတွေ ဖြစ်ကြပါတယ်။ ဒါ့အပြင် အသက် ၁၅ နှစ်နဲ့အထက် သက်ကြီးစာမတတ်သူကလည်း ၃ ဒသမ ၅ သန်းခန့်ရှိနေတာကို တွေ့ရပါတယ်။

ကျောင်းပြင်ပရောက်ကလေးတွေ၊ ကျောင်းကနေ စောစောစီးစီး ထွက်သွားရသူတွေနဲ့ စာမတတ်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖြစ်ပေါ်လာစေရန် စာတတ်မြောက်မှု၊ ပညာရေးနဲ့ အသိပညာကျွမ်းကျင်မှုတွေ ကူညီဖြည့်ဆည်းပေးဖို့ လိုအပ်တာကြောင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ပုဒ်မ (၂၉) ပုဒ်မခွဲ (ခ)နဲ့အညီ ပညာသင်ယူမှုမပြီးဆုံးမီ အကြောင်းအမျိုးမျိုးနဲ့ ပညာသင်ယူမှုရပ်တန့်ခဲ့ရတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် သင့်လျော်တဲ့ ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိစေဖို့ လိုအပ်တဲ့ အစီအမံတွေထားရှိမယ့်စနစ်ကို Alternative Education လို့သတ်မှတ်ပြီး အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

အစီအစဉ်တွေကတော့ သက်ကြီးစာတတ်မြောက်ရေး၊ လူတိုင်း စာတတ်မြောက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေး၊ စဉ်ဆက်ပညာရေး၊ ဝင်ငွေတိုးပွားရေးနဲ့ သက်မွေးဝမ်းကျောင်းပညာရေး၊ ကျောင်းပြင်ပရောက်ကလေးများအတွက် ပညာရေး၊ တန်းညှိပညာရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နဲ့ ရပ်ရွာပညာပဒေသာဌာန၊ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနဲ့ အမျိုးသမီးများအတွက် ပညာရေးအစီအစဉ်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နဲ့ နည်းပညာအစီအစဉ်တို့ ဖြစ်ပါတယ်ဆိုတာ နိဂုံးချုပ်တင်ပြလိုက်ပါတယ်။



KG သင်ရိုးသစ်အတွက် ဆရာ ဆရာမများ လက်တွေ့သင်ကြား လေ့ကျင့်နေစဉ် (ဓာတ်ပုံ-ပညာရေး)



KG သင်ရိုးသစ်ကို ကျောင်းသား ကျောင်းသူများအား လက်တွေ့သင်ကြားနေစဉ်

## သတင်းတိုများ

### မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၅၃၅၀၀ ထုတ်ချေးမည်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၀ မှ တောင်သူများ၏ မိုးသီးနှံစိုက်ပျိုးစရိတ်အတွက် ချေးငွေကျပ်သိန်းပေါင်း ၅၃၅၀၀ ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေများကို မေ ၂၀ ရက်မှစ၍ ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

ချေးငွေများထုတ်ပေးရာတွင် ၂၀၁၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ဘဏ်ချေးငွေ ပြေကျေအောင်ပေးဆပ်ပြီးသည့် အစီအစဉ်အတိုင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် ဆောင်းသီးနှံချေးငွေ ထုတ်ချေးထားသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများအနေဖြင့် ဆောင်းသီးနှံဘဏ်ချေးငွေ ပြေကျေမှ ၂၀၁၆ မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးတင်ဌေးအောင်ထံမှ သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

### ပျဉ်းမနားမြို့နယ် (၃၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကျင်းပ

နိုင်ငံတော် သံဃနာယကအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ကကြီးမှူးကျင်းပသော (၃၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအား မေ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင် ပျဉ်းမနားမြို့နယ် ပန်းခင်းရပ် မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။ အဆိုပါ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲသို့ အုန်းတော၊ သနပ္ပင်ဆိပ်(အရှေ့)၊ ပုရွက်ဆိတ်ကုန်း၊ ရွှေကုက္ကား၊ အောင်သပြေ၊ စည်ပင်သာရွာဦး၊ ပြည်တော်အေး၊ သာယာဝှမ်း၊ ပတ္တပိုဏ်၊ ကူးတို့ဆိပ်၊ ခေမာရွှေဘုံ၊ မအူပင်၊ ညောင်ပင်ကြီးစုသိမ်ကျောင်း၊ အောင်တံခွန်၊ တပ်ပိုး အမက(၂)နှင့် စဉ့်အိုးဖိုကျောင်းတိုက်တို့မှ စာဖြေကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ အဆိုပါစာမေးပွဲကြီးတွင် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်၊ မြန်မာစာဘာသာရပ်နှင့် အဘိဓမ္မာဘာသာရပ်တို့ကို ပထမဆင့် ၂၀၄ ဦး၊ ဒုတိယဆင့် ၂၃၅ ဦး၊ တတိယဆင့် ၄၅ ဦးဟူ၍ အဆင့်သုံးဆင့်ဖြင့် ၄၈၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း ကျင်းပရေးအဖွဲ့ဝင် ဦးမြဟန်ထံမှ သိရသည်။ **ကိုကြီးကျော်(ပျဉ်းမနား)**

### ရက် ၁၀၀ စီမံကိန်းအရ မြေသားရေကန် တူးဖော်ပြီးစီး

နေပြည်တော်မြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု ပျဉ်ထောင်စုကျေးရွာမှ ပြည်သူများ အားထားအသုံးပြုနေရသည့် မြေသားရေလှောင်ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံကိန်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ကန်အနက် တူးဖော်ခဲ့ရာ လုပ်ငန်းများပြီးစီးပြီဖြစ်၍ ပတ်ဝန်းကျင်ရှိ ဝင်းစု၊ ကန်စုနှင့် ပျဉ်ထောင်စုကျေးရွာများမှ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေကန်သည် ပတ်ဝန်းကျင်ကျေးရွာများရှိ အိမ်ခြေ ၁၀၀ ကျော်မှ လူဦးရေ ၅၀၀ ကျော်၏ သောက်သုံးရေအတွက် အားထားနေရသည့် ရေကန်ဖြစ်ပြီး ပြီးခဲ့သော နွေရာသီတွင် အယ်နီညိုရာသီဥတုကြောင့် ရေခန်းခြောက်ကာ ဒေသခံများ သောက်သုံးရေအခက်အခဲ ကြုံတွေ့ခဲ့ရသဖြင့် နေပြည်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြန်လည်တူးဖော်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခင်သန္တာထွေး (ပြန်/ဆက်)**

### ကျောင်းအပ်နှံရေး ကောလင်းတွင်ဆောင်ရွက်

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံရေးသီတင်းပတ်အစီအစဉ်အရ မေ ၂၅ ရက်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၃၈ ကျောင်း၊ အခြေခံပညာမူလတန်း(လွန်)ကျောင်း ၂၉ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၅၉ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၁၇ ကျောင်းတွင် တစ်ပြိုင်တည်းကျောင်းအပ်နှံလက်ခံနေပြီဖြစ်ကာ မေ ၃၁ ရက်အထိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုညိမ်း(ကောလင်း)**

# ကျေးရွာချင်းဆက်လမ်းမကောင်း၍ သွားလာရေးအခက်ကြုံနေ



**ရေး မေ ၂၉**

ရေးမြို့နယ်အတွင်းရှိ အာယုတောင်၊ တောင်ဘုံ၊ သောင်ပြင်၊ ကျောက်တန်း၊ ကော့ဒွတ်၊ လမိုင်း၊ ဇာဂလယ်ကျေးရွာများမှ ပြည်သူများ အဓိက အားထားနေရသော လမ်းတစ်ခုဖြစ်သည့် တောင်ဘုံ-အာယုတောင်ကျေးရွာချင်းဆက် လမ်းပိုင်းမှာ မြေနီလမ်းဖြစ်သဖြင့် ယခုမိုးရာသီတွင် လမ်းပျက်စီးလာပြီး နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ယာဉ်များအတွက် သွားလာရေးတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

"မြေနီလမ်းဖြစ်လို့ လက်ရှိမိုးရာသီမှာဆိုင်ကယ်၊ ကားတွေသွားလာတဲ့အခါ ဗွက်တွေနဲ့လမ်းချော်ပြီး အခက်အခဲများစွာ ကြုံတွေ့ရတယ်။ နှစ်တိုင်းလိုပဲ တစ်ပိုင်တစ်နိုင် အလှူငွေနဲ့ပြုပြင်နေရတယ်"ဟု တောင်ဘုံကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းမှာ အရှည်သုံးမိုင်ရှိပြီး နှစ်ဖာလုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းပေးထားပြီးဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း၌လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် လမ်းအရှည် တစ်မိုင်ကို ဆက်လက်၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စီစဉ်ထားကြောင်း၊ ကျန်သော လမ်းအရှည် တစ်မိုင်ခြောက်ဖာလုံကိုလည်း ဆက်လက်ခင်းကျင်းပေးနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများထံ တင်ပြထားကြောင်း တောင်ဘုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝေက ပြောသည်။

အဆိုပါလမ်းပိုင်းသည် အာယုတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက်အဓိက အားထားမှီခိုနေကြရသော လမ်းဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# နှစ်ခြင်းခရစ်ယာန်အသင်းတော် အရေးပေါ်ကယ်ဆယ်ရေးပရဟိတအဖွဲ့ရုံးသစ်ဖွင့်

**မြဝတီ မေ ၂၉**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရှိ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း နှစ်ခြင်းခရစ်ယာန်အသင်းတော် အရေးပေါ်ကယ်ဆယ်ရေး ပရဟိတအဖွဲ့ (Z RESCUE) ရုံးသစ်ဖွင့်ပွဲကို မေ ၂၇ က ကျင်းပခဲ့သည်။

အဆိုပါ ပရဟိတအဖွဲ့အနေဖြင့် လူနာများအား မြဝတီဆေးရုံကြီးနှင့် မဲဆောက်ဆေးရုံသို့ အခမဲ့ပို့ဆောင်ပေးခြင်း၊ ရပ်နီးရပ်ဝေးလူနာများအား အိမ်နှင့် ဆေးရုံများသို့ ကူညီပို့ဆောင်ပေးခြင်း၊ အာရှလမ်းမကြီးပေါ်နှင့် အခြားနေရာများတွင် အက်ဆီးဒင့်ဖြစ်သော လူနာများအား အရေးပေါ်ကူညီပေးခြင်းနှင့် မီးဘေး၊ ရေဘေး၊ သဘာဝဘေးကြုံတွေ့မှုများအတွက်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရုံးသစ်ဖွင့်ပွဲတွင် (Z RESCUE ) အဖွဲ့၏နာယက ဆရာတော်ကြီးဒေးဘတ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဦးကျော်သူနှင့် ကားအလှူရှင်ဦးအောင်ထွေးတို့က ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် နာယကဆရာတော်ကြီးက မိန့်ခွန်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ ဦးကျော်သူက ပရဟိတလုပ်ငန်းများနှင့် ပတ်သက်သည့် အကြောင်းအရာများကို အကြံပြုပြောကြားသည်။ ထို့နောက် အလှူရှင်များအား ဦးကျော်သူနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး Z RESCUE ပရဟိတအဖွဲ့တာဝန်ခံ ဦးဇော်ဇော်က အဖွဲ့ဖွဲ့စည်းခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



**သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော် ဦးဆောင်မှုဖြင့် အမှတ်(၂၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်သန်းစိုးအောင်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်လင်းနှင့်အဖွဲ့ မေ ၂၇ ရက် နံနက် ၈ နာရီမှစပြီး သံတွဲမြို့အတွင်း ယာဉ်နှင့်ဆိုင်ကယ်များအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်**

သန့်စင်(ပြန်/ဆက်)




**မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကို သရက်ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးထင်အောင်လင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းတင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးရုံအုပ် ဒေါက်တာသီတာစိုးနှင့် ဆေးရုံမှုဝန်ထမ်းများ ပူးပေါင်း၍ မေ ၂၇ ရက်က ပြုလုပ်စဉ်**

ပေါက်ကလေး(သရက်)

# ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

**မင်းကင်း မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးအတွက် ဖွင့်လှစ်ခဲ့သော သင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းရာဇာခန်းမ၌ မေ ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ရည်မှန်းချက်များကို ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ သိရှိလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်အတွက် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူး ၆၄ ဦး၊ စာရေးဝန်ထမ်း ၅၉ ဦး တက်ရောက်ကြပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသင်တန်းကို မေ ၂၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ စာရေးဝန်ထမ်း ၅၉ ဦးတို့အား ဇွန် ၁ ရက်အထိ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား (ပြန်/ဆက်)**

## မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ ကျင်းပ

**တီးတိန်**

ချင်းပြည်နယ် တီးတိန်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို တီးတိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကမ်းဟောက်ခန်းမ၌ မေ ၂၇ ရက်က ကျင်းပခဲ့သည်။

ချင်းပြည်နယ်ပညာရေးမှူး ဦးသိန်းဆောင်က အခမဲ့ပညာရေးစနစ်ဖြင့် ကျောင်းအပ်နှံပြီးသူများ ကျောင်းနေမြဲရေးအတွက်လည်း ဝိုင်းဝန်းကူညီကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင့်ခိုင်က နိုင်ငံတော်မှ ပေးအပ်သည့် ကျောင်းအလိုက်ထောက်ပံ့ကြေးများကို သတ်မှတ်ထားသည့် မူဘောင်အတိုင်း အသုံးပြုဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးငိုးဆွန်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ပြည်သူများနှင့် ဆရာ ဆရာမများ သိရှိရန်လိုသောအချက်များကို ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်မှ ပံ့ပိုးသော ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပြည်နယ်ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့သည်။ **နေစု(ချင်းရိုးမ)**




**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မေ ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းက ကျောင်းအပ်နှံရေးနေ့ ကျင်းပခြင်းနှင့် ကျောင်းသား၊ မိဘ၊ ဆရာများ၏ ပါဝင်ရမည့်အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူက ကျောင်းအပ်နှံရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် မိဘဆရာများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူးက နိုင်ငံတော်မှပံ့ပိုးသော အခမဲ့ကျောင်းသုံးပုံနှိပ်များ၊ ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ပွားထံ ပေးအပ်သည်။ ပူတာအိုမြို့နယ် ကျောင်းအပ်နှံရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း မြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၅၀ ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ အထက(ပူတာအို)ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကလည်း ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် လွယ်အိတ်အလုံး ၂၀၊ ထီးအလက် ၂၀ နှင့် ကျောင်းဝတ်စုံ အစုံ ၂၀ ကိုလည်းကောင်း၊ အထက (ဒုတ္တန်) ကျောင်းအကျိုးတော် ဆောင်အဖွဲ့က ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ် သုံးသိန်းငါးထောင်ကိုလည်းကောင်း၊ အထက(ခွဲ)လေယာဉ်ကွင်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ငွေကျပ်တစ်သိန်းကို လေယာဉ်ကွင်းရှာလင် AG အသင်းတော်ကလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသင်းက ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ မလိခညီအစ်ကိုများကုမ္ပဏီက ငွေကျပ်နှစ်သိန်းကိုလည်းကောင်း သက်ဆိုင်ရာကျောင်းများမှ တာဝန်ရှိသူများထံ လှူဒါန်းခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

**ခရမ်း**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အထက(၁)ကျောင်း စိန်ရတုခန်းမ၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ အလှူရှင်များ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ခရမ်းမြို့နယ် ကျောင်းနေရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုး



ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးဘသန်းက မြို့နယ်အတွင်း ကျောင်းအပ်နှံရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု၊ အခမဲ့ ကျောင်းအပ်နှံရေးအပြင် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ပြဋ္ဌာန်းစာအုပ်များ အခမဲ့ထောက်ပံ့မှု အစီအစဉ်များ၊ အလှူရှင်များက လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်နှင့် ဝတ်စုံများ၊ မိုးကာအင်္ကျီများကို မြို့နယ်အတွင်းမှ ကျောင်းအသီးသီးသို့ ခွဲဝေလှူဒါန်းမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ ပေးပို့လှူဒါန်းထားသည့် တန်ဖိုး ကျပ်သိန်း ၂၀ ရှိ မိုးကာအင်္ကျီများကို ခရမ်းမြို့နယ်အသင်းဝင်များက ကျောင်းအသီးသီးမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်း(KG)အတွက် ကျောင်းဝတ်စုံ အခမဲ့၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ပြဋ္ဌာန်းစာအုပ်တစ်စုံ၊ အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံတို့ကို အခမဲ့ပေးသည့်အပြင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်များ ပေးထားပြီး အထက်တန်းဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ(အခမဲ့)နှင့် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်များ ပေးထားသည့်အတွက် ကျောင်းသားမိဘများအနေဖြင့် ငွေကုန်ကြေးကျမရှိ ပူပင်စရာမလိုဘဲ ကျောင်းအပ်နှံ နိုင်ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## မူလတန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**မိုးနဲ မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု တင်တပ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းခွဲကို မူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်ပွဲနှင့် လေဘေးသင့်အိမ်ထောင်စုများအတွက် နိုင်ငံတော်ထောက်ပံ့ငွေ ပေးအပ်ပွဲကို မေ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်၊ မြို့နယ်ပညာရေးမှူး ဦးတိုးလှနှင့် ကျေးရွာတာဝန်ခံ ဦးစိုင်းအိုက်ထွန်းတို့က အခြေခံပညာမူလတန်းကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ဧပြီ ၂၉ ရက်က ဖြစ်ပွားခဲ့သော မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးသွားခဲ့သည့် လေဘေးသင့်အိမ်ထောင်စု ၁၉ စုအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ကျပ်နှစ်သောင်းစီကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်စုဝင်တစ်ဦးချင်းထံ လက်ရောက်ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**




## ရပ်ကျေးအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ပုဏ္ဏားကျွန်း မေ ၂၉**

နိုင်ငံတော်အစိုးရသစ်လက်ထက် ပြည်သူဗဟိုပြုလုပ်ငန်းများ ထက်မြက်သွက်လက်ပြီး ထိရောက်အောင်မြင်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းကို ပုဏ္ဏားကျွန်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း ၂၂၃ ဦး တက်ရောက်ပြီး ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး အတွက် သင်တန်းကာလ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# အခမဲ့ပညာရေးစနစ်ဖြင့် ဖူးပွင့်လာတော့မည့် အနာဂတ်မျိုးဆက်သစ်များ



လာမည့် ဇွန် ၁ ရက်နေ့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တော့မည်ဖြစ်ပြီး ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်လက်ခံနေပြီဖြစ်သည်။ ပညာသင်နှစ်သစ်တွင် တက်ရောက်ပညာသင်ယူကြမည့် မျိုးဆက်သစ်လူငယ်များကို လက်ဆွဲကာ အနာဂတ်စိတ်ကူးအိပ်မက်ကိုယ်စီဖြင့် ကျောင်းအပ်နှံရန် လာရောက်ကြသော မိဘများ၏ ခြေလှမ်းများကလည်း အားမာန်ပြည့်လျက် ရှိနေပေသည်။

ပညာရေးဝန်ကြီးဌာနကလည်း ယခုပညာသင်နှစ်အတွက် မေ ၂၅ ရက်မှ ၃၁ ရက်အထိ အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ကာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး ဟူသော ဆောင်ပုဒ်နှင့်အညီ လက်ခံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းအပ်နှံသည့်အတွက် မိဘများ ငွေကြေးတစ်စုံတစ်ရာ ကုန်ကျမှုမရှိစေသော အခမဲ့ပညာရေးစနစ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများ ပညာသင်ယူရေးတွင် လိုအပ်သည့် ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များနှင့် မူလတန်းများအတွက် ကျောင်းဝတ်စုံများကိုပင် အခမဲ့ဖြန့်ဝေပေးကာ မိဘတိုင်းအတွက် သားသမီးများ၏ ပညာသင်ယူမှု ကုန်ကျစရိတ်များကိုလည်း လျှော့ချပေးခဲ့ရာ ကျောင်းသားမိဘများအတွက် များစွာအဆင်ပြေစေခဲ့သည်။

"သားသမီး သုံးယောက်ကို ကျောင်းလာအပ်တာပါ။ သားက ဒီနှစ်မှစတက်မှာပါ။ ကျန်နှစ်ယောက်က ၄တန်းနဲ့ ၆တန်း ကျောင်းသူတွေပါ။ ဟိုးယခင်နှစ်တွေကဆို ကျောင်းဖွင့်ရာသီမှာ ကျောင်းအပ်ဖို့အတွက် ကုန်ကျစရိတ်ကို စိုးရိမ်နေကြရတယ်။ စာအုပ်စာတမ်းကြေး၊ ဟိုကြေးဒီကြေးနဲ့ ကလေးတွေမျက်နှာမငယ်ရအောင် အတန်းကောင်းကောင်းရဖို့လည်း ကြိုးစားရတော့ ကုန်ကျစရိတ်က ကြီးပါတယ်။ အခုတော့ တစ်ပြားမှ ကိုင်သွားစရာမလိုတဲ့အပြင် မျက်နှာငယ်စရာလည်း မရှိတော့တဲ့အတွက် တာဝန်ရှိသူတွေနဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်"ဟု ကျောင်းသားမိခင်တစ်ဦးဖြစ်သူ ဒေါ်တင်တင်မိုးက ပြောသည်။

ထို့ပြင် ယခုပညာသင်နှစ်တွင် စနစ်သစ်ဖြင့် စတင်သင်ကြားမည့် KG သူငယ်တန်းသင်ရိုးသစ်ကို သင်ကြားရေး ဆရာ ဆရာမများသာမက မိဘတိုင်းကလည်း အထူးစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အောင်မြေသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက "ဒီနှစ်မှာတော့ KG တန်းတက်မယ့် ကလေးတွေနဲ့ မိဘတွေ ဝီရိယကောင်းကောင်းနဲ့ မနက်အစောကြီးလာပြီး ကျောင်းလာအပ်တာကို ထူးခြားစွာတွေ့ရပါတယ်။ ဒါ့အပြင် ကလေးတွေကို စာသင်တာနဲ့မတူဘဲ သူတို့ရဲ့ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုဖြစ်စေမယ့် သင်ထောက်ကူပစ္စည်းတွေအသုံးပြုပြီး ကဗျာတွေရွတ်၊ ပုံပြင်လေးတွေပြောပြပြီး ပေါ့ပေါ့ပါးပါးလေးနဲ့ သင်ကြားပြသသွားမှာဖြစ်တဲ့အတွက် ဒီသင်ကြားမှုအပေါ် ဆရာတွေလည်း တက်ကြွနေသလို ကလေးတွေလည်း ထိရောက်တဲ့သင်ယူမှုကိုရရှိပြီး ပျော်ရွှင်နေမှာအမှန်ပါပဲ"ဟု ပြောသည်။

ယခုနှစ်တွင် အထူးတားမြစ်ထားသည့် ဆရာ ဆရာမများ ကျူရှင်မပြရေးနှင့် အခကြေးငွေ လက်ဆောင်ပစ္စည်းများ ရယူလက်ခံခြင်းမပြုရန် စည်းကမ်းချက်များနှင့် ပတ်သက်၍မူ ကျောင်းသားမိဘအချို့ကြား အမြင်မတူမှုများ ရှိနေသည်။

"ကျွန်တော်တို့လို ဝန်ထမ်းတွေကတော့ ဒီစည်းကမ်းချက်တွေကို ကြိုဆိုပါတယ်ဗျာ။ ခါတိုင်းနှစ်တွေဆို ကလေး နှစ်ယောက်အတွက် ကျူရှင်ခကို အမြဲခေါင်းခဲနေရတယ်။ မထားလို့လည်းမရဘူးလေ။ အတန်းပိုင်ကပြတာဆိုတော့ ကိုယ့်ကလေးတွေ မျက်နှာမငယ်ရအောင် ထားရတာပေါ့။ အခုတော့ စိတ်အေးသွားရပြီ။ ဒါပေမယ့် ဆရာ ဆရာမတွေဘက်ကိုလည်း ပြန်တွေးကြည့်တဲ့အခါမှာ ကျူရှင်မပြရတော့ ဘယ်လို ရပ်တည်ကြမလဲ။ ဆရာတွေထဲမှာ နာသုံးနာနဲ့လုပ်နေကြတဲ့ ဆရာတွေလည်း အများကြီးရှိပါတယ်။ ဒါကြောင့် သူတို့တွေရဲ့ရပ်တည်မှုအတွက်လည်း စဉ်းစားပေးဖို့တော့ လိုမယ်ထင်တယ်"ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သူ ကိုဝင်းမြင့်က ပြောသည်။

ယခု ပညာသင်နှစ်တွင် နိုင်ငံတော်အစိုးရက KG သူငယ်တန်းအတွက် ကျောင်းဝတ်စုံတစ်စုံ၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံစီ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးများ ကင်းလွတ်ခွင့်ပြုသည့်အပြင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံစီကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သဖြင့် အနာဂတ်ပညာရေးစနစ်မှာ ပိုမိုကောင်းမွန်လာပြီး ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ဓာတ်ပုံ-အောင်ရဲသွင်**



## ရေမီတာသုံး အိမ်တိုင်ရာရောက်ရေပေးရေးစနစ် ဆောင်ရွက်ထားမှု တွေ့ဆုံဆွေးနွေး

**မြိုင် မေ ၂၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဟတ်ချောက်ကျေးရွာ၌ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Unicef တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ထားသော ပြည်သူလူထုအခြေပြု ရေမီတာသုံး အိမ်တိုင်ရာရောက် ကျေးရွာရေပေးရေးစနစ်နှင့်ပတ်သက်၍ တွေ့ဆုံပွဲကို မေ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြည်သူလူထုအခြေပြု ရေမီတာသုံး အိမ်တိုင်ရာရောက် ကျေးရွာရေပေးရေးစနစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ Unicef (ယူနီဆက်)မှ တာဝန်ရှိသူ Mr.Simon Bibi က ကျေးရွာပြည်သူလူထုအနေဖြင့် ရေမီတာသုံး ရေပေးရေးစနစ်၏ အကျိုးကျေးဇူးများ၊ အားသာချက်၊ အားနည်းချက်များ၊ အဆင်မပြေမှုများ ရှိ မရှိ စသည့်အချက်များကို ကျေးရွာနေပြည်သူများအား မေးမြန်းကာ ပြည်သူများက သိရှိလိုသည်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့နောက် တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှူးက ပြည်သူများနှင့် Unicef တို့ ပူးပေါင်း၍ ပညာရေးဦးစီးဌာန အခြေခံပညာ အလယ်တန်းများတွင် ရေပေးဝေရေးဆောင်ရွက်ပေးထားခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဟတ်ချောက်ကျေးရွာ၌ ရေမီတာသုံး အိမ်တိုင်ရာရောက် ကျေးရွာရေပေးရေးစနစ်ဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူဦးရေတစ်ထောင်ကျော်အတွက် ရေပေးထားပြီး အခက်အခဲမရှိ ရေသုံးစွဲနိုင်ကြသဖြင့် ပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၁၃၅)

## မိုးစတင်ရွာသွန်း၍ ငါ့သရောက်မြို့နယ်မှတောင်သူများ သီးနှံများစတင်စိုက်ပျိုး

**ငါ့သရောက် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် မေလဒုတိယပတ်အတွင်းက မိုးဦးမိုးများ စတင် ရွာသွန်းခဲ့ပြီးနောက် ယခုအခါ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ တောင်သူများအနေဖြင့် သီးနှံများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။



မိုးရွာသွန်းမှုမှာ သုံးရက်ခန့်ကြာမြင့်ခဲ့ခြင်းကြောင့် တောင်သူများအတွက် သီးနှံများစိုက်ပျိုးရာတွင် စိတ်ကြိုက်စိုက်ပျိုးရသည့်အတွက် အဆင်ပြေကြောင်း တောင်သူများက ပြောသည်။ ငါ့သရောက်မြို့နယ် ဗြူကြီးကျေးရွာမှ တောင်သူတစ်ဦးက "ဒီနှစ် မိုးရွာတာနောက်ကျတဲ့အတွက် မြို့နယ်အတွင်းက တောင်သူတွေလည်း သီးနှံစိုက်ပျိုးရတာ နောက်ကျခဲ့ရပါတယ်။ ဒါပေမယ့် အခုမေလထဲမှာ ရွာတဲ့မိုးကလည်း တောင်သူတွေအတွက် စိတ်ကြိုက်သီးနှံ စိုက်ပျိုးလို့ရအောင် သုံးရက်ခန့်ကြာအောင်ကို ရွာခဲ့ပါတယ်။ ဒါ့ကြောင့် အခုဆိုရင် ကျွန်တော်တို့ ငါ့သရောက်မြို့နယ်က တောင်သူတွေ အပြိုင်အဆိုင် သီးနှံများ စိုက်ပျိုးနေကြပါပြီ"ဟု ပြောသည်။

ငါ့သရောက်မြို့နယ်အတွင်း အဓိက စိုက်ပျိုးသည့် သီးနှံမှာ မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံတို့ဖြစ်ပြီး နောက်ပိုင်း မိုးရွာသည့်အချိန်တွင် နွားစာအတွက် နှံစားပြောင်း၊ ပဲပိစပ်၊ ပဲနောက် စသည့် သီးနှံများကိုလည်း စိုက်ပျိုးကြသည့်အပြင် ဝင်ငွေတိုးအနေဖြင့် ပင်ထောင်ခရမ်းချဉ်ကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ငါ့သရောက်မြို့နယ်မှာ ယခုနှစ်နွေရာသီအတွင်း အယ်နီညိုရာသီ၏ အပူရှိန်ကြောင့် လူရော၊ တိရစ္ဆာန်များပါ အပူဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ရသလို ယခုနှစ်တွင် မိုးရွာချိန်မှာလည်း ပုံမှန်ထက်နောက်ကျခဲ့ကြောင်း၊ သို့သော် မိုးစတင်ရွာချိန်တွင် စိုက်ပျိုးရန်အတွက် လုံလောက်အောင် သုံးရက်ကြာ ရွာခဲ့သဖြင့် ယခုရွာသည့်မိုးဖြင့် စိုက်ပျိုးရာတွင် အဓိကသီးနှံများဖြစ်သော မြေပဲ၊ နှမ်းနှင့် ပဲစင်းငုံသီးနှံများမှ ကြိုက်ရာသီးနှံကို စိုက်ပျိုးနိုင်ကြပြီး တောင်သူများအဆင်ပြေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသားများအဆင်ပြေ

**စဉ့်ကိုင် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွာဘိုကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို မေ ၂၈ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်လင်း၊ စဉ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်ပညာရေးမှူး ဦးညွန့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ရွာဘိုကျေးရွာသည် စဉ့်ကိုင်မြို့နှင့် ခုနစ်မိုင်ကျော် အလှမ်းကွာဝေးသော ကျေးရွာဖြစ်ပြီး ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကင်းတုံ၊ မြို့ကုန်း၊ ရဲရွာသစ်၊ မကျီးကုန်း၊ ဒေါင်ကြီးကွေ့နှင့် ကံကြီးကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် လာရောက်ပညာသင်ကြားနေရသော ကျောင်းဖြစ်ရာ ယခုလို အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးသည့်အတွက် ကျောင်းသားများအတွက် အဆင်ပြေစေကြောင်း ရွာဘိုကျေးရွာမှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**


MTSH သီလဝါအထူးစီးပွားရေးဇုန်ရှိ လူနေဈေးဆိုင်ခန်း (Shop House) များ အရစ်ကျစနစ်ဖြင့် ရောင်းချမည့်အစီအစဉ် TPD Thilawa Property Development Ltd.

(၁၁ လ) လစဉ်အရစ်ကျ ငွေချေစနစ်

Type (A)
(က) လမ်းမအရှေ့ (၆၆၇၃.၆၂) စတုရန်းပေ အကျယ်အဝန်းရှိ (၄) ထပ်မြင့် လူနေဆိုင်ခန်း (၁၄)ခန်း။
(ခ) လမ်းမအနောက် (၆၆၇၃.၆၂) စတုရန်းပေ အကျယ်အဝန်းရှိ (၄) ထပ်မြင့် လူနေဆိုင်ခန်း (၁၄)ခန်း။
Type (B)
(က) လမ်းမအရှေ့ (၆၀၆၀.၀၈) စတုရန်းပေ အကျယ်အဝန်းရှိ (၃) ထပ်ခွဲ မြင့် လူနေဆိုင်ခန်း (၁၄)ခန်း။
(ခ) လမ်းမအနောက် (၆၀၆၀.၀၈) စတုရန်းပေ အကျယ်အဝန်းရှိ (၃) ထပ်ခွဲ မြင့် လူနေဆိုင်ခန်း (၁၄)ခန်း။




ပထမဆုံး ဝယ်ယူသည့်လူနေဆိုင်ခန်း (၂၈) ခန်းအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။

မြန်မာ - ဂျပန် ပူးပေါင်း တည်ဆောက်အကောင်အထည်ဖော်နေသည့် သီလဝါအထူးစီးပွားရေးဇုန်၏ လိုအပ်ချက်ကို အဘက်ဘက်မှ ပံ့ပိုးနိုင်ရန် (၃၅)ဟက်တာ ကျယ်ဝန်းသည့် Residential & Commercial Area အတွင်းရှိ လူနေဈေးဆိုင်ခန်း (Shop House) များတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရန် စိတ်ပါဝင်စားသူ မည်သူမဆို (နိုင်ငံခြားသားအပါအဝင်) လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

Sales & Markteting Department
Thilawa Property Development Ltd.

Roof Top Floor - အမှတ်(၂၉)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း +၉၅-၉၇၅၆၀၅၂၁၂၊ ၇၈၀၇၆၄၄၈၃၊ +၉၅-၁-၂၃၀၁၇၇၂၊ ၂၃၀၁၇၇၃ E-mail : sales.mtsh@gmail.com, hlathandarwai.mtsh@gmail.com

## ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး
## တောင်ကြီးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) ကျောက်မဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁)လုံး
(ခ) ကွန်ဟိန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁)လုံး
(ဂ) ပင်းတယမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁)လုံး
(ဃ) ပင်လောင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁)လုံး
(င) မိုးနဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁)လုံး
(စ) လင်းခေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁)လုံး
(ဆ) ဟိုပုံးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် မူရင်းအဆိုပြုလွှာပုံစံဖြင့်သာ တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ရက်မှ ၁၀-၆-၂၀၁၆ ရက်အထိ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၆-၂၀၁၆ ရက်

**ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး**
**ဖုန်း-၀၈၁-၂၁၂၁၃၂၁**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်းမှစက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)အနီး ဇေယျာဌာနီလမ်း၊ နေပြည်တော်ရှိ မြေဝဒသမဝဇဇကေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား ပုဂ္ဂလိကသို့ (၃)နှစ်ငှားရမ်းရေး ဆောင်ရွက်မည်ဖြစ်ပါသည်။
၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ နေရာ** - ၃၀-၅-၂၀၁၆ရက် (တနင်္လာနေ့)၊ ရုံး(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း အုပ်ချုပ်ရေးဌာန
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၆-၂၀၁၆ ရက် (သောကြာနေ့)၊ ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - အကြောင်းပြန်ကြားသွားပါမည်
(ဃ) **တင်ဒါတင်သွင်းမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ နေပြည်တော်
၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များဖြင့် စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၀၆၇-၄၀၈၀၇၆၊ ၀၆၇-၄၀၈၃၉၂**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး-မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန် လိုအပ်သော (FDA) ခွင့်ပြုချက်ပါသော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၆ ရက်
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - ၁-၇-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင်(၅၅၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၂၄၉၁၆၊ ၂၄၉၁၇**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## ဝန်ကြီးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၄၂)၊ ဝန်ကြီးရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) ရုံးအမှတ်(၄၂)တွင် 11/0.4 KV (315)KVA ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊
(ခ) ရုံးအမှတ်(၄၂)တွင် ပေါက်ပြဲ (400)V Cable လဲလှယ်ခြင်း၊
(ဂ) ရုံးအမှတ်(၄၂)တွင် ရုံးတွင်း လျှပ်စစ်ဝိုင်ယာမီးလိုင်းများအသစ်ပြန်လည်တပ်ဆင်ခြင်း
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၅-၂၀၁၆ ရက်တွင် စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုသော အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၉၅၁၆ တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီး
## မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး၊ မန္တလေးမြို့သည် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို ပထမအကြိမ် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။
၂။ **တင်ဒါလျှောက်လွှာများစတင် ရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၇-၆-၂၀၁၆ရက် (တနင်္လာနေ့ ညနေ ၄း၀၀နာရီ)
၃။ လိုအပ်သော တင်ဒါစည်းမျဉ်းနှင့် ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

**မနနလ-ဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## ထားဝယ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**ရက်စွဲ ၂၀၁၆ခုနှစ် မေလ ၂၅ရက်**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၌ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ အကြီးစား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို လုပ်ငန်းခွင့်ပြုငွေ(ကျပ်သိန်း ၂၀၀) ဖြင့် ဆောင်ရွက်ရန်ရှိပါသည်။
၂။ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ အကြီးစားမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရာတွင် သတ်မှတ်ချက်များမှာအောက်ပါ အတိုင်းဖြစ်ပါသည်-
(က) **အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ရက် နံနက်၁၁း၀၀နာရီ
**အိတ်ဖွင့်တင်ဒါ အရောင်းပိတ်မည့်ရက်** - ၁၀-၆-၂၀၁၆ရက် ညနေ ၄း၀၀နာရီတိတိ
(ခ) **အိတ်ဖွင့်တင်ဒါ စတင်တင်သွင်းရမည့်ရက်** - ၂၀-၆-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
**အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နောက်ဆုံးရက်** - ၂၄-၆-၂၀၁၆ရက် ညနေ ၄း၀၀နာရီတိတိ
(ဂ) **အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာမည့်ရက်** - ၁-၇-၂၀၁၆ရက် မွန်းလွဲ ၂နာရီ
(ဃ) ဆောင်ရွက်မည့်နေရာမှာ တိုင်းဒေသကြီးဥပဒေချုပ်ရုံး ထားဝယ်မြို့၌ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာနှင့်အတူ ရောင်းချပေးမည်ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ်နှစ်ထောင်နှုန်းဖြင့် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ထားဝယ်မြို့တွင်ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ထားဝယ်မြို့(ရုံးဖုန်း- ၀၅၉-၂၃၆၆၃)သို့ ဆက်သွယ်စုံစမ်းခြင်း၊ လူကိုယ်တိုင်လာရောက် မေးမြန်းခြင်းများ ပြုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**
**တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ထားဝယ်မြို့**

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားအထူးအဖွဲ့(၄)
## တည်ဆောက်ရေးပစ္စည်း(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁)၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄) မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) မန္တလေးခရိုင်ရှိ ဒုဋ္ဌဝတီတံတား (ရွှေစာရံ)၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ရမည်းသင်းခရိုင်ရှိ တံတားအမှတ်(၁/၁၁၄)၊ ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင်လမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဗျူး)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ တံတားအမှတ်(၁/၃၉) ရွှေပန်းကုံးတံတား၊ JICA(ODA) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ မူးမြစ်ကူးတံတား(သမရိုး) တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော Ready Mixed Concrete၊ ဘိလပ်မြေသံချောင်းလုံး(ရှယ်စုံ)၊ တောသစ်(ရှယ်စုံ)၊ ခွဲကျောက်၊ မြေဖယောင်း၊ ဒီဇယ်ဆီများပေးသွင်းခြင်းနှင့် Working Brage များ သယ်ယူရွှေ့ပြောင်းခြင်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်။

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိတံတားများ**
**တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၃၁-၅-၂၀၁၆ ရက်
**တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၃-၆-၂၀၁၆ရက်၊ ၁၀း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၃-၆-၂၀၁၆ ရက်၊ ၁၁း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိတံတားများ**
**တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၃၁-၅-၂၀၁၆ ရက်
**တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၆-၆-၂၀၁၆ ရက်၊ ၁၀း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၆-၆-၂၀၁၆ ရက်၊ ၁၁း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ရွှေဘိုခရိုင်

(ခ) မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများအတွက် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။
(ဂ) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းများအတွက် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့နှင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ရွှေဘိုခရိုင်တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၄)**
**ဖုန်း-၀၂-၃၉၁၁၇၊ ၀၉-၇၈၁၃၀၀၄၀၉၊ ၀၉-၅၁၃၉၃၅၁၊ ၀၉-၅၃၂၁၈၃၈၊ ၀၉-၇၇၇၅၅၇၉၄၈၊**
**ရွှေဘိုခရိုင်ရုံး ဖုန်း-၀၇၅-၂၁၀၀၇-၂၂၉၃၇**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်၊ ၀၆/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၆-၂၀၁၇**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်းအတွက် နိုင်ငံခြားပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ရက်၊ ၀၉း၀၀နာရီ
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၈-၆-၂၀၁၆ရက်၊ ၁၂း၀၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၈-၆-၂၀၁၆ရက်၊ ၁၂း၀၀နာရီ
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ပစ္စည်းဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊ ဖက်စ်-၀၆၇-၈၁၀၄၁၉၁**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ
# ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၁၅ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၆ခုနှစ် မတ် ၃၁ရက် အထိဖြစ်သည့် ဝင်ငွေနှစ်အတွင်း ရရှိသော ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်မှုခံယူရမည့် ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းသမဝါယမအသင်း၊ ယင်းအသင်းနှင့် စုပေါင်းလယ်ယာအဖွဲ့များ၊ တစ်ဦးချင်းပုဂ္ဂိုလ်(လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူမပါ)၊ တစ်ဦးချင်း ပုဂ္ဂိုလ်တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း (သို့မဟုတ်)အသင်းအဖွဲ့တို့သည် လည်းကောင်း၊ ဝင်ငွေကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ဝင်ငွေကြေညာလွှာ၏ မှတ်ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်)အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးရှိ အခွန်ထမ်းကြီးများအနေဖြင့် ကိုယ်တိုင်အခွန်တွက်ချက်စည်းကြပ်၍ ဝင်ငွေကြေညာလွှာများကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ ဝင်ငွေကြေညာလွှာတင်သွင်းရာတွင် ကြေညာလွှာတွင် ပူးတွဲပါရှိသောညွှန်ကြားချက်များကို သေချာစွာ ဖတ်ရှုလိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး နှစ်ချုပ်ရှင်းတမ်းတင်သွင်းရန် မလိုအပ်ပါ။

၃။ ဝင်ငွေနှစ်အတွင်း လစာခေါင်းစဉ်မှသာ ဝင်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပေးပို့ရန် မလိုအပ်ပါ။ သို့ရာတွင် အလုပ်ရှင်သည် ထိုသူများအတွက် လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရန်လိုအပ်ပါသည်။

၄။ **ကြေညာလွှာနှင့်အတူ ပူးတွဲတင်ပြရန်**
အခွန်ထမ်း၏စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်စည်းမျဉ်းအရ ထားရှိရမည့် စာရင်းများအပါအဝင်ဖြစ်သော သက်ဆိုင်ရာဝင်ငွေနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့် ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

၅။ **ပေးပို့ရမည့် နောက်ဆုံးရက်**
၂၀၁၆ခုနှစ် ဇွန် ၃၀ရက် (ကြာသပတေးနေ့)

၆။ **ဝင်ငွေကြေညာလွှာတင်သွင်းရန် ပျက်ကွက်မှုအတွက်ပြစ်ဒဏ်**
ပေးဆောင်ရမည့်အခွန်အပြင် ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်ပါသည်။

၇။ **ကြေညာလွှာပုံစံနှင့် လစာနှစ်ချုပ်ပုံစံရယူရန်**
ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃) (သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး website ဖြစ်သည့် http://www.irdmyanmar.gov.mm မှလည်း ရယူနိုင်ပါသည်။

၈။ **စုံစမ်းရန်**
မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊ (၃)(သို့မဟုတ်)အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) (မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၉/မမ/CE | - လုပ်ငန်းသုံးစက်ပစ္စည်း(၂)မျိုး ဝယ်ယူရန် (Rail Cutting Machine-10 Nos ,Rail Drilling Machine -10 Nos) |
| ၂ | ၂၀/မမ/S&T | - အချက်ပြနှင့်ဆက်သွယ်ရေးသုံးပစ္စည်း(၅၄)မျိုး ဝယ်ယူရန် (LED Card, Telephone Drop Wire,VHF,UHF Transceiver, Solar Panel, Diesel Generator, 660 V Transformer, Battery Charger, GI Wire, Steel Wire, Signal Post ,Air Con; UG Cable, CCTV Welding Machine, ရုံးသုံးစက်ကိရိယာများအပါအဝင်လုပ်ငန်းသုံးပစ္စ ည်းများ) |
| ၃ | ၂၁/မမ/S&T | - ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း(၈)မျိုး ဝယ်ယူရန် ( Net Work Interface Card ,OTDR, Splicer အပါအဝင် ဆက်သွယ်ရေး Card များ) |
| ၄ | ၂၂/မမ/S&T | - ဆက်သွယ်ရေးလုပ်ငန်းသုံးလျှပ်စစ်ပစ္စည်း(၁၁)မျိုး ဝယ်ယူရန် ( LED Signal Bulb Current Control , Inverter, DC-DC Converder အပါအဝင် လုပ်ငန်းသုံးပစ္စ ည်းများ ) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၃၀.၆.၂၀၁၆ ( ကြာသပတေးနေ့ ) (၁၄ . ၃၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၀.၅.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ရေယာဉ်များအား ကာလတန်ဖိုးသတ်မှတ်ခြင်းနှင့် ပတ်သက်၍ အသိပေးကြေညာချက်

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ရေယာဉ်များအား ကာလတန်ဖိုးသတ်မှတ်၍ အခွန်စည်းကြပ်ခြင်းကိစ္စအား ယခင်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဆောင်ရွက်ပေးလျက်ရှိရာမှ တန်ဖိုးသတ်မှတ်ရန် လာရောက်သူများ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ၁-၆-၂၀၁၆ရက်မှစတင်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ရေယာဉ်များအား ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်း၊ အခွန်စည်းကြပ်မှုခံယူခြင်းများကို မိမိတို့နှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ

**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် နှစ်ချုပ်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း**

၁။ ၂၀၁၅ ခုနှစ် ဧပြီလ ၁ရက်မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေသို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်)အသင်း၊ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့်ဖက်စပ်လုပ်ငန်းများအပါအဝင် မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ(သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန်အသိပေး နှိုးဆော်အပ်ပါသည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း
(ခ) ကုန်စည်တင်သွင်းခြင်း
(ဂ) ကုန်သွယ်မှုဆောင်ရွက်ခြင်း
(ဃ) ဝန်ဆောင်မှုဆောင်ရွက်ခြင်း

၂။ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှအပ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက်အခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း၂၀၀တိတိ၊
(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀တိတိ၊
(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

၃။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၁၆ ခုနှစ် ဇွန် ၃၀ရက် (ကြာသပတေးနေ့)

၄။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်။** လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသောအချိန်အတွင်း ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ပါက စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ **ကြေညာလွှာပုံစံရယူရန်။** ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်သည့်အပြင် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဌာနသုံး website ဖြစ်သည့် http// www. irdmyanmar. gov.mm မှလည်း ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်။** မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးမှူးရုံး (သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (သို့မဟုတ်) အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit)(မန္တလေး)၊ ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ မန္တလေးတိုင်းဒေသကြီးတို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး**
**အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4I/3131၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ၄/၂၀၁၆-၂၀၁၇ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှစက်မှုကုန်ကြမ်း သစ်လုံး/ သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၁-၆-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၀၉း၃၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး(၂၇၄)တန်ခန့်၊ သစ်မာသစ်လုံး (၁၀၃၁၅)တန်ခန့်၊ ကျွန်းခွဲသား(၁၁)တန်ခန့်၊ သစ်မာခွဲသား(၃၄)တန်ခန့်(ပိတောက်သစ်များ ပါဝင်ပါသည်။)
(ဂ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်) မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း websiteဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

## ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များအား ကနဦး ယာဉ်မှတ်ပုံတင်ဆောင်ရွက်ချိန်တွင် ကြိုတင်ဝင်ငွေခွန်ကောက်ခံမည့် လုပ်နည်းအစီအစဉ်အား ကြိုတင်ရှင်းလင်းအသိပေးကြေညာခြင်း

- ၁-၆-၂၀၁၆ရက်တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ ကနဦးယာဉ်မှတ်ပုံတင်ပြုလုပ်သော ယာဉ်များအားလုံး (Show Room/ Sale Centre တွင် ရောင်းချသည့်ကားများအပါအဝင်)သည် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ခြင်းအား ဆောင်ရွက်ရမည် ဖြစ်ပါသည်။
  [ယခင် ၁၂-၅-၂၀၁၆ရက်နှင့် ၁၃-၅-၂၀၁၆ရက်များတွင် သတင်းစာများ၌ အသိပေးကြေညာချက်ပါ ကြိုတင်ဝင်ငွေခွန် ပေးဆောင်ရန်မလိုသည့် မော်တော်ယာဉ်အမျိုးအစား(၈)မျိုးမှအပ]
- ပြည်ပမှတင်သွင်းသည့် ယာဉ်များအနေဖြင့် ၁-၆-၂၀၁၆ရက်မှစတင်၍ ဆိပ်ကမ်းတွင် မော်တော်ယာဉ်များအား ထုတ်ယူစဉ် အကောက်ခွန်ဆိုင်ရာကိစ္စများ ရှင်းလင်းဆောင်ရွက်ပြီးပါက အမှတ်(၆၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးတွင် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရပါမည်။
- ပြည်တွင်းထုတ် မော်တော်ယာဉ်များအားလုံးသည် ယခင်အတိုင်း တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများရှိ မော်တော်ယာဉ်တန်ဖိုးဖြတ်ရုံးများတွင် တန်ဖိုးဖြတ်မှုခံယူပြီး ကျသင့်အခွန်ပေးသွင်း၍ ပုံစံထုတ်ယူနိုင်ပါသည်။
- နယ်စပ်ကုန်သွယ်ရေးအစီအစဉ်ဖြင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းလာသော လုပ်ငန်းသုံးမော်တော်ယာဉ်များအနေဖြင့် ယခင်အတိုင်း ကြိုတင်ဝင်ငွေခွန် ၂%အား သက်ဆိုင်ရာOne Stop Service အဖွဲ့ရုံးများတွင် ပေးသွင်းရမည်ဖြစ်ပါသည်။
- ကြိုတင်ဝင်ငွေခွန်ကောက်ခံပြီးပါက လုံခြုံရေးအဆင့်သတ်မှတ်ထားသော သတ်မှတ်ပုံစံအား ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ဆက်လက်၍ ယာဉ်မှတ်ပုံတင်ပြုလုပ်ရန်ဖြစ်ပါသည်။
- ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရာ၌ အောက်ဖော်ပြပါ စာရွက်စာတမ်းများတင်ပြရန် လိုအပ်ပါသည်-
  (က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးသော သွင်းကုန်ပါမစ် (Import Permit)/သွင်းကုန်လိုင်စင် (Import Licence)(မူရင်း၊ မိတ္တူ)
  (ခ) အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ကြေညာလွှာ (Import Declaration Form)(မူရင်း၊ မိတ္တူ)
- မရှင်းလင်းသည့် ကိစ္စရပ်များ၊ အကြံပြုရန်ကိစ္စရပ်များရှိပါက နေပြည်တော်ရှိ အောက်ဖော်ပြပါ ဖုန်းအမှတ်များနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
  - ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ(ဖုန်း-၀၆၇-၄၃၀၀၀၉)

**ပြည်တွင်းအခွန်များဦးစီးဌာန**

## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်
## အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်၏ အသင်းသားစုံညီ အစည်းအဝေးအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ပြောင်းလဲကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက် တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၄-၆-၂၀၁၆ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီ
**ကျင်းပမည့်နေရာ** - IBC၊ ပြည်လမ်း၊ ဗိမိုင်ခွဲ၊ ရန်ကုန်

၂။ အသင်းဝင်များအနေဖြင့် လိုအပ်ပါက ဆန္ဒမဲပေးနိုင်ရေးအတွက် နောက်ဆုံးအရစ် နှစ်စဉ်ကြေးများအား ပေးသွင်းကြပါရန်နှင့် စာရင်းရှင်းလင်းရန်ရှိသည့် အသင်းသားများအနေဖြင့်လည်း အသင်းချုပ်သို့ ဆက်သွယ် စာရင်းရှင်းလင်းပေးနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**

**မွေးသက္ကရာဇ်အမှန်နှင့် မှတ်ပုံတင်နံပါတ်အမှန်**

ဝိုင်းမော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မသီဂီစိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၅-၂၀၀၁ ဖြစ်ပြီး ဖခင်ဦးကြည်စိုး၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၁/ဝမန(နိုင်) ၀၅၄၇၃၆ဖြစ်ပါသည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/3635၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

## အမည်မှန်

ဦးဝေဖြိုးအောင် ၅/ရဥန(နိုင်)၀၇၀၃၁၁၏သား ရေဦးမြို့၊ အထက(၁) ပထမတန်းအောင်မှ မောင်အောင်ဘုန်းမြင့်၏ အမည်မှန်မှာ မောင်အောင်ကောင်းခန့် ဖြစ်ပါကြောင်း။

**မောင်အောင်ကောင်းခန့်**

## ဆေးဝါးသုံးတိရစ္ဆာန်အစားအစာ(၅)မျိုး အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | မြင်းစာတောင့်(၃၀ ကီလိုဝင်) | ၄၂၃၀ အိတ် |
| (ခ) | ကုလားပဲ | ၁၈၈၁ တင်း |
| (ဂ) | ဂျုံဖွဲကြမ်း | ၁၉၈ တန် |
| (ဃ) | အစေ့ထုတ်ပြောင်း | ၃၃၆၄ တင်း |
| (င) | ဆန်ကွဲ | ၈၈၇ တင်း |

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၆-၆-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန (ရန်ပယ်)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန (ဟဲဟိုး)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ ဈေးနှုန်းစိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်

၅။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၃၈၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
## ဟားခါးဌာနခွဲ၊ ချင်းပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန၊ ဟားခါးဌာနခွဲ၊ ဟားခါးမြို့တွင် (၄) ခန်းတွဲ R.C (၁)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများကို မြန်မာကျပ်ငွေဖြင့် တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

အလျား ၈၀'×အနံ ၄၆'-၆" × အမြင့် ၁၀' R.C (၁)ထပ်တစ်လုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂၃-၅-၂၀၁၆ရက်မှ ၂၇-၅-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၆-၂၀၁၆ ရက် ၁၆း၃၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်** - ၉-၆-၂၀၁၆ ရက် ၁၄း၀၀ နာရီ

၅။ အသေးစိတ်စုံစမ်းရန် -ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဟားခါးမြို့၊ ချင်းပြည်နယ် ဖုန်း-၀၇၀-၂၁၀၀၈

**တင်ဒါခေါ်ယူရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါလုပ်ငန်းသုံးနှင့် ရုံးသုံးစက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

| Lot No | အမျိုးအမည် | အရေအတွက် |
|---|---|---|
| Lot-1 | 6 3/4" Ø Wing Bit | 5 Nos |
| | 6 3/4" Ø Tri-cone Bit | 5 Nos |
| | 8 5/8" Ø Wing Bit | 10 Nos |
| | 8 5/8" Ø Tri-cone Bit | 10 Nos |
| | DTH Penetration Bit | 2 Nos |
| Lot-2 | 3 1/2" Drill Rod | 100 Nos |
| Lot-3 | BQ Pipe(Air Lifting Pipe)3m | 100 Nos |
| Lot-4 | Bore Hole Camera (R Cam 1000 XS) | 1 Set |
| Lot-5 | Air Comperssor(310 CFM) | 2 Sets |
| Lot-6 | Water Purification Vehicle (75000L/day) | 1 No |
| Lot-7 | Logging Instrument | 1 Set |
| Lot-8 | Level Instrument | 90 Nos |
| Lot-9 | Dynamic Cone Penetrator | 292 Nos |
| Lot-10 | Instrument of Global Positioning System | 67 Nos |
